## UWSP/UWSA သို့မဟုတ် ဝ ဒေသ ဝ တပ်ဖွဲ့

ဝ ဒေသသည်ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်း၌ရှိပြီး တောင်တောင်ထူထပ်သည့် အပြင် အင်္ဂလိပ်ကိုလိုနီခေတ်ကာလကပင် အုပ်ချုပ်ရေးအာဏာမသက်ရောက်ခဲ့ သည့်ဒေသဖြစ်သည်။ လွတ်လပ်ရေးရပြီးကာလမှာလည်း ဝ ဒေသသို့ ပြည်မအစိုးရ ဩဇာအာဏာသက်ရောက်မှုမရှိခဲ့ပေ။ ၁၉၅၀ နောက်ပိုင်း တရုတ်ပြည်မှ စစ်ရှုံးပြီး ဝင်ရောက်လာသည့် ကူမင်တန်တပ်များနှင့် နယ်ခံကာကွယ်ရေးတပ်များ၏ ဗိုလ်ကျမှုကို ခုခံတိုက်ခိုက်သည့် ဝ လယ်သမားသူပုန်အဖွဲ့များသည် ၁၉၆၆ ဝန်းကျင်မှစ၍ ဝ ဒေသတွင်ပေါ်ပေါက်ခဲ့သည်။ ထိုလယ်သမားပြောက်ကျားတပ်ဖွဲ့များတွင် ခွင်းမားဒေသမှ ပေါက်ယိုချမ်း၊ ပေါက်စမ်ပန်းတို့ဦးစီးသည့် ပြောက်ကျားတပ်၊ အိုက်ချိန်ဒေသမှ အိုက်ခိန်း၊ အိုက်ခလုံးတို့ဦးစီးသည့် ပြောက်ကျားတပ်၊ ပန်ဝိုင်ဒေသမှ ကျောက်ညီလိုင်ဦးစီးသည့် ပြောက်ကျားတပ်၊ ဟူစွမ်ဒေသမှ လူရှင်းကော့ဦးစီးသည့် ပြောက်ကျားတပ်တို့မှာထင်ရှားသည်။

၁၉၆၈ ခုနှစ် နှစ်တန်း ဗမာပြည်ကွန်မြူနစ်ပါတီတပ်ဖွဲ့များ အရှေ့မြောက်နယ်စပ်သို့ဝင်ရောက်လာသည့်နောက်တွင် ဝ လယ်သမားပြောက်ကျား တပ်ဖွဲ့များအား စည်းရုံးသိမ်းသွင်းခဲ့သည်။ အဆိုပါ ဝ လယ်သမားပြောက်ကျားခေါင်းဆောင်များမှတဆင့် ဝ လူထုအားစည်းရုံး သိမ်းသွင်းနိုင်ခဲ့ပြီး ဗမာပြည်ကွန်မြူနစ်ပါတီထဲတွင် အင်အားကောင်းသော တိုက်ရည်ခိုက်ရည်ရှိသော ဝ တပ်ဖွဲ့ပေါ်ထွက်လာခဲ့ပြီး ဝ ဒေသအများစုကို လွတ်မြောက်စေနိုင်ခဲ့သည်။ ၁၉၈၉ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် ဝ ခေါင်းဆောင် ကျောက်ညီလိုင် နှင့် ပေါက်ယိုချမ်းတို့ဦးစီးသည့် ဝ တပ်ဖွဲ့သည် ဗမာပြည်ကွန်မြူနစ်ပါတီမှ ပုန်ကန်ခွဲထွက်ပြီး UWSP/UWSA ဝ ပြည်သွေးစည်းညီညွတ်ရေးပါတီ/ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်အဖြစ် ရပ်တည်ခဲ့သည်။ ထို့နောက် နဝတ အစိုးရနှင့် ငြိမ်းချမ်းရေးယူခဲ့ပြီး နဝတ က ရှမ်းအထူးဒေသ ၂ အဖြစ် သတ်မှတ်ပေးခဲ့သည်။ လက်ရှိ UWSP/UWSA တပ်ဖွဲ့အနေနှင့်ရပ်တည်ခဲ့သည်မှာ ၃၂ နှစ်ရှိခဲ့ပြီ ဖြစ်ပြီး လယ်သမားပြောက်ကျားသူပုန်၊ ဗမာပြည်ပြည်ကွန်မြူနစ်ပါတီကာလများကထဲက တွက်လျင် ၅၅ နှစ်ခန့်လက်နက်ကိုင်သက်တမ်းရှိပြီဖြစ်သည်။

**ခေါင်းဆောင်မှု**

UWSP သည် ဝ ဒေသ၏ အဓိကခေါင်းဆောင်မှုဖြစ်သည်။ UWSPအား အဓိကခေါင်းဆောင်သည် ဗဟိုနိုင်ငံရေးဦးဆောင်အဖွဲ့ အမြဲတမ်းကော်မတီဖြစ်ပြီး လက်ရှိတွင် အဖွဲ့ဝင် ၈ ဦးရှိသည်။

၁။ ဦးပေါက်ယိုချမ်း အထွေထွေ အတွင်းရေးမှူး
၂။ ဦးရှောက်မင်လျို။ ဒုအထွေထွေအတွင်းရေးမှူး
၃။ ဦးကျောက်ကျုံးတန်း
၄။ ဦးဝေရှောက်ကမ်း ခေါ် ဦးစိန်ဝင်း
၅။ ဦးကျောက်ကော့အန်း
၆။ ဦးပေါက်ယိုလျို
၇။ ဦးဝေရှောက်လျို ခေါ် အိုက်လောင်း
၈။ ဦးပေါက်ယိုရိ ဒုအထွေထွေအတွင်းရေးမှူးတို့ဖြစ်သည်။

၎င်းအမြဲတမ်းကော်မတီအောက်တွင် ဗဟိုကော်မတီဝင် ၁၈ ဦး၊ အရံဗဟိုကော်မတီဝင် ၂၁ ဦး ပါဝင်သည့် ဗဟိုကော်မတီရှိသည်။

**နိုင်ငံရေးဌာန**

ဌာနကြီးမှူး ကျောက်အိုက်နပ်လိုင်
ဒုဌာနကြီးမှူး ညီကျော်
ဘဏ္ဍာရေးဌာန
ဌာနကြီးမှူး ပေါက်ယိုလျို
ဒုဌာနကြီးမှူး ပေါက်ကျင်ဖုန်း
ဒုဌာနကြီးမှူး. ပေါက်ဆမ်ဆွဲ
ပြင်ပဆက်ဆံရေးဌာန
ဌာနကြီးမှူး ကျောက်ကော့အန်း
ဒုဌာနကြီးမှူး ပေါက်ဆမ်ခွန်

UWSP အောက်တွင် ဝ ပြည်နယ်ပြည်သူ့အစိုးရနှင့် UWSA ကို ဖွဲ့စည်းထားရှိသည်။

## ဝ ပြည်နယ် ပြည်သူ့အစိုးရ

ဥက္ကဋ္ဌ ဦးပေါက်ယိုချမ်း
ဒုဥက္ကဋ္ဌ ဦးရှောက်မင်လျံ
ဒုဥက္ကဋ္ဌ ဦးကျော်ကော့အန်း
ဒုဥက္ကဋ္ဌ ဦးပေါက်ယိုလျံ
ပြည်သူ့အစိုးရအောက်တွင် အုပ်ချုပ်ရေး၊ ပညာရေး၊ကျန်းမာရေး၊ ရုပ်သံလွှင့်ဌာန၊ ဆောက်လုပ်ရေးဌာန၊ ဆည်မြောင်းဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဌာန၊ လျှပ်စစ်ဌာန၊ တိုင်းရင်း သားနှင့်သာသနာရေးဌာန၊ သတ္တုတွင်း၊ ဟိုတယ်လုပ်ငန်း၊ စည်ပင်၊ ရဲဌာန စသည့် ဌာနများဖွင့်လှစ်ထားရှိပြီး အုပ်ချုပ်ရေးလုပ်ငန်း များကိုဆောင်ရွက်သည်။ ဌာနများကို ဌာနကြီးမှူးများက တာဝန်ယူသည်။

## ဝ ဒေသ အုပ်ချုပ်ဖွဲ့စည်းမှု

မူလ "ဝ" ဒေသ ပန်ဆန်း( ပန်ခမ်း) တွင် UWSP/UWSA ဌာနချုပ် ထားရှိသည်။ မူလ ဝ ဒေသအား ဝ နယ်မြောက်ပိုင်းဟုလည်းခေါ်ကြသည်။ ဝ မြောက်ပိုင်းအား ခရိုင် ၃ ခုနှင့် အထူးမြို့နယ် ၂ ခုဖြင့်ဖွဲ့စည်းထားရှိသည်။ ၎င်းတို့မှာအောက်ပါအတိုင်းဖြစ်သည်။
၁။ မိုင်းမောခရိုင်
၂။ မိုင်းလင်းခရိုင် (ဝိန်းကောင်)
၃။ မိုင်းပေါက်ခရိုင်
၄။ ပန်ခမ်း( ပန်ဆန်း) အထူးမြို့နယ်
၅။ နမ့်တစ်အထူးမြို့နယ် တို့ဖြစ်သည်။
မိုင်းမောခရိုင်သည် ဝ နယ်မြောက်ပိုင်းဖြစ်ပြီး မြို့ နယ် ၁၁ မြို့ နယ် ထည့်သွင်းဖွဲ့ စည်းထားသည်။ မိုင်းမောခရိုင်တွင်းရှိ မြို့ နယ်များမှာ
၁။မိုင်းမောမြို့နယ်
၂။ ယင်းဖန်မြို့နယ်
၃။ အိုက်ချင်မြို့ နယ်
၄။ ဝမ်လင်မြို့ နယ်
၅။ နောင်ငစ်(လုံထန်) မြို့နယ်
၆။ တုံမားမြို့ နယ်

၇။ ပန်ဝိုင်မြို့နယ်
၈။ လင်ဟော်(မွေရိုက်) မြို့နယ်
၉။ မန်တုံမြို့နယ်
၁၀။ ကလုံပါမြို့နယ်
၁၁။ နာဝီးမြို့နယ် တို့ဖြစ်သည်။

မိုင်းမောခရိုင်အတွင်း မြို့ နယ် ၁၁ မြို့နယ်၊ ကျေးရွာအုပ်စု ၉၈ အုပ်စု၊ ကျေးရွာပေါင်း ၇၄၀ လူဦးရေ ၂ သိန်း ၉သောင်းခန်းရှိပြီး လူဦးရေ၏၉၅% မှာ ဝ လူမျိုးများဖြစ်ကြသည်။ မိုင်းမောခရိုင် မြောက်ဖက် နှင့်အရှေ့ ဖက်တွင် တရုတ်ပြည်နှင့် နယ်နမိတ်ချင်းဆက်စပ်နေပြီး အနောက်ဖက်တွင် သံလွင်မြစ်နှင့် တပ်မတော်ထိမ်းချုပ်ထားသည့် ဟိုပန်၊ ပန်လုံ ဒေသရှိသည်။ မိုင်းလင်းခရိုင်သည် ဝိန်းကောင်၌ အခြေပြု၍ ဝ ဒေသ၏ အလယ်ပိုင်းဖြစ်သည်။ မြို့ နယ် ၅ မြို့ နယ်ပါဝင်ဖွဲ့စည်းထားသည်။
၁။ နမ့်ခမ်းဦးမြို့နယ်
၂။ နောင်ခေတ်မြို့နယ်
၃။ မန်းရှန်မြို့နယ်
၄။ နားကောင်မြို့ နယ်
၅။ ပန်ယန်းမြို့နယ် တို့ဖြစ်ကြသည်။
မိုင်းလင်းခရိုင်ရုံးအား ဝိန်းကောင်တွင်အခြေစိုက်သည်။ မပြည့်
စုံသေးသောစာရင်းအရ မိုင်းလင်းခရိုင်အတွင်း ကျေးရွာအုပ်စု ၂၂ စု၊ ကျေးရွာ ၃၀၀ ခန့်ရှိပြီ လူဦးရေ ၉ သောင်းခန့်ရှိသည်။ မန်မန်းဆိုင်၏ အနောက်ဖက် သံလွင်မြစ်တလျောက်တွင် အစိုးရထိမ်းချုပ်ထားသည့် တန့်ယန့်မြို့ နယ်နှင့် ၎င်း၊ အနောက်မြောက်ဖက်တွင် မက်မန်းမြို့ နယ် မော်ဖါဒေသနှင့်၎င်း ဆက်စပ်နေသည်။

## မိုင်းပေါက်ခရိုင်

၁။ မိုင်းပေါက်မြို့နယ်
၂။ ဟိုတောင်းမြို့နယ်
၃။ မိုင်းဖျင်မြို့နယ်
၄။ မိုင်းကာမြို့နယ်
၅။ မိုင်းငင်းမြို့နယ်

**၆။ စီစစ်ဆဲ**

မိုင်းပေါက်ခရိုင်သည် အထက်တွင်ဖေါ်ပြထားသကဲ့သို့ မြို့နယ် ၆ မြို့နယ် ထည့်သွင်း ဖွဲ့စည်းထားပြီး ကျေးရွာအုပ်စု ၃၅ စု၊ ကျေးရွာ ၃၇၃ ရွာ လူဦးရေ ၉ သောင်း ခန့်ရှိသည်။ အရှေ့ဖက်တွင် တရုတ်နယ်နမိတ်နှင့်ဆက်စပ်နေပြီး တောင်ဖက် တွင် တပ်မတော်ထိမ်းချုပ်ရာ မိုင်းယန်း၊ မိုင်းခတ်ဒေသနှင့် ဆက်စပ်နေ သည်။

ပန်းခမ်း ခေါ် ပန်ဆန်းမြို့ နယ်သည် တရုတ်နယ်စပ်တွင်ရှိပြီး UWSP/UWSA ဌာနချုပ်အခြေပြု ရာ မြို့ နယ်ဖြစ်၍ အထူးမြို့ နယ်အဖြစ် သတ်မှတ်ထားသည်။ လူဦးရေး တသောင်းကျော်ခန့်ရှိသည်။ နမ့်တစ် အထူးမြို့ နယ်မှာ မိုင်းမောခရိုင် အနောက်ဖက် တရုတ်နယ်စပ်နှင့် ကိုးကန့်ဒေသ ချင်းရွှေဟော် မြို့ နှင့်ဆက်စပ်နေသည်။ စီးပွါးရေးအထူးမြို့ နယ်အဖြစ်သတ်မှတ်ထားပြီး လူဦးရေ တသောင်းကျော်ခန့် နေထိုင်ကြသည်။ သို့ဖြစ်ရာ "ဝ" အထူးဒေသ၂ အတွင်း၌ ခရိုင် ၃ ခု အထူးမြို့ နယ် ၂ ခုနှင့် လူဦးရေ ၅ သိန်းခန့်ရှိသည်ကို တွေ့
ရသည်။

အဆိုပါ ဝ အထူးဒေသ ၂ သည် ၂၀၀၈ အခြေခံဥပဒေအရ ဝ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းအဖြစ် ဖွဲ့စည်းထားသည်။ ၎င်း ၂၀၀၈ အခြေခံဥပဒေအရ ဖွဲ့စည်း ထားရာတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်း ခရိုင် ၂ ခုပါဝင်သည်။

၁။ ဟိုပန်ခရိုင်
၂။ မက်မန်းခရိုင်တို့ဖြစ်သည်။

ဟိုပန်ခရိုင်အတွင်း၌
၁။ ဟိုပန်မြို့ နယ်
၂။ မိုင်းမောမြို့ နယ်
၃။ ပန်ဝိုင်မြို့ နယ်
၄။ နမ့်တစ်မြို့ နယ်ခွဲ
၅။ ပန်လုံမြို့ နယ်ခွဲတို့ပါဝင်သည်။

မက်မန်းခရိုင်အတွင်း၌
၁။ မက်မန်းမြို့ နယ်
၂။ နားဖန်မြို့ နယ်
၃။ ပန်ဆန်းမြို့ နယ်
၄။ မန်ကန်မြို့ နယ်ခွဲတို့ပါဝင်သည်။

လက်တွေ့တွင် ဟိုပန်ခရိုင်အတွင်းရှိ ဟိုပန်မြို့နယ်၊ ပန်လုံမြို့နယ်ခွဲ၊ မက်မန်းခရိုင်အတွင်းရှိ မက်မန်းမြို့ နယ်နှင့် မန်ကန်မြို့ နယ်ခွဲတို့သာ အစိုးရနှင့် တပ်မတော် ထိမ်းချုပ်မှု အောက်တွင်ရှိသည်။ ဝ ဒေသ ဧရိယာအရင်း၊ လူဦးရေ အရင်း ၁၀% ခန့်သာ အစိုးရနှင့် တပ်မတော်ထိမ်းချုပ်မှု အောက်တွင်ရှိသည်ကို တွေ့ရသည်။ ကျန်အများစုကြီးမှာ UWSP/UWSA ထိမ်းချုပ်ရာ "ဝ" အထူးဒေသ ၂ အတွင်းတွင် ရှိသည်ကို တွေ့ရသည်။ ဝ မြောက်ဟုလည်းဆိုကြသည့် UWSP/UWSAထိမ်းချုပ်ရာဒေသသည် အကျယ်အဝန်း စတုရန်း ကီလိုမီတာ ၁၇၀၀၀ ၊ စတုရန်းမိုင် အားဖြင့် ၆၅၆၃.၉၅ မိုင်ရှိသည်။ ၁၅၅၈၀၁.၃၀ စတုရန်းကီလိုမီတာကျယ်ဝန်းသော ရှမ်းပြည်နယ်၏ ၁၁% ခန့်ရှိသည်။

## ထိုင်းနယ်စပ်ရှိ ဝ ဒေသ

UWSP/UWSAထိမ်းချုပ်ရာ နောက် ဝ ဒေသတခုမှာ ဝ တောင်ဟုခေါ်သည့် ထိုင်းနယ်စပ် မိုင်းဆတ်ခရိုင်တွင်းရှိဒေသဖြစ်သည်။ ပန်ဆန်း ဗဟိုပြု ဝဒေသနှင့် တဆက်စပ်ထဲမရှိပါ၊ ထိုဒေသနှစ်ခုကြားတွင် အစိုးရတပ်များထိမ်းချုပ်သည့် ကျိုင်းတုံ၊ တာချီလိတ်ဒေသကြီး ခြားထားသည်။ ထိုဒေသတွင် UWSA တပ်အချို့ လှုပ်ရှားမှုရှိသော်လည်း ၁၉၉၀ ခုနှစ်မှ ၁၉၉၆ ကြားတွင် ခွန်ဆာ MTA တပ်များအား UWSA တပ်များဝင်ရောက်တိုက်ခိုက်အခြေပြုရန် နဝတ အစိုးရက ခွင့်ပြုခဲ့ပြီးနောက် UWSA တပ်များအလုံးအရင်းနှင့်ဝင်ရောက်ခဲ့သည်။ ထို့နောက် နဝတ အစိုးရ၏သဘောတူညီချက်ဖြင့် ဝ အရပ်သား တသိန်းနီးပါးခန့်အား ပြောင်းရွှေ့အခြေ ချခွင့်ပြုခဲ့ရာ ဝ လူထု ၈၀၀၀၀ ကျော် ပြောင်းရွှေ့အခြေချ နေထိုင်ခဲ့ကြသည်။

သို့ဖြစ်ရာ ယခုအချိန်တွင် မိုင်းဆတ်ခရိုင်အတွင်း မိုင်းဆတ်မြို့၏ အရှေ့ဖက်၊ တောင်ဖက်၊ အနောက်ဖက်ရှိ ထိုင်းနယ်စပ်တလျောက်တွင် ဝ လူမျိုးများ အခြေချ နေထိုင်ပြီး UWSP/UWSA ၏ အုပ်ချုပ်မှုအောက်တွင်ရှိပါသည်။ ထိုဒေသအား UWSA က ၁၇၁ စစ်ဒေသဟုသတ်မှတ်ပြီး စစ်ဒေသအတွင်း ဒေသန္တရအုပ်ချုပ်ရေးဌာနဖွဲ့စည်းထားပြီး အုပ်ချုပ်ရေးဌာနအောက်တွင် မြို့နယ် ၇ ခုအားအောက်ပါအတိုင်းဖွဲ့စည်းထားသည်။ အုပ်ချုပ်ရေးဌာနမှူးအဖြစ် ဦးအာတီက တာဝန်ယူသည်။

၁။ မိုင်းကန်မြို့နယ်
၂။ မိုင်းယွန်းမြို့နယ်

၃။ ဟွေအောမြို့နယ်
၄။ ဝမ်ဟုန်မြို့နယ်
၅။ မိုင်းကျွတ်မြို့နယ်
၆။ ခိုင်လုံမြို့နယ် တို့ဖြစ်သည်။

- မိုင်းကန်မြို့နယ်ဟုဖွဲ့စည်းထားသောနယ်မြေမှာ တာချီလိတ်/လွယ်တော် ခမ်းနှင့် မိုင်းတွမ်းကြားရှိ နားယောင်း ခေါ် ယောင်ခ နယ်မြေဖြစ်သည်။ ယောင်ခတွင် အိမ်ခြေ ၂၀၀၀ ရှိ မြို့တည်ထားသည်။

- မိုင်းယွန်းမြို့နယ်ဟုဖွဲ့စည်းထားသော နယ်မြေမှာ မိုင်းဆတ်၏ အရှေ့မြောက်၊ လွယ်လန်း၏ မြောက်ဖက်တွင်ရှိပြီး မိုင်းယွန်းတွင် အိမ်ခြေ ၂၀၀၀ ခန့်ရှိ မြို့တည်ထားသည်။

- ဝမ်ဟုန်မြို့နယ်မှာ မိုင်းဆတ်အရှေ့ဖက်၊လွယ်လန်း၏အနောက်ဖက်တွင်ရှိသည်။

- မိုင်းကျွတ်မြို့နယ်မှာ မိုင်းတုံ၊ နားကောင်းမူး၊ ပုံပါကျင် လမ်း၏ တောင်ဖက်တွင်ရှိပြီး အိမ်ခြေ ၁၀၀၀ ခန့်ရှိ မြို့တည်ထားသည်။

- ခိုင်လုံမြို့နယ်မှာ မုံးထ၏အနောက်ဖက်၊ လွယ်တိုင်းလျံ( RCSS ဌာနချုပ်) ၏အရှေ့ဖက်တွင် ရှိသည်။ အိမ်ခြေ ၁၀၀၀ ခန့်ရှိသည့်မြို့တည်ထားသည်။

UWSA ၁၇၁ နယ်မြေရှိ မြို့နယ် ၆ မြို့နယ်မှာ ဝ မြောက် ပန်ဆန်းဒေသကဲ့သို့ သီးခြားတည်ရှိနေခြင်းမရှိဘဲ အစိုးရ ထိမ်းချုပ်နယ်များနှင့် ရောယှက်နေသည်။ အစိုးရ ဖွဲ့စည်းပုံအရမိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့နယ်၊ မိုင်းတုံမြို့နယ်များ တွင်ပါဝင်သည်။ ထိုနယ်မြေ၏ ထူးခြားချက်မှာ ထိုနယ်မြေအတွင်း UWSA တပ်များသည် အစိုးရတပ်များ၊ နယ်ခြားစောင့်တပ်များအပြင် RCSS/SSA တပ်များနှင့် ရောထွေး၍ နီးနီးကပ်ကပ်ရှိနေသည်။

## UWSA တပ်ဖွဲ့

UWSA တပ်ဖွဲ့၏ အဓိကခေါင်းဆောင်များမှာ အောက်ပါအတိုင်းဖြစ်သည်။
တပ်မှူးကြီး ပေါက်ယိုချမ်း
ဒုတပ်မှူးကြီး/စစ်ဦးစီးချုပ် ကျောက်ကျုံးတန်း
ဒုစစ်ဦးစီးချုပ်. အိုက်ရှန်း
ဒုစစ်ဦးစီးချုပ် လိလောက်အေး
ဒုစစ်ဦးစီးချုပ် ပေါက်ဆမ်ရိုင်း

ဒုစစ်ဦးစီးချုပ် ဝမ်ခဲ့ချန်
ဒုစစ်ဦးစီးချုပ် လီကောဲ့ဖင်

UWSA စစ်ဌာနချုပ်အား ပန်ဆန်း(ပန်ခမ်း) တွင်အခြေပြုသည်။ စစ်ဌာနချုပ်တွင် ဗဟိုကင်းတပ်မဟာ၊ လက်နက်ကြီးတပ်ဖွဲ့၊ လေယာဉ်ပစ်ဒုံးကျည်တပ်ဖွဲ့၊ ဒုံးကျည်များတပ်ဆင်ထားသော ဒရုံးတပ်ဖွဲ့၊သံချပ်ကာတပ်ဖွဲ့၊ လက်ဖြောင့်တပ်ဖွဲ့၊ အထူတပ်ဖွဲ့(ကွန်မန်ဒို)များဖွဲ့စည်းထားရှိသည်။ UWSA တပ်ဖွဲ့များတွင် တပ်ဆင်ထားသော အခြေခံချေမှုန်းရေးရိုင်ဖယ်များမှာ ပုံစံသစ်များ ပြောင်းလဲတပ်ဆင်ထားသည်။

အကူပစ်လက်နက်ကြီးတပ်ဖွဲ့တွင် ယခင်ကတပ်ဆင်ထားနိုင်ခဲ့သည့် ၈၂မမ၊ ၁၂၀ မမ မော်တာ၊ ၅၇မမ ၊ ၇၅ မမမော်တာအပြင် ၁၀၅မမ၊ ၁၂၂ မမ ဟော်ဝစ်ဇာအမြောက်များပါ တပ်ဆင်ထားသည်ကို ခိုင်လုံသောသတင်းများအရရင်း၊ လက်တွေ့လေ့ကျင့်ပစ်ခတ်လေ့ကျင့်နေသည့် ဗီဒီယိုမှတ်တမ်းများအရရင်း သိရသည်။ လေယာဉ်ပစ်ဒုံးနှင့် ပတ်သက်၍ UWSA ထူထောင်သည့် အနှစ် ၃၀ ပြည့်ပွဲတွင် FN 6/FN 7 အမျိုးအစားဟု ယူဆရသော လေယာဉ်ပစ်ဒုံးကျည်များ ထုတ်ပြသွားသည်ကိုတွေ့ရသည်။ သို့ဖြစ်ရာ လေယာဉ်ပစ်ဒုံးကျည်များ ဝယ်ယူရရှိထားပြီး လေယာဉ်ပစ်ဒုံးကျည်တပ်ဖွဲ့အား လေ့ကျင့်ဖွဲ့စည်းထားရှိပြီဟု သုံးသပ်ရပါသည်။

ထို့ပြင် UWSA နှစ် ၃၀ ပြည့်ပွဲတွင် ဝေဟင်မှ မြေပြင်ပစ်ဒုံးကျည်များတပ်ဆင်ထားသည့် ဒရုံးလေယဉ်ငယ်များ ထုတ်ပြသွားသည်ကိုတွေ့ရပေရာ ဒရုံးတပ်ဖွဲ့လည်းဖွဲ့စည်းထားရှိပြီဟုသုံးသပ်ရသည်။ နယ်စပ်ဒေသသတင်းများအရ နှစ် ၃၀ ပြည့်ပွဲတွင် ထုတ်ပြသည့် ဒရုံးများထက်ကြီးသည့် ဒရုံးလေယဉ်များလည်း ဝယ်ယူထားရှိသည်ဟုဆိုသည်။ ပန်ဆန်းမြောက်ဖက်တွင် လေယဉ်ကွင်းငယ်များ တည်ဆောက်ထားသည်ဟုဆိုပါသည်။ တရုတ် သို့မဟုတ် လာအိုမှထုတ်လုပ်သည်ဟု ယူတရသည့် သံချပ်ကားများအား UWSA ၏ စစ်ရေးလှုပ်ရှားများတွင်တွေ့ရှိရသည်။ လက်ဖြောင့်တပ်သားသုံး မှန်ပြောင်းတပ်သေနတ်များအားတပ်ဆင်ထားသည်ကို တွေ့ရသည်။

အသေးစိတ်အားဖြင့် ဖွဲ့စည်းပုံအတိအကျအား မသိနိုင်သော်လည်း UWSA ဌာနချုပ်တွင် ဗဟိုကင်းတပ်မဟာ၊ လက်နက်ကြီးတပ်ဖွဲ့၊ လေယဉ်ပစ်ဒုံးကျည်တပ်ဖွဲ့၊ ဒရုံးတပ်ဖွဲ့၊ သံချပ်ကာယဉ်တပ်ဖွဲ့၊ လက်ဖြောင့်တပ်ဖွဲ့၊ ကွန်မန်ဒိုအထူးတပ်ဖွဲ့များ ဖွဲ့စည်းထားရှိသည်ကို လေ့လာတွေ့ရှိရသည်။ ထို့ပြင် ပန်ဆန်းစစ်ဌာနချုပ်မှ တိုက်ရိုက်အုပ်ချုပ်သည် စစ်သင်တန်းကျောင်းများ ဖွင့်လှစ်ထားပြီး

၂၀၁၉/၂၀ မှစ၍ ၃/၄ နှစ် ဗိုလ်သင်တန်းကျောင်းအား ပန်ဆန်းမြောက်ဖက်တွင် ဖွင့်လှစ်ခဲ့သည်။ ဗိုလ်သင်တန်းကျောင်းအား ဒုတပ်မှူးကြီး ကျောက်ကျုံးတန်းမှ တိုက်ရိုက်အုပ်ချုပ်သည်ဟုဆိုပါသည်။ ထို့ပြင် UWSA အနေနှင့် လက်နက်ခဲယမ်း ထုတ်လုပ်သည် စက်ရုံများ ပိုင်ဆိုင်ထားသည်ဟု နယ်စပ်ဒေသရှိအကဲခတ်များက ဆိုပါသည်။

**ပန်ဆန်း ဗဟိုပြု ဝ ဒေသ တပ်ဖြန့်ခွဲမှု**

နယ်မြေအား ထိမ်းသိမ်း၍ ခံစစ်ပြုထားရန် တပ်မဟာ ၄ ခုဖွဲ့စည်း၍ ဖြန့်ခွဲထားရှိသည်။

၁။ တပ်မဟာ ၃၁၈ မိုင်းမောခရိုင် မိုင်းမောတွင်အခြေပြု ဖြန့်ခွဲပြီး ကွန်လုံ၊ဟိုပန်၊ ပန်လုံဒေသအား ထိမ်းချုပ်ထားသည့် တပ်မတော်တပ်ဖွဲ့များနှင့် ရင်ဆိုင်ထားသည်။

၂။ တပ်မဟာ ဖ၁၈ မိုင်းလင်းခရိုင် နောင်ခေတ်တွင်အခြေပြု၍ မန်မန်းဆိုင်ဒေသတွင် ဖြန့်ခွဲထားပြီး တန့်ယန်း၊ မန်ကန်မြို့နယ်ခွဲအား ထိမ်းချုပ်ထားသည့် တပ်မတော် တပ်ဖွဲ့များအား ရင်ဆိုင်ထားသည်။

၃။ တပ်မဟာ ၄၁၈ ပန်ခမ်း( ပန်ဆန်း )တွင်အခြေပြု၍ တပ်အချို့သည် ပန်ယန်းဒေသတွင်ဖြန့်ခွဲပြီး မက်မန်း-မော်ဖါဒေသအား ထိမ်းချုပ်ထားသည့် တပ်မတော်တပ်ဖွဲ့များအားရင်ဆိုင်ထားသကဲ့သို့ UWSA ဌာနချုပ်၏ အရန် တပ် မဟာလည်းဖြစ်သည်။

၄။ တပ်မဟာ ၄ဖ၈ သည် မိုင်းပေါက်ခရိုင် မိုင်းပေါက်တွင် အခြေပြု ဖြန့်ခွဲ့ထားရှိပြီး မိုင်းခတ်၊ မိုင်းယန်းဒေသအား ထိမ်းချုပ်ထားသည့် တပ်မတော်တပ်ဖွဲ့များအား ရင်ဆိုင်ထားသည်။ တပ်မဟာ ၄ဖ၈ မှ တပ်ရင်းအချို့သည် မိုင်းလားဒေသတွင်းရှိ တပ်နှင့်ရင်ဆိုင်ထားသည့် တောင်ကြောများတွင် နေရာယူ ခံစစ်ပြင်ထားပါသည်။

အဆိုပါ တပ်မဟာ ၄ ခုတွင် အမြောက်တပ်ရင်းများ ထည့်သွင်းဖွဲ့စည်း ထားပြီး သံချပ်ကာကားများ တပ်ဆင်ပေးထားသည်။ တပ်မဟာ ၁ ခုလျင် တပ်ရင်း ၁၀ ရင်းမှ ၁၂ ရင်းခန့်ထိ ပါဝင်ပြီး အင်အား ၃၀၀၀ မှ ၄၀၀၀ခန့်အထိ ရှိသည်။

UWSA ၏ အရံတပ်ဖွဲ့အဖြစ် ပြည်သူ့စစ်တပ်မဟာ ၂ ခုဖွဲ့စည်းထားရှိ သည်။ ပြည်သူ့စစ်တပ်မဟာတခုအား မိုင်းမောတွင် ဗဟိုပြု၍၎င်း၊ တပ်မဟာတခု အား မိုင်းပေါက်တွင် အခြေပြု၍၎င်း ဖွဲ့စည်းထားရှိသည်။ ပြည်ါသူ့စစ်များ စုဖွဲ့ လေ့ကျင့်မှုအား တနှစ်လျင် နှစ်ကြိမ်ခန့်ပြုလုပ်သည်။ ဝ ဒေသတွင် အနည်းဆုံး ၂,နှစ်

စစ်မှုထမ်းဥပဒေအား ကျင့်သုံးသည်ဖြစ်ရာ ပြည်သူ့စစ်များအားလုံးလိုလို စစ်မှုထမ်းဘူးသည်ဖြစ်ရာ လေ့ကျင့်စုဖွဲ့ရသည်မှာ မခက်ခဲပေ။

**၁၇၁ စစ်ဒေသ**

၁၇၁ စစ်ဒေသ သည် ပန်ဆန်းအခြေပြု UWSA ဗဟိုစသ်ဦးစီးအဖွဲ့၏ ကွပ်ကဲမှုအောက်တွင်ရှိသည်။

**၁၇၁ စစ်ဒေသ ခေါင်းဆောင်မှု**

နိုင်ငံရေးမှူး ပေါက်ယိုရိ
တပ်မှူး ဝေရှောက်ကမ်း ခေါ် ဦးစိန်ဝင်း
ဒုနိုင်ငံရေးမှူး ဝေရှောက်လျံ ခေါ် အိုက်လောင်း
ဒုတပ်မှူး ကျလောပူ
စစ်ဦးစီးမှူး. အိုက်မား တို့ဖြစ်သည်။
၁၇၁ စစ်ဒေသအား စစ်နယ်မြေ ၃ ခုခွဲထားပြီး စစ်နယ်မြေမှူးများက ကွပ်ကဲသည်။

၁။ အမှတ် ၁ စစ်နယ်မြေ -မိုင်းကျွတ်၊ ခိုင်လုံ၊ မုန်းထ။ ( မိုင်းဆတ် တောင်ဖက်)
၂။ အမှတ် ၂ စစ်နယ်မြေ - ဟွေအော၊ ဟိုပန် ဟိုရှက်၊ လွယ်လန်း။( မိုင်းဆတ်အရှေ့ဖက်)
၃။ အမှတ် ၃ စစ်နယ်မြေ- ဝမ်ဟုန်၊ ယောင်ခ၊ မိုင်းယွန်း။ ( မိုင်းဆတ် မြောက်၊ အရှေ့မြောက်)

**၁၇၁ စစ်ဒေသတွင် တပ်မဟာ ၅ ခု ဖွဲ့စည်းထားသည်။**

၁။ အမှတ် ၁ စစ်နယ်မြေ- တပ်မဟာ ၇၇၂ ( မိုင်းကျွတ်)၊ တပ်မဟာ ၇၇၈ ( ခိုင်လုံ)
၂။ အမှတ် ၂ စစ်နယ်မြေ- တပ်မဟာ ၇၇၅ (ဟွေအော)၊ တပ်မဟာ ၂၄၈( ဝမ်ဟုန်၊ဟိုပန်ဟိုရှက်)
၃။ အမှတ် ၃ စစ်နယ်မြေ- တပ်မဟာ ၅၁၈( မိုင်းယွန်း) တို့ဖြစ်သည်။
၁၇၁ စစ်ဒေသလက်အောက်ခံ တပ်မဟာ တခုလျှင် တပ်ရင်း ၆ ရင်းဖြင့်ဖွဲ့စည်းသည်။

တပ်မဟာများတွင် လက်နက်ကြီးတပ်ခွဲများထည့်သွင်းဖွဲ့စည်းသည်။ ၁၇၁ စစ်ဒေသဌာနချုပ်တွင် ကင်းတပ်နှင့် အမြောက်တပ်ဖွဲ့စည်းထားရှိသည်။ ၁၇၁ စစ်ဒေသ နယ်မြေတွင် ပြည်သူ့စစ်တပ်ရင်း ၂ ရင်း ဖွဲ့စည်းထားရှိသည်။

**အင်အား**

UWSA ၏ စုစုပေါင်းအင်အားသည် ၂၅၀၀၀ မှ ၃၀၀၀၀ ကြားတွင်ရှိမည်ဟု တွက်ဆရပါသည်။ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များထဲတွင် အင်အားအများဆုံး၊ လက်နက်ခဲယမ်းအတောင့်တင်းဆုံး၊ လုံးဝထိမ်းချုပ်ထားနိုင်သည့် ကိုယ်ပိုင်အုပ်ချုပ်နိုင်သည့် ဒေသနှင့်လူထုအများဆုံးအဖွဲ့ဖြစ်သည်။ UWSA သည် နအဖ အစိုးရနှင့်တင်းမာသည့် ၂၀၀၉/၂၀၁၀ ကာလက အမေရိကန် ၃ ဘီလီယံတန်ဖိုးခန့်ရှိ ခေတ်မှီလက်နက်ခဲယမ်းများ ဝယ်ယူဖြည့်တင်းခဲ့သည်ဟု နယ်စပ်ဒေသသတင်းများက ဆိုပါသည်။ ဤသို့ဝယ်ယူနိုင်အောင်လည်း ဘဏ္ဍာရေးတောင့်တင်းသည်။

**ဘဏ္ဍာရေး**

လက်ရှိတွင် UWSA သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထဲတွင် ဘဏ္ဍာရေးအတောင့်တင်းဆုံးဖြစ်သည်။ လက်ရှိ UWSA ထိမ်းချုပ်ရာ ဝ ဒေသတွင် အဓိက ထွက်ရှိသည့်သတ္တုမှာ ခဲမဖြူဖြစ်သည်။ နှစ်စဉ် ခဲမဖြူတန်ချိန် တသိန်းကျော် ထွက်ရှိနေပြီး ပန်ဆန်း- မုန်းလင် နယ်စပ်ကုန်သွယ်ရေးပမာဏမှာ နှစ်စဉ် ဒေါ်လာသန်းတထောင်ကျော်ရှိသည်။

**အစိုးရနှင့်ဆက်ဆံရေး**

၁၉၈၉ ခုနှစ် နဝတ အစိုးရနှင့် ငြိမ်းချမ်းယူပြီးသည်မှစ၍ ယနေ့ထိ ၃၂ နှစ်အတွင်း အစိုးရနှင့် တိုက်ပွဲဖြစ်ပွါးခြင်းမရှိပါ။ အနှစ် ၂၀ ခန့် အစိုးရနှင့်ဆင်ဆံရေး ကောင်းမွန်ခဲ့သည်။ ၂၀၀၉ ခုနှစ် မအဖ အစိုးရမှ နယ်ခြားစောင့်တပ်ဖွဲ့ ရန်ဖိအားပေးသည့်အချိန်တွင် လက်မခံခဲ့ဘဲ စစ်ရေးအရ တင်းမာမှုများ ဖြစ်ခဲ့ပြီး စစ်ရေးပြင်ဆင်မှုများဖြစ်ခဲ့သည်ကိုတွေ့ရသည်။ ၂၀၁၁ ဦးသိန်းစိန်အစိုးရလက်ထက်တွင် အပစ်အခတ်ရပ်စဲရေးလက်မှတ်ပြန်လည် ရေးထိုးခဲ့ပြီး အတန်ငယ်တည်ငြိမ်ခဲ့သည်။ ၂၀၁၅ ခုနှစ် NCA လက်မှတ်ရေးထိုးရန်ငြင်းပယ်ခဲ့ပြီးနောက်ပိုင်း အစိုးရ/တပ်နှင့်ဆက်ဆံရေး အဖုအထစ်ဖြစ်ခဲ့ပြီး ယခင်ကကဲ့သို့ ကောင်းမွန်ခြင်းမရှိတော့ဟုဆိုနိုင်သည်။ ယနေ့တိုင်လည်း NCA လက်မှတ်ရေးထိုးထားခြင်းမရှိပါ။

## တပ်ပေါင်းစု

UWSA သည် ၎င်း၏အင်အားနှင့် နှစ်ကာလများစွာ သီးခြားရပ်တည်ခဲ့သည်။ ယခင်ကာလများကထဲက ဆက်ဆံရေးကောင်းမွန်ခဲ့သည့် NDAA( မိုင်းလား)၊ SSPP/SSA တို့နှင့်ရင်းနှီးသော ညီနောင်ဆက်ဆံရေးရှိသော်လည်း တပ်ပေါင်းစု မဟာမိတ်ဖွဲ့စည်းခဲ့ခြင်းမရှိပါ။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ဖိအားများ လာသည့်နောက်ပိုင်း UWSP သည် KIO/NDAA/ SSPP/TNLA/ MNDAA/ AA တို့နှင့်ပူးပေါင်း၍ မြောက်ပိုင်းနိုင်ငံရေးမဟာမိတ်အဖွဲ့ကို ၂၀၁၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။ ယနေ့တိုင် မြောက်ပိုင်းမဟာမိတ်အဖွဲ့ကို ဦးဆောင်လျက်ရှိ သည်။ သို့သော် ယခုနောက်ပိုင်းတွင် မြောက်ပိုင်းမဟာမိတ်အဖွဲ့၏ နိုင်ငံရေးလှုပ်ရှား မှု အားနည်းသည်ဟုဆိုရမည်။

## တရုတ်နှင့်ဆက်ဆံရေး

ဝ ဒေသသည် တရုတ်နှင့် နယ်နမိတ် မိုင်ပေါင်းများစွာဆက်စပ်နေသည့်အပြင် ဝ ဒေသနှင့်ကပ်ရက် တရုတ်ပြည်အတွင်း ဝ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ တခုရှိရာ ကူးလူးဆက်ဆံမှုသည် လွန်ခဲ့သော နှစ်ပေါင်းများစွာကထဲကရှိသည်။ ဗမာပြည် ကွန်မြူနစ်ပါတီကာ ၁၉၆၈ မှ ၁၉၈၉ အထိ မြန်မာအစိုးရနှင့် ပြင်းထန်စွာ စစ်ဖြစ်နေရာ ဒေသခံလူထုသည် တရုတ်သို့ကူးလူးဆက်ဆံ ရောင်းဝယ်မှုပြုခဲ့ကြ သည်။ ယနေ့ကာလတွင်လည်း နယ်စပ်ကုန်သွယ်ရေးအနေနှင့် တရုတ်ပြည်နှင့်သာ ဆက်ဆံရောင်းဝယ်နေသည်။ ၂၀၁၅ မှစ၍ မြန်မာအစိုးရက ပြည်မမှ ဝ ဒေသသို့ ရိက္ခာ ဆန်နှင့် လောင်စာဆီ သယ်ယူခွင့်ပိတ်ပင်ထားရာ ဝ ဒေသသည် ဒေသတွင်းလို အပ်သည်h ရိက္ခာဆန်နှင့်လောင်စာဆီအတွက် တရုတ်ကို ပိုမှီခိုခဲ့ရသည်။ ဤသို့ ကူးလူးဆက်ဆံမှု များသည်နှင့်အညီ ဝဒေသ၏ ဒုတိယဘာသာစကားသည် တရုတ် စကားဖြစ်လာသည်။ ထို့ပြင် ၁၉၉၆ နောက် မြန်မာကျပ်ငွေ များစွာဖေါင်းပွပြီးနောက် ဝ ဒေသ၌ တည်ငြိမ်သည့် တရုတ်ငွေကြေးကို ပြောင်းလဲသုံးစွဲကြရာ ဝ ဒေသတွင်း သုံးစွဲသည့်ငွေကြေးသည် တရုတ်ငွေဖြစ်နေသည်။

သို့ဖြစ်ရာ ဝ တို့၏ စဉ်းစားလုပ်ကိုင်မှုများသည် တရုတ်တို့နှင့် ဆက်ဆံ ရေးကောင်းမွန်ရေးအခြေခံပေါ်စဉ်းစားလုပ်ကိုင်လေ့ရှိပြီး တရုတ်စကား၊ တရုတ် ငွေကြေးသုံးစွဲကြသည်ဖြစ်ရာ ဝ တို့သည် တရုတ်သြဇာခံများဖြစ်သည်ဟု စွပ်စွဲမှုများ ရှိခဲ့သည်။ ဝ တို့ကလည်း ၎င်းတို့သည် အမှီခိုကင်းကင်းရပ်တည်သူများဖြစ်သည်ဟု

ပြန်လည်ပြသလေ့ရှိကြသည်။ မည်သို့ဖြစ်စေ ဝ ဒေသ ရပ်တည်ရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ကျန်းမာရေးကိစ္စများအပြင် လိုအပ်သည် ရိက္ခာ ဆန်၊ လောင်စာဆီ တို့အတွက် ဝ ဒေသအဖို့ တရုတ်နှင့်ကင်းရန်မဖြစ်နိုင်ပေ။

UWSA သည် တရုတ်မှအပ ကျန်နိုင်ငံများနှင့် ဆက်ဆံရေးမရှိသလောက်အားနည်းသည်ဆိုနိုင်သော်လည်း ဝဒေသအတွင်း WFP ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ကဲ့သို့ အဖွဲ့အစည်းများကို ရပ်တည်လှုပ်ရှားခွင့်ပေးထားသည်။

## နိုင်ငံရေး/စစ်ရေး

UWSP/UWSA ၏ နိုင်ငံရေးရည်မှန်းချက်မှာ ဝ ပြည်နယ်ဖြစ်သည်။ အစိုးရ ကအသိမှတ်မပြုသော်လည်း ဝ ပြည်နယ် ပြည်သူ့အစိုးရဟု သုံးနှုန်းသည်ကို တွေ့ရ သည်။ UWSA အနေနှင့် ဝ ဒေသအများစုအား ထိမ်းချုပ်ထားနိုင်သော်လည်း ဝ ဒေသတစိတ်တပိုင်းမှာ အစိုးရ၏ ထိမ်းချုပ်မှုအောက်တွင် ရှိသည်။ နိုင်ငံရေး သုံးသပ် သူများက UWSA ၏ ပြည်နယ်တောင်းဆိုမှုသည် ဖက်ဒရယ်တောင်းဆိုမှု ထက် ကွန်ဖက်ဒရိတ်ဆန်သည်ဟု ဆိုသည်။ လက်ရှိတွင် UWSA သည် သူ့တပ်၊ သူ့ဒေသကို လွတ်လပ်စွာ အုပ်ချုပ်နေသည်။

UWSA သည် ၁၉၈၉ ခုနှစ် နဝတနှင့် ငြိမ်းချမ်းရေးယူကထဲက ယခုချိန်ထိ အစိုးရနှင့် တိုက်ပွဲဖြစ်ပွါးခြင်းမရှိပါ။ ဤသည်မှာ UWSA သည် နဝတ ၏ သဘောတူညီချက်အရ ထိုင်းနယ်စပ် မိုင်းဆတ်ခရိုင်တွင်း နယ်မြေတိုးချဲ့ခဲ့သည်မှ အပ ကျန်နေရာများတွင် နယ်မြေချဲ့ထွင်လှုပ်ရှားခြင်း မရှိခဲ့ပေ။ သူ့ဒေသကာကွယ်ရေးသာ အလေးထားခဲ့သည်။ ၂၀၀၉/၂၀၁၀ နောက်ပိုင်းမှစ၍ UWSA အနေနှင့် အစိုးရ/တပ်မတော်နှင့်တင်းမာမှုရှိပြီး စစ်ပြင်ဆင်ခြင်း၊ နိုင်ငံရေးအရတပ်ပေါင်းစုဖွဲ့ ခြင်းများရှိသော်လည်း စစ်ရေးအရ ၎င်းတို့ဒေသကာကွယ်ရေးကိုသာ ဇောင်းပေးလုပ် ဆောင်ခဲ့သည်။ ဝ ဒေသတွင်း ဝင်ရောက်လာပါက ပြင်းပြင်းထန်ထန် ခုခံရန်ပြင်ဆင် ထားသော်လည်း ၎င်းတို့ဒေသအပြင်ထွက်တိုက်ခိုက်မှုမျိုး ယခုချိန်ထိ လုပ်ဆောင် ခြင်းမရှိသေးပါ။

UWSP/UWSA သည် ဗမာပြည်ကွန်မြူနစ်ပါတီမှ ခွဲထွက်ပြီးပြီးချင်း နဝတ နှင့် ငြိမ်းချမ်းရေးယူခဲ့ရာ UWSP/UWSA အား မတရားသင်းကြေညာမှု မတွေ့ရှိရပါ။

## မိုင်းလားအဖွဲ့ ဟုသိကြသည့် PSC/NDAA

PSC/NDAA (Peace and Solidarity Committee/ National Democratic Alliance Armmy) ငြိမ်းချမ်းရေးနှင့်စည်းလုံးရေးကော်မတီ/ အမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် သည် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့၏အရှေ့မြောက်ဖက် ၅၆ မိုင်အကွာရှိ မိုင်းလားဒေသအား ဗဟိုပြု၍အခြေပြုထားပါသည်။ မိုင်းလားဒေသသည် မူလက ဗမာပြည်ကွန်မြူနစ်ပါတီ ၈၁၅ စစ်ဒေသဖြစ်ပြီး ၁၉၇၁ ခုနှစ် နှစ် နှစ်ကုန်ပိုင်းမှစ၍ စတင်အခြေစိုက်ခဲ့သည့် ဒေသဖြစ်သည်။ ဒေသခံ အာခါလယ်သမားပြောက်ကျားများအား အခြေပြု၍ ပေါ်ပေါက်လာသော စစ်ဒေသဖြစ်သည်။ ဒေသတွင်း၌ အာခါ၊ ရှမ်း၊ လွယ် လူမျိုးများနေထိုင်ကြသည်။

၈၁၅ စစ်ဒေသသည် ၁၉၈၉ ခုနှစ် ဧပြီလ ၁၉ ရက်နေ့မှစ၍ ဗမာပြည်ကွန်မြူနစ်ပါတီမှ ခွဲထွက်ခဲ့သည်။ မိုင်းယန်းဆီလူးဒေသရှိ တပ်မဟာ ၇၆၈ နှင့်ပူးပေါင်းပြီး ၁၉၈၉ ခုနှစ် ဇွန်လ ၃၀ ရက်တွင် နဝတ နှင့် ငြိမ်းချမ်းရေးယူခဲ့ပြီး ရှမ်းပြည်အထူးဒေသ ၄ ဟု သတ်မှတ်ပေးခဲ့သည်။

၈၁၅ စစ်ဒေသကာလကထဲက တိုက်ပွဲကြီးငယ်များစွာတိုက်ခိုက်သည့် စစ်ရေးအတွေ့အကြုံရှိသည်။

**လက်ရှိခေါင်းဆောင်မှု**

ဥက္ကဋ္ဌ ဦးစိုင်းလင်း
ဒုဥက္ကဋ္ဌ ဦးစမ်ပေ့
ဒုဥက္ကဋ္ဌ ဦးဆမ်လူ
ဒုဥက္ကဋ္ဌ ဦးထိန်လင်း
အတွင်းရေးမှူး ဦးကြည်မြင့် အပါ ကော်မတီဝင် ၁၀ ဦးရှိသည်။
PSC အောက်တွင် ဦးထိန်လင်းဦးစီး အဖွဲ့ဝင် ၉ ဦးပါသည့် အတွင်းရေးမှူး အဖွဲ့ကို ထားရှိသည်။

ထိုအတွင်းရေးမှူးအဖွဲ့ကအောက်ပါ ကော်မတီများကို ဦးဆောင်သည်။
၁။ စစ်ရေးကော်မတီ
၂။ ဒေသန္တရအုပ်ချုပ်ရေးကော်မတီ
၃။ စီးပွါးရေးကော်မတီ

၄။ တရားရေးကော်မတီ
၅။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကော်မတီ စသည်တို့ဖြစ်သည်။
ဒေသန္တရအုပ်ချုပ်ရေးကော်မတီ၊ စီးပွါးရေးကော်မတီ၊ တရားရေးကော်မတီနှင့် မူးယစ်ဆေးဝါး

**တိုက်ဖျက်ရေးကော်မတီများအောက်တွင်**
၁။ မိုင်းလားဒေသအုပ်ချုပ်ရေး
၂။ ဆီလူးဒေသအုပ်ချုပ်ရေး
၃။ နန့်ပန်းဒေသအုပ်ချုပ်ရေး
၄။ မိုင်းလားမြို့မအုပ်ချုပ်ရေး
၅။ မူဝါဒဖြန့်ချိရေး
၆။ စီးပွါးဘဏ္ဍာကြီးကြပ်ရေး
၇။ သီးနှံအစားထိုးစိုက်ပျိုးရေး စသည့်ကော်မတီများဖွဲ့စည်းထားသကဲ့သို့ ၎င်းတို့အောက်တွင် ဌာနအသီးသီးဖွဲ့စည်းထားသည်။ ပညာရေးဌာန၊ ကျန်းမာရေးဌာန၊ အခွန်ဌာန၊ ပြင်ပဆက်ဆံရေးဌာန၊ ခရီးသွားလာရေးဌာန၊ မြေစာရင်းဌာန၊ လယ်ယာနှင့်ဆည်မြောင်းဌာန၊ သစ်တောဌာန၊ သာသနာရေးဌာန၊ တရားရေးဌာန၊ တရားရုံး၊ ရဲဌာန၊ အကျဉ်းထောင် စသဖြင့်ဖွဲ့စည်းထားသည်။

## PSC/NDAA ထိမ်းချုပ်ဒေသ

PSC/NDAA ထိမ်းချုပ်ရာဒေသသည် ရှမ်းအရှေ့ရှိ မိုင်းယန်းမြို့၏အရှေ့ဖက်၊ ကျိုင်းတုံမြို့၏ အရှေ့မြောက်ဖက်၊ မိုင်းယောင်း-မိုင်းယုမြို့များ၏ မြောက်ဖက်နှင့် အရှေ့မြောက်ဖက်တရုတ်နယ်စပ်တလျှောက်တွင်တည်ရှိသည်။တရုတ်နယ်စပ်နှင့် ၃၄၂.၅ ကီလိုထိစပ်နေသည်။ အရှေ့ဖက်တွင် လာအိုနိုင်ငံနှင့် မဲခေါင်မြစ်ကြောင်း အတိုင်း ကီလိုမီတာ ၁၀၀ ကျော်ထိစပ်နေသည်။ နယ်မြေအကျယ်အဝန်းမှာ ၄၉၅၂ စတုရန်းကီလိုမီတာရှိပြီး တောတောင်ထူထပ်သည်။

PSC/NDAA ဌာနချုပ်အား မိုင်းလားတွင် အခြေပြုပြီး အုပ်ချုပ်ရေးဒေသ ၃ ခုပိုင်းခြားထားသည်။
၁။ နန့်ပန်းဒေသ
ကျေးရွာအုပ်စု ၁၁ စု၊ ကျေးရွာ ၁၆၇ ရွာ၊ လူဦးရေ ၄၀၀၀၀ ကျော်ရှိသည်။

၂။ မိုင်းလားဒေသ
ကျေးရွာအုပ်စု ၇ စု၊ ကျေးရွာ ၈၉ ရွာ၊ လူဦးရေ ၂၀၀၀၀ ကျော်နေထိုင်သည်။
၃။ ဆီလူးဒေသ
ကျေးရွာအုပ်စု ၈ စု၊ ကျေးရွာ ၁၅၆ ရွာ၊ လူဦးရေ ၃၀၀၀၀ ကျော်နေထိုင်သည်။

မိုင်းလားဒေသ တခုလုံးတွင် လူဦးရေ တသိန်းနီးပါးရှိပြီး လာရောက်အလုပ်လုပ်နေသူ ၂၀၀၀၀ ခန့်ရှိသည်။ PSC/NDAA သည် ၎င်းတို့ဒေသတခုလုံးကို ထိမ်းချုပ်ထားနိုင်သည်။ န၀တ/နအဖ ခေတ်က အထူးဒေသ ၄ အဖြစ်သတ်မှတ်မှတ်ပေးခဲ့သည်။ လက်ရှိ ၂၀၀၈ ခြေဥတွင် နန့်ပန်းဒေသအား မိုင်းယောင်း-မိုင်းယုမြို့နယ်အတွင်း၎င်း၊ မိုင်းလားဒေသအား ကျိုင်းတုံ ခရိုင်အတွင်း၎င်း၊ ဆီလူးဒေသအား မိုင်းယန်းမြို့နယ်အတွင်း၎င်း ထည့်သွင်းဖွဲ့စည်းထားသော်လည်း အစိုရထိမ်းချုပ်မှုအောက်တွင်မရှိပါ။

## NDAA တပ်ဖွဲ့

NDAA သည် လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည်။ စစ်ရေးကော်မတီက တာဝန်ယူသည်။

## စစ်ရေး

ကော်မတီတွင် PSC ခေါင်းဆောင်များ၏ ကွပ်ကဲမှုအောက်တွင် ဦးလော်ချန်ပေါင်၊ ဦးလီအာလုံတို့က လက်တွေ့တာဝန်ယူသည်။ စစ်ရေးကော်မတီသည် မိုင်းလားတွင် အခြေပြု၍ တပ်ဖွဲ့များကို ကွပ်ကဲသည်။ စစ်ရေးကော်မတီအောက်တွင် စစ်ဦးစီးဌာန၊ ထောက်ပံ့ရေးဌာန၊ စည်းရုံးရေးဌာန၊ ဒေသလက်နက်ကိုင်( ပြည်သူ့စစ်)နှင့် တပ်မဟာများဖွဲ့စည်းထားရှိသည်။
၁။ ဌာနချုပ်တပ်မဟာ - မိုင်းလားဌာနချုပ်
ခြေလျင်တပ်ရင်း ၂ ရင်း၊ လက်နက်ကြီးတပ်ရင်း ၁ ရင်း၊
၂။ တပ်မဟာ ၈၉၆ - မိုင်းလားဒေသ
ခြေလျင်တပ်ရင်း ၃ ရင်း
၃။ တပ်ဟာ ၃၆၉ - ဆီလူးဒေသ
ခြေလျင်တပ်ရင်း ၄ ရင်း
၄။ တပ်မဟာ ၉၁၁ - နန့်ပန်းဒေသ
ခြေလျင်တပ်ရင်း ၅ ရင်း ။

တပ်မဟာအလိုက် ကင်းတပ်ခွဲ၊ အမြောက်တပ်ခွဲ၊ မော်တော်ယဉ်တပ်ဖွဲ့တို့ ထည့်သွင်းဖွဲ့စည်းထားရှိသည်။

**အင်အား**

လက်နက်ကိုင်တပ်ဖွဲ့ဝင်နှင့် ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့ဝင် စုစုပေါင်းအင်အား ၆၀၀၀ ခန့်ရှိသည်။ ပြည်သူ့စစ်အင်အား ထောင်ဂဏန်းရှိနိုင်ပါသည်။ ခေတ်မီလက်နက်တပ်ဆင်နိုင်ပြီးထောက်ပို့အားကောင်းသည်။ သံချပ်ကာကားအချို့ ဖြည့်တင်းထားသည်ကို တွေ့ရသည်။ လက်နက်စက်ရုံရှိသည်ဆိုသည့် သတင်းထွက်ပေါ်ခြင်းမရှိသော်လည်း လက်နက်ခဲယမ်းအခက်အခဲ ရှိပုံမရပေ။

**ဘဏ္ဍာရေး**

ဒေသတွင်း၌ ရာဘာဧကတသိန်းခန့်ရှိပြီး ရာဘာအချောကိုင်စက်ရုံ ၈ ရုံရှိသည်။ ပြည်ပသို့ ရာဘာအချောထည် တန် ၆၀၀၀၀ ခန့်ပို့နိုင်သည်။၆၆ မီဂါဝပ်ထွက်သည့် ရေအားလျှပ်စစ်စက်ရုံရှိပြီး ဒေသတွင်းဖူလုံ၍ ပြင်ပသို့ရောင်းချရသည်။ မဂ္ဂနီးစ်သတ္တုတွင်းနှင့်သတ္တုကြိုစက်ရုံရှိသည်။ နမ်လွေ့ကူးတို့မှ ပြည်ပကူးသန်းရောင်းဝယ်ရေး အခွန် အကောက်ရရှိသည်။ ဒေါ်လာသန်းအချို့ရရှိမည်ဟု ခန့်မှန်းရသည်။ မိုင်းလား- ဝမ်ရှို ရှိ ကာစီနိုရုံများနှင့် ဟိုတယ်များမှအခွန် အကောက်ရရှိသည်။ ထိုအကြောင်းအချက်များအောက်တွင် NDAA သည် ဘဏ္ဍာရေးတောင့်တင်းသည့်အဖွဲ့တခုဖြစ်သည်ကို တွေ့ရသည်။

**အစိုးရနှင့်ဆက်ဆံရေး**

၁၉၈၉ ခုနှစ် န၀တ နှင့် ငြိမ်းချမ်းယူသည်မှစ၍ ၂၀၀၉ အထိ နှစ် ၂၀ ခန့်ဆက်ဆံရေးကောင်းမွန်သည်။ ၂၀၀၉ ခုနှစ် နအဖ အစိုးရက နယ်ခြားစောင့်တပ်ဖွဲ့ခိုင်းသည်မှစ၍ တင်းမာမှု များပြန်လည်ဖြစ်ပွါးသည်။ ၂၀၁၁ တွင်မှ အစိုးရနှင့် အပစ်အခတ်ရပ်ရေးလက်မှတ်ပြန်လည်ရေးထိုးပြီး ပြန်လည်တည်ငြိမ်သည်။ သို့သော် ယနေ့အထိ NCA လက်မှတ်ရေးထိုးမထားသည့်အဖွဲ့ဖြစ်သည်။ သို့သော် အစိုရနှင့်ဆက်ဆံရေး မတင်းမာလှပေ။ သို့သော် ၂၀၁၆ မှစ၍ ကျိုင်းတုံ-မိုင်းလားကားလမ်းအား တာပင်းနေ၍ တပ်က ပိတ်ထားသည်။

## တပ်ပေါင်းစု

၂၀၁၇ ထိ မည့်သည့်တပ်ပေါင်းစုတွင်မှ မပါဘဲ သီးခြားရပ်တည်သည်။ UWSA နှင့်ညီနောင်ဆက်ဆံရေးရှိသည်။ ၂၀၁၀ ခုနှစ် နအဖ အစိုးရနှင့် စစ်ရေးတင်းမာချိန်မှစ၍ UWSA တပ်ရင်း ၃ ရင်းခန့် မိုင်းလားဒေသတွင်းရှိ အစိုးရတပ်များနှင့်ဆိုင်ထားသော တောင်ကုန်းများတွင် ဝင်ရောက်နေရာယူရန် ခွင့်ပြုထားခဲ့သည်။ ၂၀၁၆ ခုနှစ်နှစ်ကုန်ပိုင်းတွင် UWSA နှင့်နယ်မြေကိစ္စနှင့်ပတ်သက်၍ အတန်ငယ်တင်းမာမှုရှိခဲ့ပြီး နောက်ပိုင်းတွင် တဖြေးဖြေးလျှော့ချခဲ့သည်။ ၂၀၁၇ ခုနှစ်မှစ၍ မြောက်ပိုင်းနိုင်ငံရေးမဟာမိတ် ၇ အဖွဲ့တွင်ပါဝင်ခဲ့သည်။ မိုင်းလားဒေသသည် ပန်ဆန်းဗဟိုပြု ဝဒေသနှင့် UWSA ၁၇၁ စစ်ဒေသကြားတွင်ရှိနေရာ UWSA အတွက်အရေးပါသောဒေသဖြစ်နေသည်။ သို့ဖြစ်ရာ အရေးပါသော နိုင်ငံရေး၊ စစ်ရေးခြေလှမ်းများနှင့်ပတ်သက်၍ ဝ နှင့် မိုင်းလားသည် ခြေလှမ်းတူရန် အလားအလာများသည်။ ထို့ပြင် မိုင်းလားအဖွဲ့သည် MNDAA ကိုးကန့်အဖွဲ့နှင့်နီးစပ်မှုရှိသည်။

## တရုတ်နှင့်ဆက်ဆံရေး

UWSA ကဲ့သို့ပင် တရုတ်နှင့် နယ်စပ်တလျောက်ဆက်စပ်နေရာ တရုတ်နှင့် ဆက်ဆံရေးကောင်းမွန်သည်။ တရုတ်နှင့်အဆက်အဆံများသည်။ လာအို၊ ထိုင်းတို့နှင့်စီးပွါးရေးအဆက်အဆံရှိသော်လည်း နိုင်ငံရေးအရ ပတ်သက်မှုမရှိပေ။ မိုင်းလားဒေသတွင်း အနောက်တိုင်း NGO အဖွဲ့ အချို့လှုပ်ရှားခွင့်ပြုထားသည်။

## နိုင်ငံရေး၊ စစ်ရေး

မိုင်းလားဒေသသည် သူ့ဒေသ ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသအဖြစ် ခွင့်ပြုရန်လိုလားသည်။ စစ်ရေးအရ ၁၉၈၉ မှစ၍ အစိုးရနှင့် တိုက်ပွဲမရှိ၊ စစ်ရေးအရ သူ့ဒေသသို့ ဝင်ရောက်လာပါက ပြန်လည်ခုခံတိုက်ခိုက်ရန်သာ ပြင်ဆင်ထားသည်။ သူ့ဒေသ အပြင်သို့ ထွက်၍တိုက်ခိုက်ခြင်း ၁၉၈၉ မှ ယခုအထိမရှိပါ။ ၁၉၈၉ ခုနှစ် နဝတ နှင့်ငြိမ်းချမ်းရေးယူပြီးနောက်မှစ၍ မိုင်းလားအဖွဲ့အား မတရားသင်းကြေညာသည်ကို မတွေ့ရှိသေးပါ။

## KIA ဟုသိကြသည့် KIO/KIC/KIA

KIO-kachin Independence Organization ကချင်လွပ်လပ်ရေး အဖွဲ့ကို ၁၉၆၀ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့မှာတည်ထောင်ပါသည်။ လက်နက်ကိုင်တော်လှန်ရေးပါတီဖြစ်သည်နှင့်အညီပါတီ၏ လက်နက်ကိုင် တပ်ဖွဲ့ KIA- Kachin Independence ကို ၁၉၆၁ ခုနှစ် ဖေဖဝါရီလ ၅ ရက်နေ့တွင် ဖွဲ့စည်းပါသည်။ ထို့ပြင် အုပ်ချုပ်ရေးအဖွဲ့အနေနဲ့ KIC- Kachin Independence Council ကိုဖွဲ့စည်းထားရှိပါသည်။ အများ KIA ဟု အလွယ်တကူသိရှိထား သော်လည်း ဖွဲ့စည်းပုံအရ KIO- KIA- KIC ဟူ၍ ဗဟိုအဖွဲ့အစည်း ၃ ခုဖွဲ့စည်း ထားပြီး အမြင့်ဆုံးအာဏာပိုင်အဖွဲ့မှာ KIO ဖြစ်သည်။ လက်နက်ကိုင်သက်တမ်း နှစ် ၆၀ ကျော်ရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတခုဖြစ်သည်။

**KIO/KIC**

လက်ရှိ KIO တွင် ဗဟိုကော်မတီအဖွဲ့ဝင် ၁၁/၁၂ ဦးခန့်ရှိပြီး အဓိက ခေါင်းဆောင်များမှာ
ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး အင်ဘန်လ
ဒုဥက္ကဋ္ဌ ၁ ဗိုလ်ချုပ်ကြီးဂွမ်ထန်ဂမ်ရှောင်
ဒုဥက္ကဋ္ဌ ၂ ဆလန်ကဘာ ဆွန်လွတ်ဂမ်
အတွင်းရေးမှူး ဆလန်ကဘာ ကွန်ထပ်ထိန်နန်
လက်ရှိ KIC ခေါင်းဆောင်များမှာ
ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးအင်ဘန်လ
ဒုဥက္ကဋ္ဌ ၁ ဒုဗိုလ်ချုပ်ကြီးဆွန်လွတ်ဂွမ်မော်
ဒုဥက္ကဋ္ဌ ၂ ဗိုလ်ချုပ်ဇောင်းဘုတ်ထန်
အတွင်းရေးမှူး ဗိုလ်ချုပ် LLဇော်ရော်

KIO ဗဟိုကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုကိုခံယူပြီး ဗဟိုဌာနကြီးများ၊ ကော်မတီများ၊ ရေးရာအဖွဲ့များဖွဲ့စည်းပြီး KIO/KIC ခေါင်းဆောင်များက စီမံအုပ်ချုပ်ကြပါသည်။

KIC ရဲ့အုပ်ချုပ်စီမံမှု အောက်မှာရှိကြပါသည်။

(က) ဌာနကြီးများ

၁။ ပြည်ထဲရေး(အထွေထွေအုပ်ချုပ်ရေး)- Ginjaw uphkang rung
၂။ဘဏ္ဍာရေး-Ginjaw sutgan dap
၃။စီးပွားကူးသန်း ရောင်းဝယ်ရေး-Ginjaw sut masa magam dap
၄။ကျန်းမာရေး-Ginjaw Hkamja Dap
၅။ပညာရေး-Ginjaw Hpaji Dap
၆။တရားရေး-Ginjaw Tara Masa Magam Dap
၇။သတင်းနှင့်ပြန်ကြားရေး-Shiga Magam Dap
၈။နိုင်ငံခြားရေး-Ginjaw Maigan Makyit Mahkai Magam Dap
၉။စာပေနှင့်ယဉ်ကျေးမှု-Ginjaw Htunghking hte Laili Laika Magam Dap
၁၀။စိုက်ပျိုးမွေးမြူရေး(လယ်/ဆယ်)-Hkai Rem Magam Dap
၁၁။သစ်တောနှင့်သဘာဝဝန်းကျင်ထိန်းသိမ်းရေး-Nam maling hte Grup-yin Gawnhkang Magam Dap

**(ခ) အခြားရုံးနှင့်ကော်မတီများ**

၁။ပါတီဗဟိုဌာနချုပ်ရုံး-Ginjaw Komiti Rung
၂။.ဗဟိုမူးယစ် ဆေးဝါးတားဆီးပိတ်ပင်ရှင်းလင်းရေးကော်မီတီ-Ginjaw Kani Nang Hpam Pat Jasan Komiti
၃။ကချင်အမျိုးသမီးရေးရာအဖွဲ့-Wunpawng Mungdan Shanglawt Amyu Shayi Hpung
၄။အမျိုးသားထောက်ပံ့ရေးနှင့်ပြန်လည်ထူထောင်ရေးကော်မီတီ-Wunpawng Karum Ningtum hte Gaw Sharawt Komiti
၅။ဗဟိုလုပ်ငန်းနှင့်စာရင်းစစ်ချုပ်ရုံး-Ginjaw Magam Bungli hte Jahpan Chyarang Jepchyoi Makan Dap
၆။စစ်ဘေးရှောင်များပြုစုစောင့်ရှောက်ရေးကော်မီတီ-Ginjaw Hpyen Yen Lakawn Lanawn Komiti
၇။ နိုင်ငံရေးရှေ့လုပ်ငန်းစဉ် ချမှတ်ဖေါ်ဆောင်ရေးအဖွဲ့-Shawnglam Mungmasa Jasat Hpung
၈။ ပြည်သူ့ဆက်ဆံရေးတပ်- Mungshawa kanawn mazum Hpyenphung

## ( ဂ ) အုပ်ချုပ်ရေးနယ်မြေ

KIO/KIC သည် အုပ်ချုပ်ရေးနယ်မြေ ၄ ခုဖြန့်ခွဲ အုပ်ချုပ်သည်။
၁။ မြောက်ပိုင်းတိုင်း - မြစ်ဆုံမြောက်ဖက်ဒေသ
၂။ အနောက်ပိုင်းတိုင်း - မြစ်ဆုံတောင်ဖက်/ဧရာဝတီမြစ်အနောက်ဖက်ခြမ်း
၃။ အရှေ့ပိုင်းတိုင်း - မြစ်ဆုံတောင်ဖက်/ဧရာဝတီမြစ်အရှေ့ဖက်ခြမ်း
၄။ တောင်ပိုင်တိုင်း - ရှမ်းပြည်မြောက်ပိုင်း
တိုင်းများလက်အောက်တွင် မြို့နယ်၊ တိုက်နယ်၊ကျေးရွာအဆင့်ထိ အုပ်ချုပ်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိသည်။ ယခင်က ခရိုင်အဆင့်ဖွဲ့စည်းသေးသော်လည်း ယခုဖြုတ်ထားသည်ဟု ယူဆရပါသည်။(စီစစ်ဆဲ)

## KIA

KIO ၏ အဓိက လက်နက်ကိုင်တပ်ဖြစ်သည့် KIA ၏ လက်ရှိခေါင်းဆောင်များနှင့်ဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။
တပ်မှူးကြီး ဗိုလ်ချုပ်ကြီးအင်ဘန်လ
စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးဂွမ်ထန်ဂမ်ရှောင်
ဒုစစ်ဦးစီးချုပ် ဗိုလ်ချုပ် R ခေါင်လွန်း
ဒုစစ်ဦးစီးချုပ် ဗိုလ်ချုပ်မရစ်အောင်ဆိုင်းလာ
စစ်ဦးစီးဗိုလ်မှူးချုပ် ဗိုလ်မှူးချုပ် မရန်ဇော်တောင်
စစ်ဦးစီးပထမတန်း (ဦး) ဗိုလ်မှူးကြီး ဂရားဇော်လီ
စစ်ဦးစီးပထမတန်း (ရေး) ဗိုလ်မှူးကြီး ပေါက်ဆာအောင်လွန်း
စစ်ဦးစီးပထမတန်း(ထောက်) ဗိုလ်မှူးကြီး အနိုင်းဇော်ခေါင်း

## ဌာနချုပ်ဖွဲ့စည်းမှု

၁။ စစ်ရုံးချုပ် - Dailawn Rung
၂။ စစ်မဟာဗျူဟာလေ့လာရေးဌာန -Zai Ninggawn Rung
၃။ ခြေမြန်တပ်မဟာ- ရင်း ၂၅၁/၂၅၂/၂၅၃/၂၅၄/၂၅၅/၂၅၆
၄။ ဗဟိုကင်းတပ်မဟာ- ရင်း ၂၃/၂၈/၄၀/၄၂
၅။ လက်နက်ကြီးတပ်ဖွဲ့ - ရင်း ၆၁၁/၆၁၂/၆၁၃/၆၁၄
၆။ ကွန်မန်ဒိုတပ်ရင်း
၇။ ဂေါ်ရခါးတပ်ရင်း

၈။ လက်ဖြောင့်တပ်ဖွဲ့
၉။ လေ့ကျင့်ရေးတပ်ရင်း

KIA စစ်ရုံးချုပ်နှင့် ဌာနချုပ်လက်အောက်ခံ တပ်မဟာ/တပ်ရင်း/တပ်ဖွဲ့များသည် ဧရာဝတီမြစ်အရှေ့ဖက်ခြမ်း လိုင်ဇာဒေသအားဗဟိုပြု၍ ဖြန့်ခွဲစုဖွဲ့ထားရှိပါသည်။

**တပ်ဖြန့်ခွဲမှုများမှာ**
၁။ မြောက်ပိုင်းတိုင်းနယ်မြေ- (က) တပ်မဟာ ၁ --- ပူတာအို၊ ဆွမ်းပရာဘွမ်ဒေသ
( ရင်း ၄/၇/၁၀/၂၂ )
(ခ)တပ်မဟာ ၇ --- ချီဖွေ၊ ဖရဲ ဒေသ)
( ရင်း ၃၂/၃၃/၄၆ )
၂။ အနောက်ပိုင်းတိုင်းနယ်မြေ- (က)တပ်မဟာ ၂ --- လီဒိုကားလမ်း တောင်မြောက်
( ရင်း ၁၁/၁၄/၂၀/၄၅ )
(ခ ) တပ်မဟာ ၉ --- ဖါးကန့်ဒေသ
( ရင်း ၆/၂၆/၄၄ )
( ဂ ) တပ်မဟာ ၈ --- မိုးညှင်း/နန့်စီအောင်ဒေသ
( ရင်း ၅/၃၅/၄၁ )
၃။ အရှေ့ပိုင်းတိုင်းနယ်မြေ- ( က) တပ်မဟာ ၃ ---- ဗန်းမော်ဒေသ
( ရင်း ၁/၁၂/၁၅/၁၆/၂၁/၂၇ )
(ခ ) တပ်မဟာ ၅ --- ဆဒုံးဒေသ
( ရင်း ၃/၁၈/၁၉/၂၄/၂၅/၃၀ )
၄။ တောင်ပိုင်းတိုင်းနယ်မြေ- (က) တပ်မဟာ ၄ ---- လားရှိုး/မူစယ်ကားလမ်းတောင်ဖက်ခြမ်း
( ရင်း ၈/၂၉/၃၄/၃၇ )
( ခ ) တပ်မဟာ ၆ --- ကွတ်ခိုင်/မူစယ် ကားလမ်းမြောက်ခြမ်း၊
( ရင်း ၉/၃၆/၃၈ )
( ဂ ) တပ်မဟာ ၁၀ ---- သိန္နီ/ကွန်လုံကားလမ်း တောင်/မြောက်
( ရင်း ၂ / ၁၇/ ၃၉ )

သို့ဖြစ်ရာ KIA သည် စုစုပေါင်း ခြေလျင် တပ်ရင်း ၅၁ ရင်းပါသည့် တပ်မဟာ ၁၂ ခု ၊ လက်နက်ကြီးတပ်ရင်း ၄ ရင်းနှင့် အထူးတပ်ဖွဲ့များဖြင့် ဖွဲ့စည်းထားသည်ကို တွေ့ရှိရပါသည်။
မှတ်ချက်။ ။ ရင်း ၁၃ အား ဖွဲ့စည်းထားခြင်းမရှိပါ ။ ကျန် ရင်း ၃၁/၄၃ တို့အား စီစစ်ဆဲ ဖြစ်ပါသည်။

## MHH ပြည်သူ့စစ်

KIO/KIC/KIA, မှ MHH ခေါ် ပြည်သူ့စစ်များအား တိုင်း/မြို့နယ်/ တိုက်နယ်/ ကျေးရွာအလိုက်ဖွဲ့စည်း လက်နက်တပ်ဆင်ထားပြီး KIC အုပ်ချုပ်ရေးရုံးများနှင့် တွဲဖက်ထားသည်။ ပြည်သူ့စစ်များအား KIC အတွင်းရေးမှူးမှ ကွပ်ကဲပါသည်။

## အခြားဌာနများ

KIO/KIC သည် ၎င်းတို့ထိမ်းချုပ်ရာနယ်မြေများတွင် ဆေးရုံ၊ ရဲတပ်ဖွဲ့ ၊စည်ပင်၊ မီးသတ်၊ သစ်တော၊ ဆည်မြောင်း၊ လျပ်စစ်၊ တက္ကသိုလ်/ကျောင်း၊ အကောက်ခွန်၊လဝက စသောဝန်ထမ်းများ လေ့ကျင့်ခန့်အပ်ထားသည်။

## အင်အားနှင့်အခြား

KIA တိုက်ခိုက်ရေး တပ်ရင်းတရင်းလျင် ပျမ်းမျှ အင်အား ၁၅၀ ခန့်ရှိနိုင်ပြီး နောက်တန်းဌာနဝန်ထမ်းများပါပေါင်းလျင် တပ်ဖွဲ့တခုလုံး အင်အား ၂၀၀၀၀ ခန့်ထိရှိနိုင်ပါသည်။ ပြည်သူ့စစ် MHH အင်အား ၅၀၀၀ ခန့်ရှိနိုင်သည် ဟုဆိုပါသည်။ ထိုအင်အားများသည် ခန့်မှန်းမျှသာဖြစ်သည်။ အတိအကျသိရှိနိုင်ရန် မဖြစ်နိုင်ပါ။ ထို့ပြင် KIA သည် ကိုယ်ပိုင်လက်နက်ခဲယမ်း ထုတ်လုပ်မှုရှိနိုင်သည်ဟု အကဲခတ်များက သုံးသပ်ကြပါသည်။ ပြီးခဲ့သော ၄ နှစ်ခန့်အတွင်း KIA တပ်ဖွဲ့ တခုလုံးအား ချေမှုံးရေးရိုင်ဖယ်များ အသစ်ပြောင်းလဲတပ်ဆင်သည်အား တွေ့ရှိရသည်။ KIA တို့တွင် လေယာဉ်ပစ်ဒုံးလက်နက်အချို့ ဝယ်ယူရရှိပိုင်ဆိုင်ထားသည်ဟု နယ်စပ် ဒေသသတင်းအရင်းအမြစ်များကဆိုပါသည်။ သို့သော်လည်း လက်တွေ့သုံးစွဲသည်ကိုမူ မတွေ့ရသေးပေ။ KIA သည် ၎င်းတို့ထိမ်းချုပ်ရာဒေသများတွင် ၂ နှစ် စစ်မှုထမ်းဥပဒေပြဌာန်းထားသည်ဟုဆိုပါသည်။ KIA ထိမ်းချုပ်နယ်မြေ ဆိုရာတွင် အပြည့်အဝထိမ်းချုပ်ထားနိုင်သည့်နယ်မြေဒေသထက် ပြောက်ကျားလှုပ်ရှား ထိမ်းချုပ်နိုင်သည့်နယ်မြေက ပို၍များပြားသည်။

KIO/KIC/KIA အဖွဲ့အစည်းသည် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကြားတွင် ဘဏ္ဍာရေးတောင့်တင်းသော အဖွဲ့အစည်းတခုဖြစ်သည်။ ကချင်ပြည်နယ်တွင်းရှိ လူထု၊ အရပ်ဖက်အဖွဲ့အစည်းများ၊ ဘာသာရေး အဖွဲ့အစည်းများနှင့် ဆက်ဆံရေးကောင်းမွန်သည်။ လက်ရှိတွင် မြောက်ပိုင်းနိုင်ငံရေး မဟာမိတ်အဖွဲ့ ၇ ဖွဲ့တွင် ပါဝင်နေသော်လည်း တောင်ပိုင်းရှိ NCA ထိုးထားသော အဖွဲ့များနှင့်လည်း ဆက်ဆံရေးကောင်းမွန်သည်။ ၁၉၈၈ အရေးတော်ပုံနောက်ပိုင်း ABSDF ( မြောက်ပိုင်း) ကို KIA နယ်မြေတွင်း နေရာပေးခဲ့သကဲ့သို့ ၂၀၀၉ ခုနှစ်တွင် AA( ရခိုင်) ၂၀၁၁ တွင် TNLA ( တအာင်းပလောင်) အဖွဲ့များ ဖွဲ့စည်းလေ့ကျင့်ရာတွင် ၎င်းတို့ဒေသတွင်း ဖွဲ့စည်းလေ့ကျင့်မှုခွင့်ပြုခဲ့ပြီး အကူအညီပေးခဲ့သည်။ နိုင်ငံတကာဆက်ဆံရေးတွင် KIA သည် တရုတ်ပြည်နှင့်သာမက အနောက်နိုင်ငံအချို့နှင့်ဆက်ဆံမှုရှိသည်။ လက်ရှိအခြေအနေတွင် အစိုးရနှင့် NCA တပြည်လုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးလက်မှတ်ရေးထိုးထားခြင်း မရှိရုံသာမက တဖွဲ့ချင်း အပစ်အခတ်ရပ်စဲရေး biletral လက်မှတ်ရေးထိုးထားခြင်းလည်းမရှိပေ။ KIA အား အကြမ်းဖက်အဖွဲ့ဟု တခါတရံရည်ညွှန်းပြောကြသော်လည်း အကြမ်းဖက်အဖွဲ့အဖြစ်ကြေညာထားခြင်းမရှိပါ။ သို့သော် KIA သည် NCA လက်မှတ်ရေးထိုးထားခြင်းမရှိ၍မတရားသင်းအဖြစ်ကြေညာခံထားရဆဲအဖွဲ့ဖြစ်သည်။ KIO/KIA အတွက် အဓိက အခက်အခဲတခုမှာ ကချင်ပြည်နယ်တွင်းရှိ ကချင်မဟုတ်သည့် တိုင်းရင်းသားလူမျိုးများအား စည်းရုံးသိမ်းသွင်းရာတွင် အကန့်အသတ်ရှိခြင်းဖြစ်သည်။

**SSPP/SSA ရှမ်းတိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့**

ရှမ်းတိုင်းရင်းသားတို့၏လက်နက်ကိုင်ပုန်ကန်မှုသည် ၁၉၅၈ ခုနှစ် မေလ ၂၁ ရက်နေ့ ရှမ်းအရှေ့ မိုင်းတုံမြို့နယ်အတွင်း နွမ်စစ်ဟန် - ရဲရင့်သောလူငယ်စစ်သည်တော်အမည်ဖြင့်ပေါ်ထွက်ခဲ့သည်။ ၁၉၅၈ ခုနှစ်သည် ရှမ်းပြည်နယ်၌ နှစ်ရာနှင့်ချီ၍ အုပ်ချုပ်ခဲ့သော ရှမ်းစော်ဘွားများ အာဏာစွန့်ခဲ့ရသော နှစ်လည်းဖြစ် သည်။ ရှမ်းတိုင်းရင်းသားလက်နက်ကိုင်ပုန်ကန်မှုအား ရှမ်းစော်ဘွားတို့အားပေး ကူညီထောက်ခံမှုရခဲ့သည်။ စော်ဘွားအနွယ်တော်များသည်လည်း လက်နက်ကိုင်ပုန်ကန်မှုတွင် ပါဝင်ခဲ့သည်။ ထို့ပြင် နှစ်ရာချီနေသော ရှမ်းစော်ဘွားစနစ်အား ဖျက်သိမ်းလိုက်သောအခါ ဗဟိုအစိုးရသည် မြို့ပိုင်၊နယ်ပိုင်များဖြင့် မြို့ပြအုပ်ချုပ်ရေးအား ကိုင်တွယ်နိုင်သော်လည်း ကျေးလက်ဒေသများ ကိုင်တွယ်နိုင်ခြင်းမရှိဘဲ ကျေးလက်ဒေသ၌ အုပ်ချုပ်ရေးလေဟာနယ်ဖြစ်ခဲ့သည်။ ကျေးလက်ဒေသများသည် ရှမ်းလက်နက်ကိုင်တို့၏ ရေခံမြေခံဖြစ်ခဲ့သည်။ ရှမ်းအရှေ့ မိုင်းတုံနယ်တွင် အခြေပြုခဲ့သော ရှမ်းလက်နက်ကိုင်ပုန်ကန်မှုသည် ကျိုင်းတုံ၊ မိုင်းယန်း ၊ မိုင်ပျဉ်းနယ်များသို့၎င်း၊ သံလွင်မြစ်အနောက်ဖက်ခြမ်းရှိ ရှမ်းတောင်နှင့်ရှမ်းမြောက်သို့၎င်း တိုးချဲ့စည်းရုံးတိုက်ခိုက်ရင်း ပျံ့နှံ့သွားခဲ့သည်။

သို့သော် မတူသော အမြင်သဘောထားများကြောင့် ၁၉၆ဂ နောက်ပိုင်းတွင် နွမ်စစ်ဟန်အပြင် ခွန်ကြာနု၊ စဝ်ဆေလင်း၊စဝ်ဆေထင်တို့ဦးဆောင်သည့် SSIA-Shan State Independence Army ရှမ်းပြည်လွတ်လပ်ရေးတပ်မတော်၊ စဝ်ငါးခမ်းဦးစီး SNA- Shan National Army ရှမ်းအမျိုးသားတပ်မတော်၊ စဝ်ကွမ်းဇိဏ်း ခေါ် မိုးဟိန်းဦးစီး SNUF- Shan National United Front စသည့်အဖွဲ့များ ထပ်မံပေါ်ပေါက်ခဲ့သည်။

၁၉၆၄ ခုနှစ် ဧပြီလ ၂၄ ရက်တွင် မဟာဒေဝီအား နာယကထား၍ ရှမ်းလက်နက်ကိုင်များစုစည်းခါ SSA - Shan State Army ရှမ်းပြည်တပ်မတော်ကိုဖွဲ့စည်းခဲ့သည်။ SSIA/SNUF/ နွမ်စစ်ဟန်တို့ပူးပေါင်းပါဝင်ခဲ့သည်။ ၁၉၆၉ ခုနှစ် ဇန္နဝါရီလတွင်တွင် မိုးဟိန်းသည် SSA မှ ပြန်လည်ခွဲထွက်ခဲ့ပြီး SURA- Shan United Revolutionary Army အမည်ဖြင့် ရပ်တည်သွားခဲ့သည်။ SURA ဌာနချုပ်အား ထိုင်းနယ်စပ်၌ အခြေပြုခဲ့သည်။ ကျန် SSA အင်အားစုများသည် SSA အင်အားတောင့်တင်းရေးနှင့် နိုင်ငံရေးအရ ဦးဆောင်မှုပေးနိုင်ရေးအတွက် ၁၉၇၁ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့တွင် ကျေးသီး မန်စံဒေသအတွင်း၌ SSPP- Shan State Progress Party ရှမ်းပြည်တိုးတက်ရေးပါတီ ကို ဖွဲ့စည်းခဲ့သည်။

SSPP ဥက္ကဋ္ဌအဖြစ် ခွန်ကြာနုနှင့် အထွေထွေအတွင်းရေးမှူးအဖြစ် စဝ်ဆေဝိုင်တို့က တာဝန်ယူပြီး ထိုင်းနယ်စပ်တွင်အခြေပြုသည်။ ဒုဥက္ကဋ္ဌခွန်အုန်းဘောင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး စဝ်ဆေထင်၊ စစ်ဦးစီးချုပ် စိုင်းလှအောင်တို့က ရှမ်းမြောက်တွင်အခြေပြုသည်။

မြောက်ပိုင်းရှိ SSPP/SSA အင်အားစုများသည် ၁၉၇၃ ခုနှစ်တွင် အရှေ့မြောက် ဗမာပြည်ကွန်မြူနစ်ပါတီ CPB များနှင့်ပူးပေါင်း၍ တပ်ပေါင်းစုဖွဲ့ ခဲ့ပြီး CPB ထံမှ လက်နက်အကူအညီရယူခဲ့သည်။ CPB နှင့်ပူးပေါင်းခြင်းကြောင့် SSPP/SSA မြောက်ပိုင်းရှိအဖွဲ့များနှင့် ထိုင်းနယ်စပ်ရှိအဖွဲ့များ သဘောထားကွဲလွဲခဲ့ ကြသည်။ ရှမ်းပြည်တောင်ပိုင်းရှိ SSA တပ်ဖွဲ့များသည် ၁၉၈၄ ခုနှစ်တွင် မိုးဟိန်းအဖွဲ့နှင့် ပူးပေါင်းသွားခဲ့ကြသည်။ မြောက်ပိုင်းရှိ SSPP/SSA အဖွဲ့များက တော့ CPB ပြိုကွဲသည့် ၁၉၈၉ အထိ CPB နှင့်တပ်ပေါင်းစု ဖွဲ့စည်းခဲ့ကြသည်။

၁၉၈၉ ခုနှစ် CPB ပြိုကွဲပြီးနောက် ကိုးကန့်/ဝ အဖွဲ့များ နဝတ အစိုးရနှင့် အပစ်ရပ်ပြီး ငြိမ်းချမ်းရေးယူခဲ့ကြသည်။ ၁၉၈၉ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် ဒုဥက္ကဋ္ဌစစ်ဆေထင်ဦးစီး SSPP/SSA နှင့် နဝတ အစိုးရ အပစ်ရပ်၍ ငြိမ်းချမ်းရေးယူသည်။ နဝတ အစိုးရ SSPP/SSA ထိမ်းချုပ်နယ်မြေများအား ရှမ်းပြည်နယ်အထူးဒေသ ၃ အဖြစ်သတ်မှတ်ပေးသည်။ အဓိက ရှမ်းပြည်မြောက်ပိုင်း ဒေသများဖြစ်သည်။ ၁၉၈၉ မှ ၂၀၀၉ ထိကာလများသည် SSPP/SSA အတွက် ငြိမ်းချမ်းသောကာလများဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင် SSPP/SSA နာယက ဖြစ်သူ စဝ်ဆေထင်အား ရှမ်းပြည်ညီညွတ်ရေးလှုပ်ရှားမှုများအား ဦးဆောင်သည့်အတွက် နအဖ အစိုးရက နှစ်တရာခန့် ထောင်ဒဏ်နှစ်ရှည်ချခဲ့သည်။

၂၀၀၉ ခုနှစ် နအဖ အစိုးရက အခြားအဖွဲ့များနည်းတူ SSPP/SSA အား ပြည်သူ့စစ်အဖြစ် အသွင်ပြောင်းရန်ဖိအားပေးခဲ့သည်။ SSPP ဥက္ကဋ္ဌဖြစ်သူ စဝ်လွယ်မောင်းနှင့် တပ်မဟာ ၃ သည် စိန်ဂျော့( သီပေါအနီး) ပြည်သူ့စစ်အဖြစ်ဂုင်း၊ SSPP ဒုဥက္ကဋ္ဌ စဝ်ကိုင်ဖနှင့် တပ်မဟာ ၇ သည် ကာလိ ( ခိုလန်အရှေ့ဖက်၊ သံလွင်မြစ်အနီး) ပြည်သူ့စစ်အဖြစ်ဂုင်း အသွင်ပြောင်းပြီး နအဖ အစိုးရအောက် ရောက်သွားသည်။ SSPP/SSA စစ်ဦးစီးချုပ် စဝ်ပန်ဖ နှင့် တပ်မဟာ ၁ က ပြည်သူ့စစ်အဖြစ်အသွင်ပြောင်းမှုကို လက်မခံဘဲ ဝမ်ဟိုင်း ( မိုင်းရှူး၊ မိုင်းနောင်အနီး)အား ဗဟိုပြု၍ SSPP/SSA အဖြစ် ဆက်လက်ရပ်တည်ခဲ့သည်။ ထိုမှစ၍ နအဖ အစိုးရတပ်များနှင့် SSPP/SSA ကြား တကျော့ပြန် တိုက်ပွဲ စတင်ခဲ့သည်။ SSPP/SSA သည် စိန်ဂျော့နှင့်ကာလိ ပြည်သူ့စစ်များခွဲထွက်

ပြီးနောက် ၁၉၈၉ နောက်ပိုင်း အင်အားအနည်းဆုံးဖြစ်သွားခဲ့သည်။ စဝ်ပန်ဖဦးစီး SSPP/SSA အင်အားစုများသည် မိုင်းရှူး၊ မိုင်းရယ်၊ ကျေးသီး၊ မိုင်းနောင် ဒေသများတွင် အင်အားပြန်လည်စုဆောင်းရပ်တည်ခဲ့သည်။ အစိုးရတပ်များနှင့် ပြန်လည်တိုက်ခိုက်ရင်းအင်အားတည်ဆောက်ခဲ့ရသည်။ ၂၀၁၂ ခုနှစ်တွင် ဦးသိန်းစိန် အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး ပြန်လည်ရေးထိုးခဲ့သည်။ သို့သော် ၂၀၁၅/၁၆ ခုနှစ်အထိ အစိုးရတပ်များနှင့် တိုက်ပွဲပြင်းထန်ခဲ့ပြီး နောက်ပိုင်းတွင် တိုက်ပွဲများ လျော့ကျခဲ့သည်။

## လက်ရှိခေါင်းဆောင်မှု

၂၀၀၅ ခုနှစ်တွင် အဖမ်းခံရသော SSPP/SSA နာယက စဝ်ဆေထင်သည် ၂၀၁၂ ခန့်တွင် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ထောင်မှလွတ်ပြီး SSPP သို့ပြန်လည်ရောက်ရှိလာသည်။ နောက်ဆုံးရရှိထားသည့် SSPP/SSA ၏ ခေါင်းဆောင်မှုမှာ အောက်ပါအတိုင်းဖြစ်သည်။

နာယက စဝ်ဆေထင်
စိုင်းနောင်မိန့်လုံ
ဥက္ကဋ္ဌ စဝ်ပန်ဖ
ဒုဥက္ကဋ္ဌ ၁ စဝ်ခေးတိုင်း
ဒုဥက္ကဋ္ဌ ၂ စဝ်ခွန်ဆိုင်း
အတွင်းရေးမှူး ၁ စဝ်ကျော်လှ
အတွင်းရေးမှူး ၂ စဝ်ဆိုင်းဆု
အတွင်းရေးမှူး ၃ စဝ်ဘထွန်း
စစ်ဦးစီးချုပ်. ဒုဗိုလ်ချုပ်ကြီးစဝ်ခင်မင်
ဒုစစ်ဦးစီးချုပ် ဗိုလ်ချုပ် ? (စီစစ်ဆဲ)
တပ်ပေါင်းစု စဝ်စိုင်းထူး တို့ဖြစ်သည်။ လက်ရှိအခြေအနေတွင် တာဝန်အချို့ အပြောင်းအလဲရှိနိုင်ပါသည်။

SSPP/SSA ဌာနချုပ်အား ဝမ်ဟိုင်းတွင် ဗဟိုပြုပါသည်။

## SSPP/SSA ထိမ်းချုပ်နယ်မြေ

ဝမ်ဟိုင်းအား ဗဟိုပြု၍ မိုင်းရှူး၊ မိုင်းရယ်၊ တန့်ယန်း၊ မိုင်းနောင်၊ ကျေးသီးမန်စံ၊ လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ မိုးမိတ်ဒေသတို့တွင် ဖြန့်ခွဲလှုပ်ရှားနေသည်ကို တွေ့ရသည်။ ရှမ်းပြည် မြောက်ပိုင်းအား အဓိကအခြေပြုလှုပ်ရှားသည်။ အဓိက ကျေးလက်ဒေသများအား အခြေပြုလှုပ်ရှားသည်။ လက်ရှိ SSPP/SSA သည် အုပ်ချုပ်ရေးခရိုင် ၉ ခုဖွဲ့စည်းထားသည်။

ခရိုင်အမှတ် ၁ တန့်ယန်း၊ မိုင်းရှူး၊ မိုင်းကောင်ဒေသ။
ခရိုင် အမှတ် ၃ မိုင်းနောင်၊ ကျေးသီး၊ ဝမ်ဟိုင်းဒေသ
ခရိုင်အမှတ် ၄ စိန်ကျော့၊ နောင်မွန်၊ နားမခေါ် ဒေသ။
ခရိုင် အမှတ် ၅ မိုင်းရယ်၊ မိုင်းတုံ၊ မိုင်းပန်၊ ဝမ်လီဒေသ။
ခရိုင်အမှတ် ၆ သီပေါ ၊ ကျောက်မဲ၊ မိုးမိတ်ဒေသ။
ခရိုင်အမှတ် ၇ နောင်ချို ၊ ပုံပိုးဒေသ။
ခရိုင်အမှတ် ၈ မိုင်းယန်၊ နမ္မတူဒေသ။
ခရိုင်အမှတ် ၉ နမ့်ခမ်း၊ မူဆယ် ၊ ပန်ဆိုင်းဒေသ။
ခရိုင်အမှတ် ၁၀ သိန္နီ၊ မိုင်းယော်၊ လားရှိုးဒေသ
တို့ဖြစ်သည်။ ခရိုင်အမှတ် ၂ မထားရှိပါ။ စုစုပေါင်း ခရိုင် ၉ ခုဖွဲ့စည်းထားသည်။ ခရိုင် ၁ ခုအောက်တွင် မြို့နယ် ၃ ခုစီ ဖွဲ့စည်းထားပြီး စုစုပေါင်း မြို့နယ် ၂၇ ခု ဖွဲ့စည်းထားသည်။

## တပ်ဖွဲ့စည်း ဖြန့်ခွဲမှု

SSPP/SSA ဌာနချုပ် ဝမ်ဟိုင်းတွင် ဌာနချုပ်လုံခြုံရေး တပ်ရင်း ၂ ရင်း၊ အထူးတပ်ရင်း ၁ ရင်း၊ အရံ ၃ ရင်းစုဖွဲ့ထားရှိသည်။ ထို့ပြင် တပ်မ ၃ ခုဖွဲ့စည်းထားပြီး ထိမ်းချုပ်နယ်မြေများအတွင်း ဖြန့်ခွဲထားရှိသည်။
၁။ တပ်မ ၉၉၉
တပ်မဟာ ၁ ( လက်အောက်ခံ ရင်း ၄ ရင်း)
တပ်မဟာ ၁၅၃ ( လက်အောက်ခံ ရင်း ၃ ရင်း )
တပ်မဟာ ၆၁၂ ( လက်အောက်ခံ ရင်း ၄ ရင်း )
၂။ တပ်မ ၉၀၉
တပ်မဟာ ၇၂ ( လက်အောက်ခံ ရင်း ၅ ရင်း )

တပ်မဟာ ၇၄ ( လက်အောက်ခံ ရင်း ၅ ရင်း)
၃။ တပ်မ ၉၁၈
တပ်မဟာ ၃၆ ( လက်အောက်ခံ ရင်း ၄ ရင်း )
တပ်မဟာ ၂၇ ( လက်အောက်ခံ ရင်း ၄ ရင်း )
တပ်မဟာ၇၀၂ ( လက်အောက်ခံ ရင်း ၄ ရင်း )
စုစုပေါင်း တပ်မဟာ ၈ ခုပါဝင်သော တပ်မ ၃ ခု နှင့် တိုက်ခိုက်ရေးတပ်ရင်းစုစုပေါင်း ၄၀ ခန့် ဖွဲ့စည်းထားရှိသည်။ ထို့ပြင် မြို့နယ်အလိုက် အုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်တပ်များဖွဲ့စည်းထားရှိသည်။ ၎င်းတို့ထိမ်းချုပ်ရာဒေသအတွင်း ၅ နှစ် စစ်မှုထမ်းရန် သတ်မှတ်ထားသည်ဟုသိရသည်။တိုက်ခိုက်ရေးအင်အားအပြင် ဒေသအုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး သည့်နောက်တန်းဌာနအင်အားများပါပေါင်းပါက စုစုပေါင်းအင်အား ၁၀၀၀၀ မှ ၁၂၀၀၀ ဝန်းကျင်ခန့်ရှိမည်ဟု ခန့်မှန်းရပါသည်။ အခြေခံအားဖြင့် ၎င်းတပ်ဖွဲ့အား လက်နက်တပ်ဆင်ထားနိုင်ပါ သည်။

## ဘဏ္ဍာရေး

ဒေသတွင်း အခွန်ကောက်ခံရေးပေါ်အခြေပြုပုံရသည်။ အခြားမသိရပါ။ ဘဏ္ဍာရေးအင်အား အတောင့်တင်းကြီးမဟုတ်သော်လည်း သူ၏တပ်ဖွဲ့ကို လည်ပတ်နိုင်စွမ်းရှိသည်ကိုတွေ့ရသည်။

## တပ်ပေါင်းစု

လက်ရှိတွင် မြောက်ပိုင်း မဟာမိတ် ၇ ဖွဲ့တွင်ပါဝင်သည်။ UWSP/UWSA နှင့်ရင်းနှီးသော ဆက်ဆံရေးရှိသည်။ နယ်မြေချင်းလည်း ဆက်စပ်နေသည်။ လက်ရှိ RCSS/SSA နှင့် စစ်ရေးပဋိပက္ခ ရှိနေရာ SSPP/SSA သည်TNLA ပူးပေါင်း၍ ရင်ဆိုင်တိုက်ခိုက်နေသည်ကို တွေ့ရသည်။ RCSS နှင့် SSPP ကြားစစ်ရေးပဋိပက္ခအား တွေ့ဆုံဆွေးနွေးအဖြေရှာရန်ကြိုးစားနေသော်လည်း အောင်မြင်ခြင်းမရှိသေးပါ။

## အစိုးရနှင့်ဆက်ဆံရေး

၂၀၀၉ ခုနှစ် ပြည်သူ့စစ်အဖြစ် အသွင်ပြောင်းခိုင်းရာမှ စစ်ရေးပဋိပက္ခများပြန်လည်စတင်ခဲ့သည်။ ၂၀၁၂ တွင် ဦးသိန်းစိန်အစိုးရနှင့် biletral အပစ်ရပ်လက်မှတ်ထိုးထားခဲ့သော်လည်း ၂၀၁၅/၂၀၁၆ ထိ တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွါး

ခဲ့သည်။ ၂၀၁၅ ခုနှစ် NCA လက်မှတ်ရေးထိုးရာတွင် ပါဝင်ခဲ့ခြင်း မရှိခဲ့သဖြင့် ယနေ့တိုင် NCA လက်မှတ်ရေးထိုးရေးနှင့်ပတ်သက်၍ ဆွေးနွေးဆဲဖြစ်သော်လည်း ၂၀၁၈ ခုနှစ်နောက်ပိုင်း တရားဝင်ဆွေးနွေးပွဲများ ရပ်တန့်နေပြီး အလွတ်သဘော ဆွေးနွေးမှုသာရှိသည်။

**ပြည်ပဆက်ဆံရေး**

မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင်ဖြစ်သည့်အားလျော်စွာ တရုတ်နှင့် ရင်းနှီးသည့် ဆက်ဆံရေးရှိသည်။ သို့သော် SSPP/SSA တပ်များသည် တရုတ်နယ်စပ်တွင် တပ်ဖြန့် ဖြန့်ခွဲနေရာယူထားခြင်းထက် ပြောက်ကျားစည်းရုံးရေးပုံစံသာရှိပါသည်။

**နိုင်ငံရေး၊ စစ်ရေး**

နိုင်ငံရေးအရ ဖက်ဒရယ်မူအပေါ်ရပ်တည်သည်။ နိုင်ငံရေးဆွေးနွေးပွဲများ ကျယ်ပြန့်စွာ မကျင်းပနိုင်သေးရာ SSPP ၏ ဖက်ဒရယ်မူအသေးစိတ်ကို မသိရသေးပါ။ ဖက်ဒရယ်နှင့်ပတ်သက်၍ ရှမ်းမူမှာ ၈ ပြည်နယ်မူပေါ်တွင်အခြေခံသည်။ စစ်ရေးနှင့်ပတ်သက်၍ ပြောက်ကျားစစ်အားသာသည်။ SSPP သည် နိုင်ငံရေး စစ်ရေးတို့နှင့် ပတ်သက်သည့် ၎င်းတို့သဘောထားဖော်ပြရာတွင် သိုသိုသိပ်သိပ် ရှိသည်ဟုဆိုရမည်။

## PSLF/TNLA - တအာင်းပလောင်လက်နက်ကိုင်တပ်ဖွဲ့

တအာင်းပလောင်များသည် ရှမ်းပြည်မြောက်ပိုင်း ကျောက်မဲ၊ နမ့်ဆန်၊ မန်တုံ၊ နမ့်ခမ်း၊ မူစယ်၊ ကွတ်ခိုင်၊ လားရှိုးဒေသရှိ တောင်တန်းများတွင် နေထိုင်ကြသည်။ မိုင်းကိုင်၊ မိုးမိတ်နယ်များတွင်လည်းတွေ့ရသည်။ ၁၉၅၈ ခုနှစ် ရှမ်းတိုင်းရင်းသားလက်နက်ပိုင်များ ပုန်ကန်ထကြွသော အခါ တအာင်းပလောင်များလည်း ရှမ်းတပ်ဖွဲ့များနှင့်အတူပုန်ကန်ကန်ခဲ့ကြသည်။ ရှမ်းတပ်ဖွဲ့၏နမ့်ဆန်ဒေသရှိ ရင်း ၅ နှင့် နမ့်ခမ်းဒေသရှိ ရင်း ၆ တို့သည် တအာင်း ပလောင်တပ်ဖွဲ့များဖြစ်သည်။ တအာင်းပလောင်တပ်ဖွဲ့များဖြစ်သည့် ရင်း ၅ နှင့် ရင်း ၆ သည် ရှမ်းတပ်ဖွဲ့မှ ခွဲထွက်ပြီး ၁၉၆၃ ခုနှစ် ဇန္နဝါရီလ ၁၂ ရက်တွင် ပလောင်အမျိုးသားတပ်ဦး PNF Palaung National Front ကို စတင်ဖွဲ့စည်းခဲ့ကြသည်။ တဖန် ၁၉၇၆ ခုနှစ် ဇန္နဝါရီလ ၁၂ ရက်နေ့တွင် ပလောင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့ PSLO-Palaung State Liberative Organization နှင့် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် PSLA- Palaung State Liberation Army ဟု အမည်ပြောင်းလဲခဲ့သည်။

PSLO/PSLA သည် ရွှေလီချိုင့်ဝှမ်းဂွင်ဟုခေါ်ကြသည့် နမ့်ခမ့်၊ ကွတ်ခိုင်၊ ကျောက်မဲ၊ နမ့်ဆန်၊ မန်တုံ ကြားဂွင်တွင်လှုပ်ရှားခဲ့သည်။ PSLO/PSLA ၏အဓိကမဟာမိတ်မှာ KIA ဖြစ် သည်။ PSLO/PSLA သည် နောက်ပိုင်းတွင် KIA နှင့်အတူ တောင်ပိုင်း မဒတ ( အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု) တွင်ပါဝင်ခဲ့ပြီး မဒတ ရုံးစိုက်ရာ KNU နယ်မြေနှင့်ထိုင်းနယ်စပ်သို့ကိုယ်စားလည် စေလွှတ်ထားခဲ့သည်။ အရှေ့မြောက်၌ ဗမာပြည်ကွန်မြူနစ်ပါတီပြိုကွဲပြီးနောက် အဖွဲ့အသီးသီး နဝတ အစိုးရနှင့်ငြိမ်းချမ်းရေးယူကြရာ PSLO/PSLA- သည်လည်း ၁၉၉၁ ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် နဝတ နှင့် အပစ်ရပ်ငြိမ်းချမ်းရေးယူခဲ့သည်။ ထိုအခြေ အနေကို လက်မခံသော မဒတ ရောက် ကိုယ်စားလည်များ ( မိုင်အိုက်ဖုန်း၊ မိုက်အိုက်ပန်(ကွယ်လွန်) ) စသည့် လူငယ်ရဲဘော်များ) က မဒတ အဖွဲ့ဝင်များ၏ အကူအညီဖြင့် ထိုင်းနယ်စပ်တွင် PSLF- Palaung State Liberative Front ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦးကို ၁၉၉၂ ခုနှစ် ဇန္နဝါရီလ ၁၂ ရက်နေ့တွင် စတင်ဖွဲ့စည်း သန္ဓေတည်ခဲ့သည်။

နအဖ အစိုးရ လက်နက်အပ်၍ တပ်ဖျက်သိမ်းရန် ဖိအားပေးလာခဲ့ရာ အင်အား ၃၀၀ မှ ၅၀၀ ခန့်ထိရှိသော PSLO/PSLA အဖွဲ့သည် ၂၀၀၅ ခုနှစ် ဧပြီ ၂၉

ရက်နေ့တွင် မန်တုံမြို့တွင် နအဖ အစိုးရအား လက်နက်အပ်ခဲ့ပြီး PSLO/PSLA လက်နက်ကိုင်အဖွဲ့ တခန်းရပ်သည်။

သို့သော်လည်း ထိုင်းနယ်စပ်ရှိ PSLF ထူထောင်ထားသော တအာင်းလူငယ်များနှင့် PSLO စစ်ဦးစီးချုပ်ဖြစ်ခဲ့သူ တာညီလုံးတို့နှင့်တိုင်ပင်၍ တအာင်းလက်နက်ကိုင်တပ်ဖွဲ့အား ပြန်လည်ထူထောင်ရန် ၂၀၀၇ ခုနှစ်မှအစပြုပြီး ပြန်လည်လုံးပမ်းခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် ကျင်းပသော PSLF- တတိယအကြိမ် ညီလာခံတွင် TNLA - Ta-Ang National Liberative Army ဖွဲ့စည်းရေးကို အတည်ပြုခဲ့သည်။

သို့နှင့် KIA ၏ အကူအညီဖြင့် ၂၀၁၁ အောက်တိုဘာလတွင် KIA တပ်မဟာ ၃ နယ်မြေ ဗန်းမော်ဒေသ၊ ဝါရာဘွမ်တွင် တအာင်းလူငယ် ၅၀ ကျော် စစ်ပညာသင်ယူပြီး TNLA အား အစပြုခဲ့သည်။ KIA နယ်မြေတွင်း လေ့ကျင့်ပြီး နောက် အသားတင်ကျန်ရစ်သူ တအာင်းလူငယ် ၄၂ ယောက်သည် KIA က တပ်ဆင်ပေးသည့် သေနတ် ၂၂ လက်နှင့် ရွှေလီမြစ်အား နမ့်ခမ်မြို့အောက်နားမှ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့တွင် ပြန်လည်ဖြတ်ကူး၍ ရွှေလီချိုင့်ဝှမ်းဂွင် အတွင်းသို့ ပြန်လည်ဝင်ရောက်ခါ PSLF/TNLA တပ်ဖွဲ့၏ စည်းရုံးလှုပ်ရှားမှု စတင်ခဲ့တော့သည်။

**PSLF-/TNLA ခေါင်းဆောင်မှု**

၁။ ဥက္ကဋ္ဌ ဗိုလ်ချုပ်တားအိုက်ဖုန်း

၂။ ဒုဥက္ကဋ္ဌ ၁ ဗိုလ်မှူးချုပ်တားဂျုပ်ကျား

၃။ ဒုဥက္ကဋ္ဌ ၂ ဗိုလ်မှူးချုပ်တားခူလန်

၄။ အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးချုပ် တားဘုန်းကျော်

၅။ စစ်ဦးချုပ် ဗိုလ်မှူးချုပ် တားဟိုပလန်

၆။ အထွေထွေအုပ်ချုပ်ရေးမှူး ဗိုလ်မှူးကြီး တားဂူးကျား နှင့်
ပြင်ပဆက်ဆံရေးဌာနမှူး တားပန်လ
ပြန်ကြားရေး ဗိုလ်မှူးမိုင်အိုက်ကျော် တို့ဖြစ်သည်ဟုသိရပါသည်။
ရွှေလီချိုင့်ဝှမ်းဂွင်အတွင်း အဓိကလှုပ်ရှားသည်ဖြစ်ပြီး ပြောက်ကျားစစ်ဆင်နေရသည်ဖြစ်ရာ ဌာနချုပ်တည်နေရာကို လျှို့ဝှက်ထားရှိသည်။

**တပ်ဖြန့်ခွဲလှုပ်ရှားမှု**
၁။ တပ်မဟာ ၁ - နမ့်ခမ်း၊ မုန်းဝီးဂွင်
ရင်း ၁၀၁/၁၀၂/၄၇၈/၅၇၁/၈၇၆
စုစုပေါင်း အင်အား ၆၀၀ ခန့်
၂။ တပ်မဟာ ၂ - ကျောက်မဲ၊ နမ့်ဆမ်၊ မိုးမိတ်၊မိုင်းလုံဂွင်
ရင်း ၂၅၆/၄၃၄/၆၆၆/၇၁၇/၉၈၇
စုစုပေါင်း အင်အား ၆၀၀ ခန့်
၃။ တပ်မဟာ ၃ - မုန်းဝီးတောင်ဖက်၊ ရွှေလီမြစ်ရိုး
ရင်း ၃၆၇/၆၈၃/၇၆၅/၇၇၃/၉၉၉
စုစုပေါင်းအင်အား ၆၀၀ ခန့်
၄။ တပ်မဟာ ၄ - သိန္နီကားလမ်းအနောက်ဖက်-နမ္မတူဂွင်
ရင်း ၃၃၃/၅၇၇/၅၉၅/၆၆၁/၈၇၅
စုစုပေါင်းအင်အား ၆၀၀ မှ ၇၀၀ ခန့်
၅။ တပ်မဟာ ၅ -မူစယ်/ကွတ်ခိုင်/သိန္နီကားလမ်းအနောက်ခြမ်း
စုစုပေါင်းတပ်ရင်း ၅ ရင်း
စုစုပေါင်း အင်အား ၇၀၀ ခန့်
၆။ တပ်မဟာ ၆- မုန်းကျက်-မုန်းယော်ဂွင် ( ကွန်လုံ/လားရှိုး/တန့်ယန်းကြား)
ရင်း ၈၈၅ နှင့် အခြား ၄ ရင်း
စုစုပေါင်းအင်အား ၆၀၀ ခန့်
၇။ တပ်မဟာ ၇ - လှုပ်ရှားတပ်မဟာ
တပ်ရင်း ၅ ရင်းခန့်
အင်အားစီစစ်ဆဲ

**ဒေသအုပ်ချုပ်ရေးအား အောက်ပါအတိုင်း ခရိုင် ၅ ခု ဖွဲ့စည်းထားသည်**
၁။ မိုးကုတ်ခရိုင် (မိုဂူး)
၂။ နမ္မတူခရိုင် ( အိုမ်ညှိုး)
၃။ နမ့်ခမ်းခရိုင် ( အိုမ်တမောဝ်)
၄။ ကွတ်ခိုင်ခရိုင်( အိုမ် ခုံး)
၅။ လားရှိုး ( လာဆျို ) တို့ဖြစ်သည်။

**အင်အား**

TNLA သည် အနည်းဆုံး တပ်ရင်း ၃၅ ရင်းခန့်ဖွဲ့စည်းထားပြီး တရင်းလျှင် အင်အား ၁၀၀ မှ ၁၅၀ ကြားတွင်ရှိမည်ဟုခန့်မှန်းရသည်။ နောက်တန်း ဌာနများ၊ ဆေး/ဆက်သွယ်ရေးစသည့် ရုံးအဖွဲ့များ၊ နယ်မြေအုပ်ချုပ် စည်းရုံးရေး အဖွဲ့များ၊ အခွန်အကောက်အဖွဲ့များစသည့် အင်အားများ အားလုံးပေါင်းပါက စုစုပေါင်းအင်အား ၈၀၀၀ မှ ၁၀၀၀၀ ခန့်ထိရှိနိုင်သည်။ လက်နက်တပ်ဆင်မှုမှာ ခေတ်မီချေမှုန်းရေးရိုင်ဖယ်များတပ်ဆင်နိုင်သည်။ UWSA သို့မဟုတ် အခြားမှ လက်နက်ရရှိနိုင်သည့်လမ်းကြောင်းရှိသည်ဟု ခန့်မှန်းမှုများရှိသော်လည်းတိကျသော အထောက်အထားမရှိပါ။ TNLA လှုပ်ရှားဒေသသည် ရန်သူပတ်လည်ဝိုင်းထား သည့်ပြောက် ကျားဒေသဖြစ်သဖြင့် လက်နက်ခဲယမ်းစုပုံမှု အကန့်အသတ်ရှိသည်။ အကူပစ်လက်နက်အနေနှင့် ၁၀၇ မမ၊ ၆၀ မမ တို့သုံးစွဲနိုင်သည်ကိုတွေ့ရသည်။ ပြီးခဲ့သောနှစ်ပိုင်းက ရွှေလီချိုင့်ဝှမ်းဂွင်အတွင်းရှိ TNLA လက်နက်ဂိုဒေါင်တခုအား အစိုးရတပ်ကသိမ်းဆည်းရမိရာတွင် လက်နက်ငယ်များအပြင် FN 6 အမျိုးအစား ဟုယူဆရသည့် လေယဉ်ပစ်ဒုံးကျည်တလက်ပါသိမ်းဆည်းရမိသွားသည်ကို တွေ့ရ သည်။ သို့ဖြစ်ရာ TNLA သည် လေယဉ်ပစ် ဒုံးကျည် ပိုင်ဆိုင်နေပြီဟု တွက်ဆရ သည်။ သို့သော် လက်တွေ့အသုံးပြုသည်ကို မတွေ့ရသေးပေ။

**ဘဏ္ဍာရေး**

TNLA ၏လက်ရှိဘဏ္ဍာရေးသည် အခွန်အကောက်ကောက်ခံမှုပေါ်တွင် မူတည်သည်ဟု ယူဆရသည်။ ဘဏ္ဍာရေးအရ တောင့်တင်းသည့် အဖွဲ့အစည်းတော့ မဟုတ်။ လက်ရှိတပ်အင်အားအား ထိမ်းသိမ်းရန်ငှင်း၊ တပ်တိုးချဲ့ရေးအတွက် သော်ငှင်း လိုအပ်သည့် ဘဏ္ဍာရန်ပုံငွေကို ကြိုးစားရှာဖွေနေရသည်ဟု သုံးသပ်ရပြီး ယခုအချိန် ထိတော့ ပုံမှန်လည်ပတ်ရန်အတွက် ဖြေရှင်းနိုင်သည်ကို တွေ့နေရသည်။

**တပ်ပေါင်းစု**

TNLA သည် ၂၀၁၇ မှ စတင်ဖွဲ့စည်းသည့် မြောက်ပိုင်းနိုင်ငံရေး မဟာမိတ်အဖွဲ့ ၇ ဖွဲ့တွင်ပါဝင်သည်။ AA ( ရခိုင် )၊ !MNDAA ( ကိုးကန့် )တို့နှင့် ပေါင်း၍ အဖွဲ့ ၃ ဖွဲ့ စစ်ရေးမဟာမိတ်အဖွဲ့ဖွဲ့ထားသည်။ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲအတွက် AA ၊ MNDAA ၊ KIA (ကချင် ) တို့နှင့်ပူးပေါင်း၍ အဖွဲ့ ၄ ဖွဲ့ ဆွေးနွေးနေသည်။ TNLA သည် ၎င်းအားကူညီဖွဲ့စည်းပေးသည့် KIA နှင့်

ကောင်းမွန်သောဆက်ဆံရေးရှိသကဲ့သို့ UWSA နှင့်လည်း ကောင်းမွန်သော ဆက်ဆံရေးရှိသည်။ ထို့ပြင် RCSS/SSA နှင့်စစ်ရေးပဋိပက္ခတွင် SSPP/SSA နှင့် ပူးပေါင်းရင်ဆိုင်လျက်ရှိသည်။

## အစိုးရနှင့်ဆက်ဆံရေး

ငြိမ်းချမ်းစဉ်လုပ်ငန်းစဉ်စခဲ့သည့် ဦးသိန်းစိန်အစိုးရ လက်ထက် တလျှောက်လုံးနှင့် ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းထိ အစိုးရတပ်က TNLA အား AA/MNDAA တို့နှင့်အတူ ငြိမ်းချမ်းလုပ်ငန်း စဉ်တွင်ပါဝင်ခြင်းအား အသိမှတ် မပြုဘဲ လက်နက်အပ်ရန်သာ တောင်းဆိုခဲ့သည်။ သို့ဖြစ်ရာ တိုက်ပွဲများသာ တောက်လျှောက်ဖြစ်နေခဲ့သည်။ ၂၀၁၈ ကုန်ပိုင်းမှစ၍ ၎င်း ၃ ဖွဲ့အား အပစ်ရပ် ဆွေးနွေးရန် တပ်က သဘောတူခဲ့ပြီး ၂၀၁၉ ခုနှစ်တွင်း တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

၂၀၂၀ မှစ၍ တွေ့ဆုံမှုများ ရပ်တန့်နေသော်လည်း အပြန်အလှန် အပစ်ရပ်ကြေညာပြီး တိုက်ပွဲများ လျော့ချထားသည်။

## တရုတ်နှင့်ဆက်ဆံရေး

၂၀၁၇/၂၀၁၈ ငြိမ်းချမ်းရေးညီလာခံတွင် တရုတ်ကိုယ်စားလည်၏ စီစဉ် မှုဖြင့် မြောက်ပိုင်း ၇ ဖွဲ့နှင့်အတူ ပင်လုံညီလာခံဖွင့်ပွဲများသို့တက်ရောက်ခဲ့သည်။ တရုတ်နှင့်ဆက်ဆံရေးကောင်းမွန်သည်ဟု အများက အသိမှတ်ပြုထားသည်။ အခြားနိုင်ငံများ ဆက်ဆံရေးမတွေ့ရပါ။

## နိုင်ငံရေး၊စစ်ရေး

နိုင်ငံရေးအရ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိသော တအာင်း ပြည်နယ်ကို တောင်းဆိုသည်။ တအာင်းလူထုနှင့် တအာင်းအရပ်ဖက် အဖွဲ့အစည်း များကြား ဩဇာသက်ရောက်မှုရှိသည်။ စစ်ရေးအရ ချေမှုန်းရေးတိုက်ပွဲကြီးများ တိုက်သည်ကို မတွေ့ရသေးသော်လည်း ရွှေလီချိုင့်ဝှမ်းဂွင်အတွင်း အနှံ့အပြား ပြောက်ကျားစစ်ဆင်ခြင်း၊ ရှမ်းမြောက်ရှိ အဓိကဆက်သွယ်ရေး လမ်းကြောင်းများ အား ဖြတ်တောက်ထိမ်းချုပ်ခြင်း၊ မြို့များအား နှောက်ယှက်တိုက်ခိုက်ခြင်းတို့အား ကျွမ်းကျင်စွာပြုလုပ်နိုင်သည်။ စစ်ရေးအရ ထူးခြားမှုမှာ သီပေါ၊ နမ္မတူ၊ သိန္နီ

ဒေသသို့ငင်း၊ ကျောက်မဲ၊ မုန်းဝီး၊နမ့်ခမ်းသို့ငင်း ထိုးဖေါက်ရန် ကြိုးစားနေသည့် RCSS/SSA နှင့် စစ်ရေးပဋိပက္ခရှိသည်။

## MNTJP/MNDAA ကိုးကန့်တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ ကိုးကန့်ဒေသ

သံလွင်မြစ်၏ အရှေ့ဖက်ခြမ်းနှင့် တရုတ်နယ်စပ်ကြား ကွန်လုံမြို့၏ မြောက်ဖက်ခြမ်းတွင် ကိုးကန့်ဒေသရှိသည်။ စတုရန်းကီလိုမီတာ တသောင်းကျော်ကျယ်ဝန်းပြီး လူဦးရေ တသိန်းခွဲခန့်ရှိသည်။ ကိုးကန့်တရုတ်လူမျိုးအများစုဖြစ်ပြီး ဒုတိယ အများဆုံးမှာ တအာင်းပလောင်လူမျိုးများဖြစ်သည်။ ပျမ်းမျှ ပေ ၃၀၀၀ ကျော်မြင့်ပြီး ပေ ၄၀၀၀/၅၀၀၀/၆၀၀၀ ကျော်မြင့်သည့် တောင်တန်းများရှိသည်။ ကိုးကန့်ဒေသတွင် ယန်မိသားစုများစတင်အခြေချပြီး ၁၈၄၀ ခုနှစ်တွင် ကိုးကန့်မြို့စားအား တရုတ်ပြည်ချင်မင်းဆက်က စတင်အသိမှတ်ပြုခဲ့သည်။ အထက်မြန်မာပြည်အား အင်္ဂလိပ်တို့ သိမ်းပြီးနောက် ၁၈၉၇ ခုနှစ် အင်္ဂလိပ်-တရုတ်သဘောတူစာချုပ် အရ ကိုးကန့်ဒေသသည် ဗြိတိသျှဘားမားပိုင်ဖြစ်ခဲ့ပြီး ထိုမှစ၍ ကိုးကန့်သည် မြန်မာပိုင်ဖြစ်ခဲ့သည်။

၁၉၅၈ ခုနှစ် ကိုးကန့်စော်ဘွားအာဏာစွန့်ပြီးနောက် ကိုးကန့်စော်ဘွားနှင့်ကာကွယ်ခေါင်းဆောင် ဖုန်ကြားစင်း/ဖုန်ကြားဖူးတို့သည် မြန်မာအစိုးရအား ပုန်ကန်ခဲ့သည်။ ကိုးကန့်စော်ဘွားက ကိုးကန့်ဒေသအား စွန့်ခွါပြီးနောက် ဖုန်ကြားစင်း/ဖုန်ကြားဖူးတို့သည် ဗမာပြည်ကွန်မြူနစ်ပါတီ CPB နှင့်ပေါင်း၍ အစိုးရအား ဆက်လက်တိုက်ခိုက်ခဲ့ရာ ၁၉၇၀ ခန့်မှစ၍ ကိုးကန့်ဒေသသည် လွတ်မြောက်ဒေသဖြစ်ခဲ့သည်။ အစိုးရထိမ်းချုပ်မှုကင်းလွတ်ခဲ့သည်။

၁၉၈၉ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် ဖုန်ကြားစင်းခေါင်းဆောင်သည့် ကိုးကန်အဖွဲ့သည် CPB အား ပုန်ကန်ပြီး MNTJP/MNDAA- Myanmar National Truth and Justice Party/ Myanmar National Democratic Alliance Army ( မြန်မာအမျိုးသား အမှန် တရားနှင့်တရားမျှတမှုပါတီ/ မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော်) ကိုထူထောင်ခဲ့ပြီး နဝတ အစိုးရနှင့် အပစ်ရပ်ငြိမ်းချမ်းရေးယူခဲ့သည်။ နဝတ အစိုးရ က ကိုးကန့်ဒေသအား ရှမ်းပြည်နယ် အထူးဒေသ ၁ အဖြစ်သတ်မှတ်ပေးခဲ့သည်။ ကိုးကန့်ခွဲထွက်ပြီးမကြာမီ ကိုးကန့်

ခေါင်းဆောင်များကြား သဘောထားကွဲလွဲမှုကြောင့် ၁၉၉၂ ခုနှစ်ခန့်တွင် ကိုးကန့်ဒေသတွင်းသို့ အစိုးရတပ်များစတင်ဝင်ရောက်နေရာယူနိုင်ခဲ့ပြီး ယခုအခါ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်နှင့် အခြေစိုက်တပ်ရင်းများ အခြေပြုနိုင်ခဲ့သည်။

၂၀၀၉ ခုနှစ်တွင် BGF ဖွဲ့စည်းရေး၊ လက်နက်စက်ရုံ စသည့်ပြဿနာများနှင့်ပတ်သက်ပြီး အစိုးရနှင့် ပြေလည်မှုမရဘဲ ဖုန်ကြားစင်းတို့အား နအဖအစိုးရတပ်များက ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ဖုန်ကြားစင်းတို့ ကိုးကန့်အားစွန့်ခွါခဲ့ရသည်။ နအဖအစိုးရတပ်နှင့်ပေါင်းသော ကိုးကန့်သားအချို့က ကြံ့ခိုင်ရေးပါတီဝင်များဖြစ်သွားပြီး နယ်ခြားစောင့်တပ်ဖွဲ့စည်းရာတွင်လည်းပါဝင်ခဲ့သည်။ သို့ဖြစ်ရာ ၁၉၈၉ ခုနှစ်တွင် ငြိမ်းချမ်းရေးယူခဲ့သော ကိုးကန့်အဖွဲ့သည် အနှစ် ၂၀ အကြာ ၂၀၀၉ ခုနှစ်တွင် ရန်ဖက်ပုန်ကန်သူပြန်ဖြစ်သွားခဲ့တော့သည်။

ကိုးကန့်ဒေသအား လက်လွှတ်ခဲ့ရသော MNDAA သည် ကိုးကန့်ဒေသအားပြန်လည်ထိုးဖေါက်ရန် တပ်ကိုပြန်လည်ဖွဲ့စည်းသည်။ ၂၀၁၃ ခုနှစ်ခန့်တွင် ကိုးကန့်ဒေသနှင့်ကပ်ရက် သံလွင်အနောက်ခြမ်းတွင် ကိုးကန့်တပ်များ ပြန်လည်လှုပ်ရှားသည့် သတင်းများကြားရသည်။

၂၀၁၅ ခုနှစ် ဖေဖဝါရီလမှစ၍ MNDAA တပ်ဖွဲ့များသည် ကိုးကန့်ဒေသတွင်းသို့ ဝင်ရောက်တိုက်ခိုက်ခဲ့ကြရာ စစ်ပွဲသည် မေ/ဇွန်အထိကြာမြင့်ခဲ့သည်။ တပ်မှလည်း လေကြောင်းနှင့်အမြောက်ပစ်ကူများအပါ စစ်အင်အားအလုံးအရင်းသုံးပြီးတိုက်ခိုက်ခဲ့သည်။ တပ်က ကိုးကန့်ဒေသအများစုကို ပြန်လည်ထိမ်းချုပ်နိုင်ခဲ့သော်လည်း ကိုးကန့်မြောက်စွန်းရှိ ဟုန်အိုင်ဒေသတွင် ကိုးကန့်တပ်ဖွဲ့အခြေပြုနိုင်ခဲ့သည်။

## လက်ရှိ MNDAA ခေါင်းဆောင်မှု

ကိုးကန့်၏ မူလခေါင်းဆောင် ဖုန်ကြားစင်းမှာ အသက်အရွယ် ကြီးရင့်ပြီဖြစ်ရာ နာယက နေရာတွင်သာရှိမည်ဟုခန့်မှန်းရသည်။ ဖုန်ကြားစင်း၏ ညီဖြစ်သူ ဖုန်ကြားဖူမှလည်း ပြီးခဲ့သော ၃/၄ နှစ်က ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။ လက်ရှိကိုးကန့်အဖွဲ့ဥက္ကဋ္ဌနှင့်စစ်ဦးစီးချုပ်မှာ ဖုန်တရှင်( ဖုန်ကြားစင်း၏သား) ဖြစ်သည်။ ၂၀၁၅ တိုက်ပွဲကာလက အတွင်းရေးမှူးအဖြစ် ကိုထွန်းမြတ်လင်း (ဖုန်ကြားစင်း၏သားမက်) တာဝန်ယူသည်။ ကျန်ရှိသော ခေါင်းဆောင်များနှင့်ပတ်သက်၍အတည်ပြု၍မရသေးပါ။

## ကိုးကန့်အဖွဲ့၏ ထိမ်းချုပ်ဒေသ

ကိုးကန့်ဒေသအတွင်း မော်ထိုက်မြို့နယ်ခွဲ၏အရှေ့ဖက် ဟုန်အိုင်ဒေသတွင်အခြေပြုသည်။ ကိုးကန့်နယ်မြေအများစုအား တပ်ကထိမ်းချုပ်ထားရာ ကိုးကန့်ဒေသတွင်း စစ်ရေးလှုပ်ရှားရန် အကန့်အသတ်ရှိ၍ ကိုးကန့်တပ်အများစုသည် သံလွင်မြစ်အနောက်ခြမ်းတွင် သူ၏မဟာမိတ်များနှင့်တွဲ၍ လှုပ်ရှားနေသည်ဟု ယူဆရသည်။

## ကိုးကန့်စစ်အင်အား

လက်ရှိ MNDAA တွင် တပ်မဟာ ၃ ခုဖွဲ့စည်းထားသည်။ တပ်မဟာ ၂၁၁ ၊ တပ်မဟာ ၃၁၁ ၊ တပ်မဟာ ၅၁၁ တို့ဖြစ်သည်။ လက်နက်ငယ်တပ်ဆင်မှု အားကောင်းသည်။ အစောပိုင်းကာလတွင် လက်နက်ကြီးတပ်ဆင်မှု မတွေ့ရပါ ။ လက်ရှိစစ်အင်အားမှာ အနည်းဆုံး ၂၅၀၀ ခန့်ရှိ နိုင်ပြီး အများဆုံး ၅၀၀၀ ခန့်အထိရှိနိုင်ပါသည်။

## ဘဏ္ဍာရေး

ဘဏ္ဍာရေးအင်အား အခြေအနေမသိရပါ။ ယခုအချိန်ထိ ရပ်တည်နိုင်စွမ်းရှိရာ သင့်တင့်သော ဘဏ္ဍာရေးအခြေအနေရှိသည်ဟုဆိုရမည်။

## တပ်ပေါင်းစု

၂၀၁၇ မှစ၍ မြောက်ပိုင်းနိုင်ငံရေးမဟာမိတ်အဖွဲ့တွင်ပါဝင်သည်။ ၂၀၁၅ မှစ၍ AA/TNLA တို့ နှင့်စစ်ရေးမဟာမိတ်ဖွဲ့ပြီး ရှမ်းမြောက်တွင် စစ်ဆင်ရေးများပြုလုပ်သည်။ အချို့စစ်ဆင်ရေးများတွင် မြောက်ပိုင်း ၃ ဖွဲ့နှင့်အတူ KIA တပ်ဖွဲ့အချို့လည်း ပါဝင်လေ့ရှိသည်။

## အစိုးရနှင့်ဆက်ဆံရေး

၂၀၁၅ ခုနှစ် NCA ရေးထိုးရာတွင် ပါဝင်လက်မှတ်ထိုးရန် အစိုးရနှင့်တပ်၏ ငြင်းပယ်မှုခံခဲ့ရသည်။ တရုတ်၏ ကြားဝင်မှုဖြင့် ၂၀၁၈ ခုနှစ်နှစ်ကုန်တွင် အစိုးရနှင့် တပ်က ဆွေးနွေးရန် သဘောတူသည်။ ၂၀၁၉ ခုနှစ်အတွင်း KIA/AA/TNLA တို့နှင့်အတူ အစိုးရနှင့်ဆွေးနွေးခဲ့သော်လည်း သဘောတူညီမှုမရခဲ့ပေ။ ၂၀၂၀ မှစ၍ တွေ့ဆုံဆွေးနွေးမှုများရပ်ဆိုင်းနေသည်။

**ပြည်ပဆက်ဆံရေး**

တရုတ်နှင့်ရင်းနှီးသောဆက်ဆံရေးရှိသည်ဟု အများက ယူဆခြင်းခံရသည်။ တရုတ်ပြည်မှ အင်အားစုအချို့၏ ထောက်ခံမှုရရှိသည်ကို တွေ့ရသည်။

**နိုင်ငံရေး ၊ စစ်ရေး**

ကိုးကန့်ဒေသ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတွက်ရည်ရွယ်သည်။ သို့သော် ယခုတိုင် နိုင်ငံရေးဆွေးနွေးပွဲသို့ မရောက်သေး၍ ၎င်းတို့အမြင်များကို ရှင်းလင်းစွာ မမြင်ရသေးပေ။ စစ်ရေးအရ တရုတ်စစ်ရေးဟုဆိုနိုင်သည့် ပြောက်ကျားစစ်၊ ခံစစ်၊ ချေမှုန်းစစ်ကျွမ်းကျင်သည်။ CPB နှင့်အတူတိုက်ခဲ့သော စစ်ရေးအတွေ့အကြုံရှိသည်။ သို့သော်လည်း ကိုးကန့်လူဦးရေ နည်းပါး၍ တပ်အင်အားကြီးထွားရန်အကန့်အသတ်ရှိသည်ဖြစ်ရာ မဟာမိတ်တပ်ပေါင်းစုကို အားပြုရန်လိုအပ်သည်။

**အာရက္ခအမျိုးသားအဖွဲ့ (ULA) နှင့် ULA/AA**

**အာရကန်အိပ်မက် နှင့် ULA/AA**

AA ဆိုသည့် အမည်သည် ယခုနှစ်ပိုင်းများတွင် လူသိများသည့် နံမည်ဖြစ်သည်။ အကောင်းပြောသူရော၊ အဆိုးသူပြောသူရော၊ ထောက်ခံသူရော၊ ဝေဖန်တိုက်ခိုက်သူကော များပြားသည်။ မည်သို့ဆိုစေ ရေပမ်းစားလူသိများသည့် အမည်တခုဖြစ်သည်ကတော့သေချာသည်။

၁၉၄၇ ခုနှစ်မှစ၍ ရခိုင်တွင် လက်နက်ကိုင်ပုန်ကန်မှုများစတင်သည်။ အဖွဲ့များစွာပေါ်ခဲ့သည်။ အချို့အဖွဲ့များ ပျက်သုဉ်းသွားသည်။ အချို့အဖွဲ့များ အင်အားချိနဲ့သွားသည်။ ရခိုင်လက်နက်ကိုင် ပုန်ကန်မှုများထဲတွင် နောက်ဆုံးမှ ပေါ်လာသည့် AA ကတော့ယနေ့ မားမားရပ်တည်နိုင်လာခဲ့သည်ဖြစ်ရာ အများက အသိမှတ်ပြုကြရသည်ကို တွေ့ရသည်။

AA ကို ၂၀၀၉ ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင် KIO/KIA ဌာနချုပ်ရှိရာ လိုင်ဇာတွင် စတင်ဖွဲ့စည်းသည်။ ကိုထွန်းမြတ်နိုင်နှင့် ဒေါက်တာညိုထွန်းအောင်တို့ ဦးစီးပြီး လူ ၃၀ မပြည့်သောအင်အားဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ ထိုစဉ်ကာလက လူအင်အားအရ မလောက်လေး မလောက်စားအရွယ်အစားဟု မှတ်ယူခဲ့ကြပြီး သူတို့၏ လုပ်နိုင်စွမ်းကို မြင်နိုင်ခြင်းမရှိခဲ့သေးပေ။ AA တည်ထောင်သူများ၏ ကြိုးပမ်းမှုကြောင့် ၂၀၁၅ ခုနှစ်နောက်ပိုင်းတွင် AA သည် ရခိုင်လူထုကြား ရေပမ်းစားသော အဖွဲ့အစည်းတခုဖြစ်လာသည်။ ရခိုင်လူထု၏ ပါဝင်မှု ၊ ထောက်ခံမှု၊ အားပေးကူညီမှု၊

ထောက်ပံ့မှု ကောင်းစွာရရှိခဲ့သည်။ ထို့အတူ လေ့ကျင့်ပြီး တပ်ဖွဲ့ဝင်များသည် ကချင်ပြည်နယ်နှင့် ရှမ်းမြောက်တွင် သူ၏မဟာမိတ်များဖြစ်ကြသော KIA/TNLA/ MNDAA တို့နှင့်ပူးတွဲ၍တိုက်ပွဲဝင်ပြီး စစ်ရေးအတွေ့အကြုံများ ရယူနိုင်ခဲ့သည်။ တချိန်တည်းတွင်လည်း ရခိုင်သို့ လူလက်နက်များ တစတစစေလွှတ်ပေးပို့ခဲ့ရာ ၂၀၁၅ မှစ၍ ရခိုင်တွင် အစိုးရတပ်နှင့် AA တို့၏တိုက်ပွဲများကို စတင်တွေ့ရှိရသည်။ ထို့ပြင် လက်နက်ကိုင်တပ်ဖွဲ့အနေနှင့်သာဖွဲ့ထားသော AA ခေါင်းဆောင်များသည် နိုင်ငံရေးအရ စည်းရုံးလှုပ်ရှားရန် ULA- United League for Arakan ရခိုင်အမျိုးသားအဖွဲ့ချုပ်အား ၂၀၁၅ ခုနှစ် စတင်ဖွဲ့စည်းခဲ့သည်။ လက်နက်ကိုင်တပ်ဖွဲ့ စည်းရုံးရေးအပြင် နိုင်ငံရေးစည်းရုံးရေးပါ လုပ်ဆောင်လာခဲ့သည်။

၂၀၁၇ ခုနှစ်တွင် AA တပ်ဖွဲ့တွင် လေ့ကျင့်ပြီး လူအင်အား ၅၀၀၀ ထိရှိလာခဲ့သည်။ တဖက်က အရှေ့မြောက်ဒေသတွင် ဆက်လက်လေ့ကျင့်မှုများပြုလုပ်နေရင်း AA တပ်ဖွဲ့ဝင်အများအပြားနှင့်လက်နက်ခဲယမ်းများကို ရခိုင်သို့ စေလွှတ်ပေးပို့ခဲ့သည်။ ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် AA အင်အား ၄၀၀၀ ခန့် ရခိုင်မြောက်ပိုင်းနှင့်ဆက်စပ်နေသော အိန္ဒိယ/ဘင်္ဂလားဒေ့ရှ်နယ်စပ်အနီး ပလက်ဝမြို့နယ်တွင် စုဖွဲ့ရောက်ရှိနေသည့် သတင်းပေါ်လာပြီးနောက်ပိုင်း ၂၀၁၉/ ၂၀၂၀ ခုနှစ်များအတွင်း AA နှင့် အစိုးရတပ်များအကြားပြင်းထန်သော တိုက်ပွဲများဖြစ်ပွါးခဲ့သည်။ အစောပိုင်းကာလက ပလက်ဝဒေသတွင်သာ တိုက်ပွဲများဖြစ်ပွါးရာက အချိန်တိုအတွင်း ရခိုင်မြောက်ပိုင်းတခွင်လုံးအား ပျံ့နှံ့သွားသည်။

တပ်ကလည်း ရခိုင်ပြည်နယ်ရှိ နပခ၊ ဒကစ၊ စကခ ၃ ခုအပြင် ခြေမြန်တပ်မ အနည်းဆုံး ၅ ခုခန့်ထိ အင်အားဖြည့်တင်းပြီးထိုးစစ်ဆင်ခဲ့သည်။ လက်နက်ကြီးနှင့်လေကြောင်းပစ်ကူတို့ အင်ပြည့်အားပြည့်အသုံးပြုခဲ့သည်။ ထို့ပြင် မယုမြစ်၊ ကုလားတန်မြစ်၊ လေးမြို့မြစ်ကြောင်းများအတွင်း ရေတပ်မှ စစ်သင်္ဘောများအသုံးပြု၍ ရေကြောင်းစစ်ဆင်ရေးပြုလုပ်ခဲ့သည်။

သို့သော် AA ၏တပ်ဖွဲ့အင်အားလျော့မသွားဘဲ တိုးလာနေသည့်အပြင် လှုပ်ရှားစစ်ဆင်သည့် နယ်မြေပိုကျယ်လာသည်။ ရက် ၄၀ ကျော်ကြာမြင့်သည့် မီးဝတိုက်ပွဲကဲ့သို့ တိုက်ပွဲကြီးများစွာ တိုက်လာသည်ကိုတွေ့ရသည်။ မြစ်ကြောင်းအား ရေတပ်စိုးမိုးထားသော်လည်း AA က မြစ် လက်တက်၊ ချောင်းလက်တက်များအား အသုံးပြုလှုပ်ရှားကြသည်။ ထူထပ်သော ရခိုင်တောတောင်များကြား လှုပ်ရှားခဲ့ကြသည်။

ပြင်းထန်သော စစ်ပွဲများအတွင်း နှစ်ဖက်အကျအဆုံးအား တရားဝင် ထုတ်ပြန်သည်ကို မတွေ့ရသော်လည်း အနည်းဆုံး ထောင်ချီ၍ ကျဆုံးဒဏ်ရာရမည်ဟု ခန့်မှန်းရသည်။ ၂ နှစ်ကြာစစ်ပွဲများအတွင်း အရပ်သားသေဆုံးမှု ၃၀၀ ကျော်၊ ဒဏ်ရာရရှိသူ ၇၀၀ ကျော်ရှိခဲ့သည်။ ကျေးရွာ ရာအချို့ စစ်ဘေးသင့်ပြီး ထွက်ပြေးခဲ့ရသည်။ အိမ်ခြေထောင်နှင့်ချီ၍ မီးလောင်ပျက်စီးခဲ့ရသည်။ စစ်ဘေးဒုက္ခသည် ၂ သိန်းခွဲခန့်ရှိလာခဲ့သည်။ AA နှင့်ဆက်သွယ်သည်ဟုဆိုခါ အကြမ်းဖက်ပုဒ်မဖြင့် လူပေါင်း ၅၀၀ ထက်မနည်းဖမ်းဆီးထိမ်းသိမ်းခံရသည်။ ထိုစစ်ပွဲများအတွင်း AA သည်နယ်မြေများ ထိမ်းချုပ်လာနိုင်ပြီး ၂၀၁၉ နှစ်ကုန်ပိုင်းမှစ၍ APA- Arakan People's Authority ရခိုင်ပြည်သူ့အာဏာပိုင်အဖွဲ့ ဖွဲ့စည်း၍ နယ်မြေအုပ်ချုပ်ရေးပါဆောင်ရွက်လာခဲ့သည်။

ရက်စက်ပြင်းထန်သောစစ်ပွဲအရှိန်မြင့်လာပြီးနောက် ၂၀၂၀ မတ်လ အတွင်း AA အဖွဲ့အား အကြမ်းဖက်အဖွဲ့အဖြစ် NLD အစိုးရက ကြေညာခဲ့ပြီး AA အားတိုက်ခိုက်နေကြသော စစ်ဖက်ဆိုင်ရာ အရာရှိစစ်သည်များအား NLD အစိုးရခေါင်းဆောင်က ချီးကျူးဂုဏ်ပြုခဲ့သည်။

၂၀၂၀ နိုဝင်ဘာရွေးကောက်ပွဲအပြီး နိပွန်ဖေါင်ဒေးရှင်းဥက္ကဌ မစ္စတာဆာဆာကာဝါ၏ ညှိနှိုင်းမှုအရ တပ်နှင့် AA ကြား ရတ်ချည်းအပစ် အခတ်ရပ်စဲခဲ့သည်။ နှစ်ဖက်အကြောင်းပြသည်မှာ ရခိုင်ပြည်နယ်အတွင်း ရွေးကောက်ပွဲများ ကျင်းပရန်ဟုဆိုသော်လည်း သီးခြားရည်ရွယ်ချက်များရှိပုံရသည်။ တပ်အဖို့ပြောလျက် ရခိုင်တွင် စစ်ပွဲရပ်၊ စစ်အင်အားလျှော့ချပြီး ပြည်တွင်းနိုင်ငံရေး ရည်ရွယ်ချက်အား အကောင်အထည်ဖေါ်ရန်ပြင်ဆင်ခြင်းဖြစ်သည်ကို နောက်ပိုင်း တွင်တွေ့ရသည်။ AA အဖို့ပြောလျှင်လည်း ၂ နှစ်တာစစ်ပွဲရင်ဆိုင်ပြီးနောက် တပ်နှင့်ဒေသကို ပြန်လည်တည်ဆောက်ရန် ရည်ရွယ်ပုံရသည်။ AA အဖို့ပြောလျှင် ၂၀၁၉ " မုန်တိုင်းကြားမှာဖြတ်သန်းကြ" ဟုသည့်ကြွေးကြော်သံနှင့် " ၂၀၂၀ အာရကန်အိပ်မက်" အား အောင်မြင်စွာ အကောင်အထည်ဖေါ်နိုင်ပြီးရခိုင်တွင် ခြေကုပ်ကောင်းစွာ ရယူနိုင်ခဲ့ပြီဖြစ်သည်။ ပြင်းထန်သောတိုက်ပွဲကို ဖြတ်သန်းရင်ဆိုင်ပြီး တပ်နှင့်ဒေသကို ပြန်လည်တည်ဆောက်ရန် AA အတွက် အချိန်တခုလိုအပ်ပုံရသည်။

ပြင်းထန်သော ရခိုင်စစ်ပွဲအတွင်း AAအတွက်အားသာချက်မှာ ရခိုင်လူထု၏ အားကောင်းသော ထောက်ခံမှုနှင့် AA အပေါ်ထားရှိသော ကြီးမားသော မျှော်လင့်ချက်ကြောင့်ဖြစ်သည်။ ရခိုင်ပြည်ရှိလက်နက်ကိုင်တိုက်ပွဲများအတွင်း စစ်ဝတ်စစ်စားအပြည့်အစုံ၊ စစ်လက်နက်အပြည့်အစုံနှင့် အားကောင်းမောင်းသန်ရှိ

သော AA လက်နက်ကိုင်တပ်ဖွဲ့ပေါ်ပေါက်လာခြင်းသည် ရခိုင်လူထုအတွင်း ကြီးစွာသောဂယက်ရိုက်ခတ်မှုဖြစ်စေသည့် စိတ်လှုပ်ရှားစရာ ကိစ္စကြီးတခုဖြစ်ခဲ့သည်။

## ULA/ AA ခေါင်းဆောင်မှု

ULA ဥက္ကဋ္ဌနှင့် AA စစ်ဦးစီးချုပ်တာဝန်အား ဗိုလ်ချုပ်ထွန်းမြတ်နိုင်က တာဝန်ယူပြီး ULA အတွင်းရေးမှူးနှင့် AA ဒုစစ်ဦးစီးချုပ်တာဝန်အား ဗိုလ်မှူးချုပ်ညိုထွန်းအောင်ကတာဝန် ယူသည်။ AA ခေါင်းဆောင်ပိုင်းတွင် ဗိုလ်မှူးကြီးကျော်ဟန်နှင့် AA ပြောခွင့်ရပုဂ္ဂိုလ်ဖြစ်သူ ဦးခိုင်သုခ တို့အား လူသိများသည်။ အခြားခေါင်းဆောင်နှင့် တာဝန်များအား ထုတ်ဖော်ကြေညာခြင်းမရှိပါ။

## ULA/AA တပ်ဖြန့်ခွဲထိမ်းချုပ်မှု

ကုလားတန်မြစ်ဖျား ပလက်ဝဒေသမှသည် ရခိုင်မြောက်ပိုင်း မယူမြစ်ဝှမ်း၊ ကုလားတန်မြစ်ဝှမ်း၊ လေးမြို့မြစ်ဝှမ်း၊ အမ်းတောင်တန်း၊ ကျောက်ဖြူ ၊ ရမ်းဗြဲ ၊ တောင်ကုတ်ဒေသများအားဖြန့်ကျက်စိုးမိုးထားသည်။ သံတွဲ၊ ဂွဒေသများသို့ ထိုးဖောက် လှုပ်ရှားသည့် မြေပြင်သတင်းများလည်းကြားရသည်။ AA လက်နက်ကိုင် လှုပ်ရှားမှုမရှိသည့်မြို့မှာ မာန်အောင်ကျွန်းသာရှိပုံရေတာ့သည်။ မာန်အောင်ပင်လျှင် ULA ထိုးဖေါက်မှု ရှိနိုင်သည်။

လက်ရှိအချိန်တွင် ULA/AA ၏ ဖွဲ့စည်းပုံများအား လျှို့ဝှက်ထားရှိရာ အပြည့်အစုံသိရန်မလွယ်ကူသေးပေ။ မြေပြင်သတင်းများအရ အယ်ဖါ၊ ဘီတာ၊ နိဗ္ဗာ ဟူသောအမည်များဖြင့် စစ်ဒေသများ ဖွဲ့စည်းထားပြီး စစ်ဒေသ ၇ ခုမှ ၉ ခုအထိ ဖွဲ့ထားနိုင်သည်ဟု ခန့်မှန်းရသည်။ စစ်ဒေသတခုချင်းအား စစ်ဒေသမှူး တဦးစီက ကွပ်ကဲသည်။ စစ်ဒေသအောက်တွင် ဗျူဟာနှင့် တပ်ရင်းများ အဆင့်ဆင့် ဖွဲ့စည်းထားသည်။ ဗျူဟာနှင့်တပ်ရင်းများက သတ်မှတ်ထားသော ဂွင်အလိုက် စစ်ရေးတာဝန်ယူသည်။ စစ်ဒေသတိုင်းတွင် နိုင်ငံရေးမှူး၊ ဒုနိုင်ငံရေးမှူးများ ခန့်အပ်ထားပြီး ၎င်းတို့က ဒေသအုပ်ချုပ်ရေးတာဝန်ယူသည်။ စစ်ဒေသအရွယ်အစားကိုလိုက်၍ နယ်မြေ ၃ ခု/ ၅ ခု စသဖြင့်ဖွဲ့စည်းထားပြီး နယ်မြေမှူးများအား လေ့ကျင့်ခန့်အပ်ထားသည်။ နယ်မြေမှူးများအောက်တွင် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများထားရှိသည်။ စစ်ဒေသများအပြင် တပ်မ ဟာ ၃ ခုသီးခြားဖွဲ့ထားသည်ဟု မြေပြင်သတင်းများအရသိရသည်။ ဗဟိုကကိုင်သည့် လှုပ်ရှားတပ်မဟာများဖြစ်ပုံရသည်။

အဆိုပါ စစ်ဒေသနှင့်တပ်မဟာများအောက်တွင် တပ်ရင်း ၅ဝ ခန့်ဖွဲ့စည်းထားနိုင်သည်ဟု မြေပြင်သတင်းများပေါ်အခြေခံ၍သုံးသပ်ရပါသည်။ ဒေသအုပ်ချုပ်ရေးနှင့်ပတ်သက်ပြီး ၂ဝ၂ဝ အပစ်ရပ်ထားသည့်ချိန်မှစ၍ လေ့ကျင့်ဖွဲ့စည်း မှုများပြုလုပ်နေသည်ဟု ကြားသိရသည်။ ဒေသအုပ်ချုပ်ရေးအား အထောက်အကူပြုရန် ရဲအင်အား ၅ဝဝဝ ခန့်အားလည်း လေ့ကျင့်ပြီးစီးပြီဟု မြေပြင်သတင်းများ အရ သိရသည်။ ဒေသအုပ်ချုပ်ရေး၊ တရာစီရင်ရေး၊ အခွန်ကောက်ခံရေးတို့ စတင်လုပ်ဆောင်နေပြီး ကျန်းမာရေး၊ ပညာရေး၊ လူမှုစီပွါး၊ လယ်ယာသစ်တော ကဏ္ဍများအား ဆက်လက်ကိုင်တွယ်နိုင်ရန်ပြင်ဆင်နေသည်ဟု ဆိုပါသည်။

လက်ရှိ AA တပ်ဖွဲ့အင်အားစုစုပေါင်းမှာ တိုက်ခိုက်ရေး၊ အုပ်ချုပ်ရေး၊ ရဲ၊ နောက်တန်းဌာနများအပါ စုစုပေါင်းအင်အား ၃ဝဝဝဝ ခန့်ရှိနိုင်သည်ဟု မြေပြင်သတင်းများအရ သုံးသပ်ရပါသည်။ လက်နက်ခဲယမ်းအခြေအနေကိုတော့ သိရှိနိုင်ခြင်းမရှိပါ။ AA တပ်ဖွဲ့များသည် အများစု ရခိုင်တွင်ရှိနေသော်လည်း အချို့အင်အားများသည် KIA နှင့် KNU ဒေသများတွင်လည်း ရှိနေသေးသည်ဟုဆိုပါသည်။ လက်ရှိရခိုင်တွင် AA တပ်ဖွဲ့တွင်းသို့ဝင်ရောက်လိုသည့် လူငယ်အများရှိနေပြီး သင်တန်းတက်ရန် တန်းစီစောင့်ဆိုင်းနေကြသည်ဖြစ်ရာ AA အတွက်တပ်သားရေသောက် မြစ် ကောင်းစွာရှိနေသည်။

## ဘဏ္ဍာရေးအခြေအနေ

လက်ရှိ AA သည် သူ၏တပ်ဖွဲ့ဝင်များအား စစ်ဝတ်စုံကောင်းစွာ တပ်ဆင်ပေးထားနိုင်သည်။ ရိက္ခာကောင်းစွာ ထောက်ပံ့ထားနိုင်သည်။ မြင်သာထင်သာရှိသော တပ်ဖွဲ့ဝင်များ လက်နက်အပြည့်အစုံတပ်ဆင်ထားနိုင်သည်ဖြစ်ရာ ဘဏ္ဍာရေးအခြေအနေကောင်းမွန်သည်ဟုဆိုရမည်။ AA တပ်ဖွဲ့အား ထောက်ခံအားပေးသော ရခိုင်ပြည်နယ်တွင်း ၊ ပြည်နယ်ပနှင့်နိုင်ငံရပ်ခြားမှ ရခိုင်တို့၏ လစဉ်ထောက်ပံ့မှုက AA အတွက်တအားဖြစ်သည်။ ထို့ပြင်အချို့စီးပွါးရေး လုပ်ငန်းများ ထူထောင်ထားပုံရပါသည်။

## တပ်ပေါင်းစု

AA ထူထောင်ရာတွင် KIA ၏ အကူအညီပေးမှုသည် အရင်းခံဖြစ်ပေရာ KIA သည် AA ၏အခြေခံမဟာမိတ်ဖြစ်သည်။ ၂ဝ၁၇ မှစ၍ မြောက်ပိုင်းနိုင်ငံရေးမဟာမိတ် ၇ ဖွဲ့တွင်ပါဝင်သည့်အပြင် TNLA/MNDAA တို့နှင့် စစ်ရေးမဟာမိတ်

ဖွဲ့စည်းထားသည်။ မြောက်ပိုင်းမဟာမိတ် အဖွဲ့အတွင်း AA နှင့် UWSA တို့ကြား ရင်းနှီးသည့်ဆက်ဆံရေးရှိပါသည်။

## အစိုးရ/တပ်နှင့်ဆက်ဆံရေး

၂၀၁၅ ခုနှစ် NCA ထိုးရာတွင်ပါဝင်ခွင့်ပြုရန် အစိုးရ/တပ်၏ ငြင်းပယ်ခြင်းခံရသည်။ တပ်ဖျက် လက်နက်အပ်ရန် တောင်းဆိုခံရသည်။ ပထမအကြိမ် ပင်လုံညီလာခံတက်ရောက်ရေး ညှိနှိုင်းခြင်းအဆင်မပြေခဲ့ပါ။ တရုတ်၏ကြားဝင်ညှိနှိုင်းပေးမှုကြောင့် ဒုတိယ/တတိယ ပင်လုံညီလာခံအား မြောက်ပိုင်း ၇ ဖွဲ့နှင့်အတူ တက်ရောက်ခဲ့သည်။ ၂၀၁၈ နှစ်ကုန်တွင် NRPC/ငြိမ်းချမ်းဂရုကော်မရှင်က တွေ့ဆုံဆွေးနွေးရန်သဘောတူခဲ့ပြီး ၂၀၁၉ ခုနှစ်အတွင်း မြောက်ပိုင်း ၄ ဖွဲ့နှင့်အတူ အပစ်ရပ်ရေး ၆ ကြိမ်ခန့်ဆွေးနွေးခဲ့သော်လည်း သဘောတူညီမှုမရခဲ့ပါ။ ၂၀၂၀ နိုဝင်ဘာရွေးကောက်ပွဲကာလတွင် နိပ္ပွန်ဖေါင်ဒေးရှင်းဥက္ကဋ္ဌမစ္စတာ ဆာဆာကာဝါ၏ ညှိနှိုင်းမှုဖြင့် AA နှင့် တပ်ကြား အပြန်အလှန်ကြေညာချက်ထုတ်ပြန်ပြီး နိုဝင်ဘာ ၁၁ ရက်နေ့မှစ၍ ယနေ့တိုင် အပစ်အခတ်ရပ်စဲခဲ့သည်။ သို့သော်လည်း နားလည်မှုဖြင့်အပစ်အခတ်ရပ်စဲထားသည့်အနေ အထားသာဖြစ်နေဆဲဖြစ်ပြီး ၆ လခန့် ကြာမြင့်ပြီဖြစ်သော်လည်း တရားဝင်ဆွေးနွေးပွဲပြုလုပ်နိုင်ခြင်းမရှိသေးပါ။ နစအ ကောင်စီအာဏာရယူပြီးနောက် AA အားအကြမ်းအဖွဲ့ကြေညာထားခြင်းအား ဖျက်သိမ်းပေးခဲ့သည်။ မည်သို့ဆိုစေ AA ၏နိုင်ငံရေး ရည်မှန်းချက် အောင်မြင်ရေးအတွက် စားပွဲဝိုင်းပေါ်ကနိုင်ငံရေးဆွေးနွေးမှုသည်လည်း လမ်းစတခု ဖြစ်နေဆဲဖြစ်သည်။

## ပြည်ပဆက်ဆံရေး

မြောက်ပိုင်းအဖွဲ့များနည်းတူ တရုတ်နှင့်ဆက်ဆံရေးကောင်းသည်ဟု သုံးသပ်ရသည်။ သို့သော် AA အခြေစိုက်ရာ ရခိုင်ပြည်နယ်သည် အခြားမြောက်ပိုင်းအဖွဲ့များကဲ့သို့ တရုတ်နယ်စပ်တွင် မရှိဘဲ အနောက်ဖက်ပင်လယ်ကမ်းရိုးတန်းတွင်ရှိရာ အခြားအင်အားကြီးနိုင်ငံများကလည်း အားကောင်းမောင်းသန်ရှိလာသည့် AA အားစိတ်ဝင်တစားအကဲခတ်စောင့်ကြည့်နေကြသည်။

**နိုင်ငံရေး/စစ်ရေး**

ULA/AA ၏ နိုင်ငံရေးလမ်းစဉ်မှာ ရက္ခိုတလမ်းစဉ် ဟုဆိုသည့် ရခိုင်အမျိုးသားရေးအလံလွှင့်ထားသည်။ အနိမ့်ဆုံး " ၀ " ပုံစံကွန်ဖက်ဒရိတ်အဆင့် အတန်းလိုချင်သည်ဟု အတိအလင်း ဆိုထားသည်။ လက်ရှိကာလတွင် ULA/AA သည် ရခိုင်နိုင်ငံရေးတွင် အရေးပါသော အဆုံးအဖြတ်ပေးနိုင်သော အခန်းတွင်ရှိသည်။ မြေပေါ်ဉပဒေတွင်း ရခိုင်ပါတီများ၏ ဩဇာကို ကျော်လွန်သွားခဲ့ပြီဖြစ်သည်။ ထို့ပြင် လက်ရှိ ULA/AA ၏ အုပ်ချုပ်ရေးဩဇာအာဏာသည် ၎င်းတို့ထိမ်းချုပ်ထားရာဒေသများတွင် ထိရောက်မှုရှိနေပြီး လောလောဆယ် ရခိုင်တွင် အစိုးရနှစ်ရပ်ရှိနေသည့်ပုံစံကိုတွေ့မြင်နေရသည်။

စစ်ရေးအရ အရှေ့မြောက်တွင်၎င်း၊ ရခိုင်ပြည်နယ်တိုက်ပွဲများတွင်၎င်း စစ်ရေးအစွမ်းအစပြနိုင်သည်။ စခန်းသိမ်းတိုက်ပွဲ၊ ချေမှုန်းရေးတိုက်ပွဲ၊ ခံစစ်တိုက်ပွဲများတိုက်ခိုက်နိုင်သည့်အပြင် ပြောက်ကျားလှုပ်ရှားမှုများ ကျယ်ပြန့်စွာလှုပ်ရှားနိုင်သည်ကိုတွေ့ရသည်။ လက်ရှိရခိုင်တွင် အပစ်အခတ်ရပ်နေသော်လည်း အချိန်မရွေးတိုက်ပွဲပြန်ဖြစ်နိုင်သည့်အခြေအနေတွင်ရှိသည်။ လက်ရှိ ကချင်ပြည်ရှိ AA တပ်ဖွဲ့များသည် တိုက်ပွဲများတွင် KIA နှင့်အတူ သိုသိုသိပ်သိပ် ပါဝင်တိုက်ခိုက်နေသည်ဟူသည့် သတင်းများထွက်ပေါ်နေသည်။ နိုင်ငံရေးအရ ဆွေးနွေးဖြေရှင်းနိုင်ခြင်း မရှိပါက ရခိုင်တကျော့ပြန်စစ်ပွဲသည် ၂၀၁၉/၂၀၂၀ ကာလစစ်ပွဲထက် ပို၍ရက်စက်ပြင်းထန်ဘွယ်ရှိပါသည်။ ရခိုင်ပြည်နယ်နှင့် ရခိုင်လူ့အဖွဲ့အစည်းတို့သည် အခြားပြည်နယ်များထက်နှိုင်းယှဉ်လျှင် ပို၍ သီးခြားဆန်သော ထူးခြားမှုရှိသည်ကို ေတွ့ရသည်။။ သို့ဖြစ်ရာ အာရကန်အိပ်မက် နှင့် ULA/AA ၏ ရှေ့အလားအလာသည် စိတ်ဝင်စားဖွယ် အခင်းအကျင်းသစ်တရပ်အေနနှင့် တွေ့ရနိုင်သည် ။ ပြင်းထန်သော ပေါက်ကွဲမှုတရပ်အဖြစ်လည်းတွေ့ရနိုင်ပေသည်။

## KNU/KNLA ကရင်တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့

KNU ကရင်အမျိုးသား အစည်းအရုံးသည် ရှည်ကြာသော သမိုင်းကြောင်းရှိခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် အစိုးရအား အစောဆုံး ပုန်ကန်တိုက်ခိုက်သည့် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့အဖြစ်ထင်ရှားသည်။ သမိုင်းအစဉ်အလာနှင့် နိုင်ငံရေး ဩဇာကြီးမားသည့် အဖွဲ့အစည်းဖြစ်သည်။ ဤနေရာတွင် ရှည်လျားသော သမိုင်းကြောင်းအား မဖေါ်ပြတော့ပါ။ လက်ရှိအခြေအနေကိုသာ လိုတိုရှင်းဖေါ်ပြသွားပါမည်။

၁၉၈၈ နောက်ပိုင်း KNU သည် အစိုးရတပ်၏ ပြင်းထန်သောထိုးစစ်ကို ကြုံခဲ့ရသည်။ စစ်ရေးအကြပ်အတည်းအပြင် KNU အတွင်း နိုင်ငံရေးအကြပ်အတည်းကိုလည်း ကြုံခဲ့ရသည်။

၁၉၉၄ ခုနှစ်တွင် KNU မှ ဗုဒ္ဓဘာသာကရင်များက DKBA ဟုခွဲထွက်သွားပြီးသီးခြားရပ်တည်သည့်အပြင် တပ်နှင့်ပေါင်း၍ KNU အားပြန်တိုက်သည် ပင်ကြုံခဲ့ရသည်။ တဖန် ၂၀၀၇ခုနှစ် ဇန္နဝါရီ ၃၁ တွင် KNU တပ်မဟာ ၇ မှူး စောဌေးမောင် ခေါ် ဗိုလ်ထိန်မောင်အဖွဲ့ ခွဲထွက်ပြီး KNU/KNLA-(PC) ဟူ၍ ခွဲထွက်ပြီးသီးခြားရပ်တည်သည်။ ထို့ပြင် KNU ဗဟိုမှ ဖဒိုအောင်ဆန်း၊ လှိုင်းဘွဲ့ ဒေသမှ စောသမူဟဲ၊ တောင်ငူဒေသမှ စောဖယ်ရီမိုးစသည့်လူအချို့တို့လည်း အင်အားအနည်းငယ်စီဖြင့် KNU မှ ခွဲထွက်၍ လက်နက်ချပြီး အစိုးရနှင့် ပူးပေါင်းသွားခဲ့သည်။

အဆိုပါ နိုင်ငံရေး၊ စစ်ရေး၊ ဘာသာရေးအကြပ်အတည်းကြားမှ KNU သည် ဆက်လက်ရပ်တည်ခဲ့သည်ကို တွေ့ရသည်။

## လက်ရှိ KNU ခေါင်းဆောင်မှု

၄ နှစ်တကြိမ် ကျင်းပသော KNU ညီလာခံမှ ၂၀၁၆ ခုနှစ်တွင် ရွေးကောက်တင်မြှောက်သော ဗဟိုကော်မတီသည် လက်ရှိ KNU ကိုခေါင်းဆောင်နေသည်။ ၂၀၂၀ တွင် KNU ညီလာခံ ပြန်လည်ကျင်းပရန်ဖြစ်သော်လည်း ကိုဗစ်ကြောင့် မကျင်းပနိုင်ဘဲ ၂၀၂၁ ထဲတွင် ပြန်လည်ကျင်းပဘွယ်ရှိသည်။

## ဥက္ကဋ္ဌ စောမူတူးဆေးဖေါ်

ဒုဥက္ကဋ္ဌ ဖဒိုကွယ်ထူးဝင်း

အတွင်းရေးမှူး ဖဒိုတာဒိုးမူ နှင့် ဗဟိုကော်မတီက ခေါင်းဆောင်သည်။

စစ်ဦးစီချုပ် ဗိုလ်ချုပ်ကြီးစောကျော်နီ
ဒုစစ်ဦးစီးချုပ် ဗိုလ်ချုပ် ဘောကျော်ဟဲ တို့ခေါင်းဆောင်သည်။

KNU အား နိုင်ငံရေးခေါင်းဆောင်မှုအနေဖြင့်ဖွဲ့စည်းထားပြီး တပ်အနေနှင့် KNLA- ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် နှင့် KNDO- Karen National Defence Organization ကရင်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ ဟု ဖွဲ့စည်းထားသည်။ ကရင်တော်လှန်ရေးမစမီ KNDO ကိုစတင်ဖွဲ့စည်းသည်ဖြစ်ရာ ကရင်တော်လှန်ရေးသရုပ်လက္ခဏာတခုအဖြစ် ဆက်လက်ဖွဲ့စည်းထားပုံရသည်။ KNU ၏ အဓိက လက်နက်ကိုင်တပ်ဖွဲ့မှာ KNLA ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်ဖြစ်သည်။

## လက်ရှိ KNU ထိမ်းချုပ်နယ်မြေ

၁။ တောင်ငူခရိုင်
၂။ ညောင်လေးပင်ခရိုင်
၃။ သထုံခရိုင်
၄။ ဖါပွန်ခရိုင်
၅။ ဘားအံခရိုင်
၆။ဒူပလာယာခရိုင် (ကြာအင်းဆိပ်ကြီး၊ ဘုရားသုံးဆူဒေသ)
၇။ ထားဝယ်ခရိုင် ဟူ၍ ခရိုင် ၇ ခု ဖွဲ့စည်းထားရှိသည်။ ခရိုင်ခေါင်းဆောင်များအား ၂ နှစ်တကြိမ် ရွေးကောက်တင်မြောက်သည်။

ခရိုင်တခုတွင် ပျမ်းမျှ မြို့နယ် ၃ ခုဖွဲ့စည်းထားသည်။ ခြွင်းချက်အနေနှင့် မြို့နယ် ၂ ခုဖွဲ့စည်းထားသောခရိုင်လည်းရှိသည်။ ကျေးလက်ဒေသကို အခြေပြုသည်။

## လက်ရှိ KNU တပ်ဖြန့်ခွဲလှုပ်ရှားမှု

KNU ဌာနချုပ်အား ဘားအံခရိုင်တွင်အခြေပြုသည်။ ဗဟိုဌာနချုပ်၌ တပ်ရင်း ၂ ရင်းခန့်ရှိသည်။ ဗဟိုဌာနချုပ်အောက်တွင် တပ်မဟာ ၇ ခုဖွဲ့စည်းထား သည်။

၁။ တပ်မဟာ ၁ - သထုံခရိုင်
၂။ တပ်မဟာ ၂ - တောင်ငူခရိုင်

၃။ တပ်မဟာ ၃ - ညောင်လေးပင်ခရိုင်
၄။ တပ်မဟာ ၄ - ထားဝယ်ခရိုင်
၅။ တပ်မဟာ ၅ - ဖါပွန်ခရိုင်
၆။ တပ်မဟာ ၆ - ဒူပလာယာခရိုင်
၇။ တပ်မဟာ ၇ - ဘားအံခရိုင် စသဖြင့် ခရိုင်အလိုက် တပ်မဟာများ ဖြန့်ခွဲထားသည်။
တပ်မဟာ တခုလျှင် KNLA ၂ ရင်းမှ ၃ ရင်း၊ KNDO- ၁ ရင်း နှင့်ပြည်သူ့စစ်များရှိသည်။ အချို့တပ်မဟာတွင် အထူးတပ်ရင်းများရှိသည်။ တပ်မဟာ တခုနှင့်တခု အင်အားအညီအမျှမရှိပါ။ အချို့အားကောင်း၍ အချို့ ဖွဲ့စည်းပုံအပြည့်အင်အားမရှိပါ။ KNU တပ်မဟာများထဲတွင် တပ်မဟာ ၅ သည် အင်အားအကောင်းဆုံးဖြစ်သည်ဟုဆိုကြပါသည်။ တိုက်ခိုက်ရေး၊ အုပ်ချုပ်ရေး၊ ကျန်းမာရေး၊ သဘာဝထိမ်းသိမ်းရေး စသည့်နောက်တန်းအင်အားများပါ ပါဝင်သည့် KNU စုစုပေါင်းအင်အားသည် ၈၀၀၀ ခန့်နှင့်အထက်ရှိနိုင်သည်ဟု ကရင်ခေါင်း ဆောင်တဦးက ဆိုပါသည်။ ခေတ်မှီလက်နက်တပ်ဆင် ထားနိုင်မှုရှိသည်ကို တွေ့ရ သည်။ လက်နက်ခဲယမ်းရရှိရေးအတွက်မူ ရှန်းကန်နေရသည်ဟုသုံးသပ်ရသည်။

## ဘဏ္ဍာရေး

မဆလ မှောင်ခိုခေတ်က မှောင်ခိုလမ်းကြောင်းကြောင့် KNU သည် အခွန်ရရှိခဲ့ပြီး ဘဏ္ဍာရေးအခြေအနေကောင်းခဲ့သည်။ ယခုနောက်ပိုင်းတွင် အခွန်ရရှိ မှုကျဆင်းသွားသည်။ အချို့နယ်မြေများတွင် ရွှေတူးဖေါ်မှုရှိသည်ဟုသိရသည်။ မည်သို့ဖြစ်စေ ဘဏ္ဍာရေးနှင့်ပတ်သက်ပြီး ရှန်းကန်နေရသည်ဟုသုံးသပ်ရပါသည်။

## တပ်ပေါင်းစု

KNU သည် မဒညတ၊ မဒတ မှသည် ယနေ့ကာလထိ ခေတ်အတက် ဆက် တိုင်းရင်းသားတပ်ပေါင်းစုအား ဦးဆောင်ဖွဲ့စည်းခဲ့သည်။ ၂၀၁၅ ထိ UNFC အဖွဲ့တွင်ပါဝင်ခဲ့သည်။ သို့သော် ၂၀၁၅ တွင် NCA တွင် KNU လက်မှတ်ထိုး ပြီးနောက်တွင် UNFC အဖွဲ့ပျက်သွားသည်။

ထို့နောက်တွင် KNU သည် မည်သည့်တပ်ပေါင်းစုတွင်မှ ပါဝင်သည်ကို မတွေ့ရပါ။ သို့သော် ယခင် UNFC အဖွဲ့ဝင်များဖြစ်သည့် KIO/SSPP/NMSP တို့နှင့် နီးကပ်သော ဆက်ဆံရေး ရှိသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် PPST-

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့တွင် ပါဝင်သည်။ NCA ထိုးရာတွင်ပါဝင်သော KNU ခွဲထွက် အဖွဲ့ ၂ ဖွဲ့ဖြစ်သည့် DKBA ၊ KNU/KNLA( PC) တို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ကရင်အသံ တသံတည်းထွက်ရန် ကြိုးစားလုပ်ဆောင်နေသည်ကိုတွေ့ရသည်။

KNU ၏ တပ်မဟာ ၆ နယ်မြေ ဒူပလာယာခရိုင်မှာ မွန်ပြည်သစ်ပါတီ NMSP လည်း အခြေပြုရာဒေသဖြစ်၍ နယ်မြေထိမ်းချုပ်ရေးနှင့်ပတ်သက်ပြီး KNU နှင့် NMSP ကြား လက်နက်ကိုင်ပဋိပက္ခ ဖြစ်လေ့ရှိသည်။ ယခုနောက်ပိုင်းတွင် ပြသနာမကြီးထွားစေရန် ညှိနှိုင်းဖြေရှင်းလေ့ရှိသည်ကို တွေ့ရသည်။

၂၀၂၁ ခုနှစ် ဧပြီလ ၂၇ ရက်နေ့ PPST ဆွေးနွေးပွဲဆုံးဖြတ်ချက်အရ PPST ၁၀ ဖွဲ့အနေနှင့် NCA လက်မှတ်ရေးထိုးမထားသော EAO အဖွဲ့များနှင့် တပ်ပေါင်းစုဖွဲ့ရေး ဆွေးနွေးသွားမည် ဟုဆိုပါသည်။ သို့သော် ၂၀၂၁ ခုနှစ် ဧပြီလ ၂၅ ရက်နေ့က NCA လက်မှတ်ရေးထိုးထားသော ၁၀ ဖွဲ့အနက်မှ DKBA နှင့် KNU/KNLA-PC အဖွဲ့ ၂ ဖွဲ့သည် နစအ ညှိနှိုင်းရေးကော်မတီနှင့် သီးခြားစီတွေ့ဆုံဆွေးနွေးသည်ကို တွေ့ရသည်။

**အစိုးရနှင့်ဆက်ဆံရေး**

၂၀၁၅ ခုနှစ်တွင် NCA လက်မှတ်ရေးထိုးခဲ့ပြီး ပင်လုံညီလာခံတွင်ပါဝင်ခဲ့သည်။ ၂၀၁၈ ခုနှစ် နှစ်ကုန်တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲလုပ်ငန်းစဉ်မှ ခေတ္တရပ်နားသည်။ ၂၀၂၀ ခုနှစ်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပြန်လည်ပါဝင်သည်။ ၂၀၂၁ ခုနှစ် နစအ တက်လာသောအခါ ပြင်းပြင်းထန်ထန်ရှုံ့ချခဲ့ပြီး လောလောဆယ် ဆက်ဆံရေးရပ်တန့်နေသည်။ ထို့ပြင် KNU တပ်မဟာ အချို့ အထူးသဖြင့် တပ်ဟာ ၅ နယ်မြေတွင် နစအတပ်များနှင့် တိုက်ပွဲများပြန်လည်ဖြစ်ပွါးခဲ့သည်။

**ပြည်ပဆက်ဆံရေး**

ထိုင်းနယ်စပ်တလျှောက်တွင်ရေရှည်ရပ်တည်နေရာ ထိုင်းနှင့် ဆက်ဆံမှုရှိသည်။ ထိုင်းပိုင်နက်အတွင်း၌လည်း ကရင်ရွာများ၊ ကရင်ဒုက္ခသည်စခန်းများရှိရာ မကင်းရာ မကင်းကြောင်း ဆက်ဆံရေးရှိသည်ဟု သုံးသပ်ရသည်။

**နိုင်ငံရေး၊ စစ်ရေး**

၂၀၁၅ မှစ၍ NCA လမ်းကြောင်းပေါ်တွင်ရှိသည်။ တပ်မဟာ ၅ နှင့် တပ်နေရာချရေး အဆင်မပြေသည်မှလွဲ၍ အစိုးရနှင့်ဆက်ဆံရေးကောင်းမွန်ခဲ့သည်။ ၂၀၂၁ နစအ အစိုးရ ပြန်တက်လာပြီးနောက် ဆက်ဆံရေးရပ်တန့်နေပြီး ဆွေးနွေးပွဲများရပ်ဆိုင်းသွားသည်။ KNU တပ်မဟာ အချို့တွင်တိုက်ပွဲများပြန်ဖြစ်ခဲ့သည်။ တပ်မဟာ ၅ နယ်မြေတွင်တိုက်ပွဲများပြင်းထန်ပြီးတပ်မ ဟာ ၁ နှင့် ၃ ဒေသတို့လည်း တိုက်ပွဲအချို့ဖြစ်ပွါးသည်။ ကျန်တပ်မဟာ နယ်မြေများတွက် တိုက်ပွဲဖြစ်ပွါးမှု မတွေ့ရသလောက်နည်းပါးသည်။ KNU သည် စစ်ရေးအတွေ့အကြုံကြီးမားသည်။ စခန်းသိမ်းတိုက်ပွဲ၊ ခံစစ်တိုက်ပွဲ၊ ချေမှုန်းတိုက်ပွဲ များစွာ အတွေ့အကြုံရှိသည်။ လက်ရှိနိုင်ငံရေးအပြောင်းအလဲသည် KNU အပေါ်သက်ရောက်မှု ကြီးမားသည်ဖြစ်ရာ KNU မည်သို့အလှည့်အပြောင်းဖြစ်မည်ဆိုသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်သည်။

**RCSS/SSA ရှမ်းတိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့**

မိုးဟိန်း ခေါ် စဝ်ကွမ်ဇိဏ်းသည် မူလက ဗမာပြည်ကွန်မြူနစ်ပါတီ ရှမ်းပြည်နယ်မှဖြစ်သည်။ နောင်တွင် ရှမ်းပြည်ကွန်မြူနစ်ပါတီဟုခွဲထွက်သည်။ ၁၉၅၈ တွင် ဖဆပလ အစိုးရအောက်တွင်လက်နက်နှင့်ငြိမ်းချမ်းရေးလဲသည်ဟူ၍ အလင်းဝင်ခဲ့ပြီး သီပေါအနီးအခြေပြု၍နေခဲ့သည်။။ သို့သော် ၁၉၅၈ ထဲတွင်ပင် မိုင်းတုဒေသ၌ နွမ်စစ်ဟန် ပုန်ကန်မှုစသောအခါ နွမ်စစ်ဟန်နှင့် ပူးပေါင်းခဲ့သည်။ ၁၉၆၀ ခန့်တွင် မိုးဟိန်းသည် SNUF- Shan National United Front ဟု သီးခြားဖွဲ့စည်းခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် မဟာဒေဝီ ဦးဆောင်ဖွဲ့စည်းသည့် SSA တွင် ပြန်လည်ပူးပေါင်းပါဝင်ခဲ့သည်။၁၉၆၉ ခုနှစ် ဇန္နဝါရီလတွင် မိုးဟိန်းသည် SURA- Shan United Revolutionary Army ဟူ၍ ပြန်လည်ခွဲထွက်ခဲ့သည်။ SURA သည် လွိုင်လင်၊ မိုင်းကိုင်ဒေသ၊ လင်းခေး၊ မိုးနဲ၊ မောက်မယ်ဒေသတို့တွင် တပ်ဖြန့်လှုပ်ရှားပြီး ဌာနချုပ်ကို ထိုင်းနယ်စပ် ပိန်းလုံအနီး အခြေပြုခဲ့သည်။

ခွန်ဆာသည် မူလက အစိုးရလက်အောက်ခံ တန့်ယန်းမြို့နယ် လွယ်မော် ကာကွယ်ရေးခေါင်းဆောင်တဦးဖြစ်သည်။ ၁၉၆၉ ခုနှစ် အစိုးရကို ပုန်ကန်သည်မှစ၍

အင်အားထောင်ချီတိုးပွါးလာသည်။ တပ်ဖွဲ့အမည်အားလည်း SUA- Shan United Army ဟူ၍ဖွဲ့စည်းခဲ့သည်။

ခွန်ဆာ၏ SUA သည် ၁၉၇၀ ခုနှစ်နောက်ပိုင်းမှစ၍ ထိုင်းနယ်စပ်တွင် အခြေပြုပြီး ဘိန်းလုပ်ငန်းဖြင့် အင်အားကောင်းလာပြီး အမည်ကျော်လာခဲ့သည်။ ထိုင်းနယ်စပ်ရှိ အင်အား ၃၀၀၀ ခန့်ရှိ မိုးဟိန်း၏ SURA နှင့် SSPP/SSA(တောင်ပိုင်း)မှ ဗိုလ်မှူးကြီးစမ်းမိုင် ဦးစီး အင်အား ၅၀၀ ခန့်သည် ၁၉၈၄ ခုနှစ်တွင် ပူးပေါင်း၍ TRC/TRA- Tai RevolutionaryCouncil/ Tai Revolutionary Army ကို ဖွဲ့စည်းခဲ့ကြသည်။ တဖန် ထို TRC/TRA သည်၁၉၈၅ ခုနှစ်တွင် အင်အား ၅၀၀၀ ခန့်ရှိ ခွန်ဆာ၏ SUA နှင့် ပူးပေါင်း ၍ MTA - Mong Tai Army ကို ဖွဲ့စည်းခဲ့သည်။ MTA သည် ရှမ်းအရှေ့တွင် အင်အား တသောင်းကျော် ထိကြီးထွားလာခဲ့သည်။

၁၉၉၅ ခုနှစ် ဇွန်လ ၆ ရက်တွင် မူလ SURA မှ စဝ်ကမ်းရွဲသည် MTA မှခွဲထွက်၍ SSNA- Shan State National Army ကို ထူထောင်သည်။ စဝ်ကမ်းရွဲနှင့်အတူ တပ်ရင်း ၃ ရင်းစီပါဝင်သည့် တပ်မဟာ ၄ ခု စုစုပေါင်း အင်အား ၃၀၀၀ ခန့်ပါဝင်ခဲ့ပြီး ရှမ်းပြည်မြောက်ပိုင်း၌ အခြေပြုသည်။ စဝ်ကမ်းရွဲ ခွဲထွက်ပြီးနောက် MTA မှအင်အားအချို့ ထပ်မံပူးပေါင်းသဖြင့် SSNA သည် အင်အား ၄၅၀၀ ထိတိုးပွါးလာခဲ့သည်။

၁၉၉၆ ခုနှစ် ဇန္နဝါရီ ၇ ရက်နေ့တွင် ခွန်ဆာခေါင်းဆောင်သည့် MTA အင်အား တသောင်းကျော် လက်နက်ခဲယမ်းများနှင့်အတူ အစိုးရထံ လက်နက်ချသည်။ ခွန်ဆာလက်နက်ချသည်ကို လက်မခံသည့် စဝ်ရွက်ဆစ်ဦးစီး အင်အား ၃၀၀ ခန့်သည် သံလွင်အနောက်ခြမ်းသို့ကူး၍ အစိုးရအား ဆက်လက်ပုန်ကန်သည်။ မူလ SURA အဖြစ် ပြန်လည်ခံယူပြီး SSA-S ရှမ်းပြည်တပ်မတော်တောင်ပိုင်းကို ပြန်လည်ဖွဲ့စည်းသည်။ လက်နက်ချပွဲတွင်ပါဝင်သူအချို့လည်း စဝ်ရွက်ဆစ်ထံ ပြန်လည်ပူးပေါင်းသဖြင့် အချိန်တိုအတွင်း ပြန်လည်အားကောင်းလာခဲ့သည်။

ရှမ်းပြည်တောင်ပိုင်းတွင်ပြန်လည်လှုပ်ရှားသည့် စဝ်ရွက်ဆစ်၏ တပ်များအား ၁၉၉၆/၉၇/၉၈ နှစ်များအတွင်း အစိုးရတပ်များက ဖြတ်လေးဖြတ် ပြုလုပ်၍ ပြင်းထန်သောထိုးစစ်ဆင်ခဲ့သည်။ အဆိုပါထိုးစစ်ကြောင့် စစ်ဘေးဒုက္ခသည်အများအပြား ထိုင်းသို့ထွက်ပြေးခဲ့ရသည်။သို့သော် ရှမ်းလူထုကြား အမျိုးသားစိတ်မြင့်မားလာပြီး စဝ်ရွက်ဆစ်တို့၏ SSA-S အား လူထုထောက်ခံမှုမြင့်မားခဲ့သည်။

၁၉၉၈ နှစ်ကုန်ပိုင်းတွင် စဝ်ရွက်ဆစ်၏ SSA-S တပ်များသည် သံလွင်အရှေ့ခြမ်းသို့ပြန်ကူးလာပြီး ထိုင်းနယ်စပ် လွယ်တိုင်းလျံတွင် အခြေပြုသည်။ ခွန်ဆာ လက်နက်ချပြီး ထိုင်းနယ်စပ်တွင် အင်အားကောင်းလာသော UWSA တို့အား တန်ပြန်လိုသည့် ထိုင်းတို့၏ ထောက်ခံအားပေးမှု ရရှိပုံရသည်။ ထို့ပြင် ခွန်ဆာလက်နက်ချစဉ်က မပါဝင်ဘဲ ထိုင်းနယ်စပ်တွင် ကျန်ခဲ့သူများကလည်း စဝ်ရွက်ဆစ်တို့အား ပြန်လည်ပူးပေါင်းခဲ့သည်။ ၂၀၀၂ ခုနှစ်မှစ၍ SSA-S တပ်များနှင့် UWSA တပ်များ ရှမ်းအရှေ့ ထိုင်းနယ်စပ်တလျှောက် တိုက်ပွဲများ ဖြစ်ပွါးခဲ့ပြီး ၂၀၀၅ ခုနှစ်မှ တိုက်ပွဲများရပ်ဆိုင်းခဲ့သည်။

၁၉၉၅ ခုနှစ်က MTA မှခွဲထွက်လာသည့် SSNA ခေါင်းဆောင် စဝ်ကမ်းရွဲသည် ၂၀၀၄ ခုနှစ်တွင် ကွယ်လွန်ပြီး စိုင်းယီဆက်လက် ခေါင်းဆောင်သည်။ ၂၀၀၅ ခုနှစ်တွင် ရှမ်းမြောက်တွင် အခြေပြုနေသည့် စိုင်းယီခေါင်းဆောင်သော SSNA တပ်ဖွဲ့များအား နအဖ အစိုးရက လက်နက်စွန့်ခိုင်းရာ စိုင်းယီတို့မှ လက်မခံဘဲ ထိုင်းနယ်စပ်ရှိ စဝ်ရွက်ဆစ်ထံ သွားရောက်ပူးပေါင်းသည်။ စဝ်ရွက်ဆစ်ဦးစီးသည့် SSA-S နှင့် စိုင်းယီခေါင်းဆောင်သည့် SSNA တို့ပူးပေါင်းပြီး RCSS/SSA ( Restoration Council of Shan State/ Shan State Army ) ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် ကိုဖွဲ့စည်းခဲ့သည်။

## RCSS/SSA ခေါင်းဆောင်မှု

လက်ရှိ RCSS/SSA ၏ခေါင်းဆောင်မှုမှာ အောက်ပါအတိုင်းဖြစ်သည်။

ဥက္ကဋ္ဌ စဝ်ရွက်ဆစ်

ဒုဥက္ကဋ္ဌ ၁ စိုင်းယီ

ဒုဥက္ကဋ္ဌ ၂ နှင့်စစ်ဦးစီးချုပ် စဝ်ခေးငင်း

ဒုစစ်ဦးစီးချုပ် စဝ်ဘောင်ခေး

အထွေထွေအတွင်းရေးမှူး ၁ စဝ်စီရိ

အတွင်းရေးမှူး စဝ်စိုင်းငင်း နှင့် ဗဟိုကော်မတီဝင် ၉ ဦးမှ ဦးစီးသည်။

## RCSS/SSA ထိမ်းချုပ်လှုပ်ရှားနယ်မြေ

RCSS/SSA ၏ဌာနချုပ်မှာ ထိုင်းနယ်စပ် လွယ်တိုင်းလျံတွင်အခြေပြုသည်။ ထိုင်းနယ်စပ်ရှိRCSS စခန်းများသည် မိုင်းဆတ်ခရိုင်၏ အရှေ့နှင့်တောင်ဖက်ရှိ ထိုင်းနယ်စပ်တလျှောက်တွင် အခြေပြုသော်လည်း ရှမ်းအရှေ့

မိုင်းယောင်း၊ မိုင်းပျဉ်း၊ မိုင်းယန်းတို့တွင်လည်း လှုပ်ရှားမှုရှိသည်။ တပ်လှုပ်ရှားမှုမပါသော်လည်း တပ်ဖျောက်လှုပ်ရှားစည်းရုံးသည်ဖြစ်ရာအထူးသဖြင့် ရှမ်းအရှေ့ရှိမြို့ရွာအားလုံးလိုလိုရှိ ရှမ်းလူထုကြားတွင် RCSS ဩဇာသက်ရောက်မှုနှင့် အခွန်ကောက်ခံမှုရှိသည်။

၂၀၁၂ တွင် အစိုးရနှင့် အပစ်ရပ် biletral ရေးထိုးထားပြီး နောက်ပိုင်း RCSS တပ်များ တည်ရှိခွင့်နှင့်ပတ်သက်ပြီး အစိုးရက လွယ်တိုင်းလျံနှင့် မုန်းထဧရိယာတွင် သတ်မှတ်ပေးခဲ့သော်လည်း တပ်ေနရာ ချထားမှုနှင့်ပတ်သက်၍ အငြင်းပွါးနေဆဲဖြစ်သည်။

ရှမ်းအရှေ့ရှိ RCSS ထိမ်းချုပ်စခန်းချရာနေရာများမှာ လွယ်တိုင်းလျံ၊ လွယ်ကောင်-မုန်းမိန်း (ထိုင်းနိုင်ငံ မယ်ဟောင်ဆောင်နှင့်မျက်နှာချင်းဆိုင်)၊ လွယ်လမ်၊ လွယ်ဆမ်စစ်( ဘီပီ ၂ အနီး)၊ မတ်ကော်ဝမ်း ခေါ် လွယ်ကော်ဝမ်း၊ မိုင်းပုအွန်နှင့် မိုင်းပျဉ်းတို့ဖြစ်သည်။ ၂၀၁၅ ခုနှစ်မှစ၍ ရှမ်းတောင် မိုင်းပန် နယ်မှ မိုင်းကိုင်၊ တုန်လော၊ ပုန်ဝိုး၊ ကျောက်ဂူ၊ ကျောက်မဲ၊နောင်ချို ၊ နမ္မတူ စသည့်လမ်းကြောင်းအတိုင်း ရှမ်းမြောက်သို့ ပြန်လည်ထိုးဖေါက်ထိမ်းချုပ်နိုင်ရန် ကြိုးစားနေသည်ကို တွေ့ရသည်။

**တပ်ဖြန့်ခွဲလှုပ်ရှားမှု**

လွယ်တိုင်လျံတွင် ဌာနချုပ်ထားရှိပြီး အနည်းဆုံး တပ်မဟာ ၁ခု တပ်စွဲထားသည်။ လွယ်တိုင်းလျံတွင် လေ့ကျင့်ရေးကျောင်း၊ မူယစ်ေဆးဝါးဖြတ်သည့်စခန်းများရှိသည်ဟုသိရသည်။

RCSS/SSA လက်အောက်တွင် စစ်ဒေသ/တပ်မဟာ အနည်းဆုံး ၁၀ ခု ဖွဲ့စည်းထားရှိသည်ဟု မြေပြင်သတင်းများအရသိရသည်။ အကြမ်းပြင်းအားဖြင့် အောက်ပါအတိုင်း ဖြန့်ခွဲ အခြေပြုလှုပ်ရှားနေသည်ဟုသိရှိရသည်။

၁။ လွယ်တိုင်းလျံ --- တပ်ဟာ ၁ ခု

၂။ လွယ်ကောင်-မုန်းမိန်း( ထိုင်း- မယ်ဟောင်တောင် မျက်နှာချင်းဆိုင်)--- စဝ်အောင်မြတ်ဦးစီး

တပ်မဟာ ၁ ခု။

၃။ လွယ်တိုင်းလျံနှင့်ဟိုမိန်းကြား---တပ်မဟာ ၁ ခု

၄။ သက်ကယ်(ငယ်) စခန်း( မုံးထနှင့်မိုင်းပန်ကြား)--- တပ်မဟာ ၁ခု။

၅။ လွယ်ဆမ်စစ်( ထိုင်းနယ်စပ် ဘီပီ ၂ အနီး)---- ဗိုလ်မှူးကြီးတိန်းခေးဦးစီး တပ်မဟာ ၁ ခု။
၆။ လွယ်ကော်ဝမ်း----စဝ်ကွမ်းကျင်း ဦးစီး ကျိုင်းတုံစစ်ဒေသ။
၇။ မိုင်းပျဉ်းနှင့် မိုင်းပုအွန် ဒေသအတွင်း---- ဗိုလ်မှူးကြီး ဆောင်းဟန်ဦးစီးတပ်မဟာ ၁ ခု။
၈။ မိုင်းကိုင်ဒေသ ----- တပ်မဟာ ၁၉၈ ။
၉။ ကျောက်မဲဒေသ ----- ဗိုလ်မှူးကြီးစဝ်စံခေးဦးစီး တပ်မဟာ ၆၀၆ ။
၁၀။ နမ့်ခမ်း၊ မူစယ်၊ ကြူကုတ်ဒေသ---- ယခင် ၇၀၁ ( ယခု စီစစ်ဆဲ)
နောက်တန်း အုပ်ချုပ်ရေးနှင့် အခြားအထွေထွေအင်အားများပါ ပါဝင်ပါက RCSS/SSA အင်အားသည် ၁၂၀၀၀ မှ ၁၅၀၀၀ ခန့်ထိရှိနိုင်ပါသည်။ SSPP ထက်ထူးခြားသည်မှာ RCSS တွင် ရှမ်းပညာတတ်ပါဝင်မှု ပိုများသည်အချက်ဟု ဆိုရပါမည်။ RCSS/SSA သည် ရှမ်းအရှေ့တွင် ဩဇာပိုမိုကြီးမားပြီး တပ်အများစု မှာ ရှမ်းအရှေ့တွင်ရှိသည်ဟု သုံးသပ်ရသည်။ ၂၀၁၅ နောက်ပိုင်းမှစ၍ ရှမ်းမြောက်သို့ သိသိသာသာပြန်လည်ထိုးဖေါက်ခဲ့ပြီး ရှမ်းမြောက်တွင် RCSS/SSA အင်အား ၄၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းရသည်။ RCSS အနေနှင့်သူ၏တပ်ဖွဲ့ဝင်များအား လက်နက်အပြည့်အစုံတပ်ဆင်ထားနိုင်ပြီး နိုင်ငံခြားသားစစ်သားများအားခေါ်ယူလေ့ ကျင့်ထားသည်ဟု သတင်းများတွင်တွေ့ရပါသည်။

**ဘဏ္ဍာရေး**

ရှမ်းအရှေ့တွင် ေတာရောမြို့ပါ ရှမ်းလူမျိုးများအား အပြည့်အဝအခွန် ကောက်ခံနိုင်ပြီး အခြားဒေသများတွင်လည်း အခွန်ကောက်သည့်စနစ်ကျင့်သုံးသည်။ ၎င်း၏တပ်ဖွဲ့အားဖွဲ့စည်းတပ်ဆင်နိုင်မှုအရ ဘဏ္ဍာရေးအရတစုံတ ရာ အဆင်ပြေသည့်အနေအထားတွင်ရှိသည်ဟုသုံးသပ် ရသည်။

**တပ်ပေါင်းစု**

RCSS သည် အခြားလက်နက်ကိုင်တပ်ဖွဲ့များနှင့် သီးခြားတပ်ပေါင်းစု ဖွဲ့စည်းထားခြင်းမရှိပါ။ လောလောဆယ်တွင် NCA လက်မှတ်ရေးထိုးထားသော အဖွဲ့ ၁၀ ဖွဲ့ ဖွဲ့စည်းထားသော PPST- ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့တွင်ပါဝင်သည်။ PPST သည် NCA လက်မှတ်ရေးထိုးထားသော

အဖွဲ့များ ငြိမ်းချမ်းရေးဆွေးနွေးပွဲအထောက်အကူပြုရန် ဖွဲ့စည်းထားသောအဖွဲ့သာ ဖြစ်ပြီး နိုင်ငံရေး/စစ်ရေးမဟာမိတ်ဖွဲ့စည်းထားခြင်းမျိုးမဟုတ်ပါ။

RCSS သည် ၂၀၁၃ ခုနှစ်တွင် CSSU -Committe of Shan State Union ရှမ်းပြည်ညီညွတ်ရေးကော်မတီအား ကမကထ ပြုဖွဲ့စည်းခဲ့သည်။ CSSU တွင် ရှမ်းတိုင်းရင်းသား လက်နက်ကိုင် ၂ ဖွဲ့ဖြစ်သည့် SSPP/SSA နှင့် RCSS/SSA ၊ မြို့ပေါ်ရှမ်းပါတီ ၂ ခုဖြစ်သည့် SNLD( ကျားခေါင်း) ၊ SNDP ( ကျားဖြူ) တို့နှင့် ရှမ်းအရပ်ဖက်အဖွဲ့အစည်းများပါဝင်သည်။

ရှမ်းပြည်ညီညွတ်ရေးနှင့် ရှမ်းပြည်နယ်တခုလုံးအား စုစည်းခေါင်းဆောင် နိုင်ရန် ကြိုးစားသည့် ခြေလှမ်းဖြစ်သည်။ သို့သော် ယနေ့တိုင် ကြိုးစားနေဆဲ ဖြစ်သည်။ RCSS သည် UWSA တပ်ဖွဲ့များနှင့် ၂၀၀၂ ခုနှစ်မှစ၍ တိုက်ပွဲများဖြစ်ပွါးခဲ့သည်။၂၀၀၅ ခုနှစ်မှစ၍ UWSA နှင့်အပစ်ရပ်ခဲ့သည်။ ယခု အချိန်ထိ နှစ်ဖက်ထိပ်ပိုင်းခေါင်းဆောင်များ တွေ့ဆုံ၍ တရားဝင်အပစ်ရပ် သည်ဟူသည့် သတင်းမတွေ့ရသေးသော်လည်း အောက်ခြေတပ်အချင်း ချင်း ထိတွေ့ဆက်ဆံမှုရှိပြီး စစ်ရေးပဋိပက္ခမရှိတော့ပါ။

လက်ရှိတွင် ရှမ်းမြောက်တွင် SSPP/SSA ၊ TNLA ပူးပေါင်းအဖွဲ့များ နှင့်တိုက်ပွဲဖြစ်နေဆဲဖြစ်ပြီး ဖြေရှင်း၍မရသေးပေ။ RCSS အနေနှင့် SSPP နှင့် တွေ့ဆုံဆွေးနွေးမှု ရှိသော်လည်း TNLA နှင့်တွေ့ဆုံဆွေးနွေးမှုမရှိသေးပါ။ ရှမ်းမြောက်ရှိ ဒေသခံတိုင်းရင်းသားလူမျိုးများ၏ ရောယှက်ပျံ့နှံ့နေထိုင်မှု၊ နိုင်ငံရေး ရေချိန်မြင့်မားလာမှု၊ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏ ထိမ်းချုပ်နယ်မြေ ဆုပ်ကိုင်မှု စသည့်ပြသနာများအောက်တွင် အလွယ်တကူဖြေရှင်းမရနိုင်ဘဲ RCSS ကတဖက် SSPP နှင့် TNLA ကတဖက်ဖြစ်ပွါးသော တိုက်ပွဲများသည် ရှမ်းမြောက်တကျောတွင် ၂၀၁၅ မှ ယနေ့တိုင် မရပ်တန့်နိုင်သေးပါ။

**အစိုးရနှင့်ဆက်ဆံရေး**

၂၀၁၂ ခုနှစ်တွင် အစိုးရနှင့် biletral အပစ်ရပ်စာခိုပ်ချုပ်ဆိုခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် NCA - တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့သည်။ သို့သော်လည်း ယခုတိုင် တပ်နေရာချထားရေးနှင့် ပတ်သက်၍ သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ခြင်းမရှိသေးပေ။ ထို့ကြောင့် NCA လက်မှတ်ရေးထိုးပြီးနောက်ပိုင်း တိုက်ပွဲရာနှင့်ချီ၍ဖြစ်ပွါးခဲ့သည်ဟု RCSS က ထုတ်ပြန်သည်။ တဖက်ကလည်း ၂၀၁၅ ခုနှစ် NCA လက်မှတ်ရေးထိုးပြီးနောက်

RCSS သည် တပ်နှင့်နားလည်မှုယူပြီး ရှမ်းမြောက်သို့ စစ်အင်အားတိုးချဲ့လာခဲ့သည်ဟု မြောက်ပိုင်းအဖွဲ့များကဆိုပါသည်။ ၂၀၂၁ ခုနှစ် ဖေဖဝါရီ ၁ ရက်နေ့ အပြောင်းအလဲတွင် နစအ ကောင်စီအား ပြင်းထန်စွာ ပစ်တင်ဝေဖန်မှု ပြုလုပ်ထားသော်လည်း ယနေ့ထိ RCSS နှင့် နစအ တပ်များကြား ပြင်းထန်သော တိုက်ပွဲများ မတွေ့ရသေးပါ။

### နိုင်ငံတကာနှင့်ဆက်ဆံရေး

ထိုင်းနှင့် ဆက်ဆံရေးကောင်းမွန်သည်ဟုဆိုကြသည်။ ရှမ်းပြည်မြောက်ပိုင်းသို့ ထိုးဖေါက်ပြီး နောက်ပိုင်း RCSS နှင့် တရုတ်သံတမန်တို့တွေ့ဆုံမှုရှိသည်ဟု သတင်းများကြားသိရသည်။

### နိုင်ငံရေး၊ စစ်ရေး

ဖက်ဒရယ်မူကိုဆုပ်ကိုင်ထားသည်။ ရှမ်းပြည်နှင့်ပတ်သက်၍ရည်မှန်းချက် ကြီးမားသည်ဟု မှန်းဆရသည်။ လက်ရှိကာလတွင် နစအ ကောင်စီအား ပြင်းထန်စွာ ပစ်တင်မှုများ ပြုလုပ်ထားရာ လာမည့်ကာလတွင် RCSS ၏ခြေလှမ်းအားစောင့်ကြည့်ရန်လိုအပ်ပါမည်။ စစ်ရေးအရ UWSA နှင့်တိုက်ပွဲများတွင် ခံစစ်ကို ကောင်းစွာတိုက်နိုင်သည်။ ၂၀၀၂ ခုနှစ်က ရှမ်းအရှေ့တွင် အစိုးရတပ်စခန်းများအား စခန်းသိမ်းတိုက်ပွဲများ တိုက်နိုင်သည်ကိုတွေ့ရသည်။ ယခုကာလတွင် ပြောက်ကျားလှုပ်ရှားမှုအားသာသည်။ မြို့ပေါ်အထိဖြန့်ကျက်လှုပ်ရှားနိုင်သည်။

## NMSP/MNLA မွန်တိုင်းရင်းသားလူမျိုးလက်နက်ကိုင်တပ်ဖွဲ့

လွတ်လပ်ရေးမရမီကထဲက လှုပ်ရှားခဲ့သော မွန်နိုင်ငံရေးလှုပ်ရှားမှုများသည် လွတ်လပ်ရေးရပြီးနောက် အရှိန်အဟုန်မြင့်လာသည်။ ၁၉၄၈ ခုနှစ် ဧပြီလ ၂၁ ရက်နေ့ မုဒုံမြို့နယ် ဖါးအောက်ကျေးရွာတွင် မွန်လူမျိုးရေးရာအဖွဲ့ချုပ်က မွန်တမျိုးသားလုံးသားဆိုင်ရာ ညီလာခံကို ခေါ်ဆိုကျင်းပခဲ့သည်။ မွန်အမျိုးသား နှစ်သောင်းကျော်တက်ရောက်ပြီး ၅ ရက်တိုင်ကျင်းပခဲ့သည်။ အဆိုပါညီလာခံမှ ဆုံးဖြစ်ချက် ၃ ရပ်ချမှတ်ခဲ့သည်။
၁။ မွန်ပြည်နယ် ရရှိရေး။
၂။ မွန်အမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (MNDO) ဖွဲ့စည်းရေး။
၃။ မြေယာသီးစားပြသနာဖြေရှင်းရန်တို့ဖြစ်သည်။
ဤညီလာခံမှ မွန်လက်နက်ကိုင်အဖွဲ့ MNDO အစပြုခဲ့သည်။ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင် တို့ကို အခြေပြု၍ MNDO အားဖွဲ့စည်းခဲ့သည်။ ၁၉၄၈ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့ ဇာသပြင်ကျေးရွာရှိ ကာကွယ်ရေး(ရဲ)များထံမှ လက်နက်သိမ်းသည်မှစ၍ မွန်လက်နက်ကိုင်တိုက်ပွဲအစပြုခဲ့သည်ဟုဆိုကြသည်။ ၁၉၄၉ ခုနှစ်တွင် MNDO သည် KNU/KNDO နှင့်လက်တွဲ၍ လက် နက်ကိုင်တိုက်ပွဲကို အရှိန်အဟုန်မြှင့်ခဲ့သည်။

MNDO အား ခေါင်းဆောင်သည့် နိုင်ငံရေးအဖွဲ့အစည်းအား မွန်ပြည်သူ့တပ်ဦးဟုခေါ်ဆိုခဲ့သည်။ ၁၉၄၈/၄၉ မှစတင်သည့် မွန်လက်နက်ကိုင်တော်လှန်မှုသည် ၁၉၅၈ ခုနှစ်တွင်" လက်နက်နှင့် ဒီမိုကရေစီလဲရေး" လမ်းကြောင်းေပါ်သို့ရောက်ပြီး ၁၉၅၈ ခုနှစ် ဇူလိုင်လ ၁၉ ရက်တွင် နိုင်အောင်ထွန်း ခေါင်းဆောင်သည့် မွန်ပြည်သူ့တပ်ဦးနှင့် MNDO အင်အား ၁၁၁၁ ဦးသည် အလင်း၀င်ခဲ့ကြ လက်နက်နှင့်ဒီမိုကရေစီလဲလှယ်ခဲ့ကြပြီး ဥပဒေတွင်း ၀င်ခဲ့ကြသည်။ မွန်ပြည်သူ့တပ်ဦးသည် ရွေးကောက်ပွဲတွင် ပါ၀င်ခဲ့ကြ လှုပ်ရှားခဲ့ကြသေးသော်လည်း ၁၉၆၂ ခုနှစ် စစ်တပ်က အာဏာသိမ်းပြီးနောက်ပိုင်း ခေါင်းဆောင်များ အဖမ်းဆီးခံရသည်။ ပါတီလည်းဖျက်သိမ်းခံရပြီး လက်နက်နှင့်လဲထားခဲ့သော ဒီမိုကရေစီလည်း ဆုံးရှုံးသွားခဲ့တော့သည်။

မွန်ပြည်သူ့တပ်ဦး လက်နက်ချစဉ် မပါ၀င်ခဲ့သော ဗဟိုကော်မတီ၀င်တဦးဖြစ်သူ နိုင်ရွှေကျင်နှင့် အင်အားအနည်းငယ် ၁၉၅၈ ခုနှစ် ဇူလိုက်လ ၂၀ ရက်နေ့တွင် မွန်ပြည်သစ်ပါတီအား ထူထောင်ပြီး လက်နက်ကိုင်လမ်းစဉ်အား ဆက်လက်စွဲကိုင်ခဲ့

သည်။ လူသူအနည်းငယ်နှင့်ပြန် လည်စတင်ခဲ့ရသည့် မွန်ပြည်သစ်ပါတီသည် တဖြေးဖြေးအင်အားကောင်းလာပြီး ပထမအကြိမ် ဗဟိုဦးစီးညီလာခံတရပ်အား ၁၉၇၁ ဩဂုတ်လလောက်တွင်ပြန်လည်ကျင်းပနိုင်ခဲ့ပြီး မွန်အမျိုးသား လက်နက်ကိုင် တပ်ဖွဲ့အား မွန်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-MNLAဟု ခေါ်တွင်စေခဲ့သည်။ ဗဟိုက တိုက်ရိုက်ကိုင်တွယ်သည့်တပ်ရင်း ၂ ရင်း( နောက်ပိုင်း ၃ ရင်း)၊ ခရိုင်၊မြို့နယ်များတွင်ပြောက်ကျားတပ်များ ဖွဲ့စည်းခဲ့သည်။

၁၉၇၇ ခုနှစ်မှစ၍ ပါတီတွင်း မူဝါဒရေးရာ ကွဲလွဲမှုများ စတင်ဖြစ်ပေါ်လာသည်။ ၁၉၈၁ ခုနှစ် ဧပြီလတွင် ပါတီ နှစ်ဖွဲ့ကွဲသည်။ နိုင်ရွှေကျင်ဦးစီးသည့် မွန်ပြည်သစ်ပါတီ( ဝင်းကအုပ်စု) နှင့်နိုင်ဆိတ်နို့ ခေါ် နိုင်နွလ္လာဦးစီးမွန်ပြည်သစ်ပါတီ ( ဘုရားသုံးဆူအုပ်စု) ဟု အလွယ်ခေါ်ဝေါ်ခဲ့ကြသည်။ ပါတီနှစ်ခြမ်းကွဲမှုနှင့်အတူ လက်နက်ကိုင်ပဋိပက္ခများလည်းဖြစ်ပွါးခဲ့တော့သည်။

နှစ်ဖွဲ့ကွဲနေသောမွန်ပြည်သစ်ပါတီပြန်လည်ပေါင်းစည်းရေးအား ၁၉၈၄ ခုနှစ်မှ စတင်ကြိုးစားခဲ့ကြသည်။ မွန်ဆရာတော်များနှင့် မဒတ တို့၏ ပါဝင်ညှိနှိုင်းမှုဖြင့် ၁၉၈၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် ၂ ဖွဲ့ကွဲနေသော မွန်ပြည်သစ်ပါတီ ပြန်လည်ပေါင်းစည်းသည်။ ဥက္ကဋ္ဌ နိုင်ရွှေကျင်၊ ဒုဥက္ကဋ္ဌ နိုင်ဆိတ်နို့ တို့တာဝန်ယူခဲ့သည်။ နဝတ အစိုးရတက်ပြီးနောက်ပိုင်း ၁၉၉၄ ခုနှစ်ခန့်မှစ၍ မွန်ပြည်သစ်ပါတီနှင့် အပစ်အခတ်ရပ်စဲရန် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်လာခဲ့ပြီး ၁၉၉၅ ခုနှစ် ဇွန် ၂၉ ရက်တွင် တရားဝင် အပစ်အခတ်ရပ်စဲခဲ့ကြပါသည်။ ထိုအချိန်တွင် မွန်ပြည်သစ်ပါတီအခြေခံဒေသများမှာ မြိတ်ခရိုင်၊ထားဝယ်ခရိုင်၊ မော်လမြိုင်ခရိုင်၊ သထုံခရိုင်ဟုဖွဲ့စည်းထားပြီး ခရိုင် မြို့နယ်အလိုက် တပ်များ ဖွဲ့စည်းထားသည့်အပြင် တိုက်ခိုက်ရေးတပ်ရင်းများလည်းဖွဲ့စည်းထားသည်။ ၁၉၉၅ အပစ်အခတ်ရပ်စဲကာလက NMSP/MNLA အင်အားမှာ ၇၈၆၀ ခန့်ရှိသည်ဟုဆိုပါသည်။ အပစ်ရပ်သဘောတူညီချက်အရ NMSP/MNLA တပ်နေကာချမှုအား အမြဲတမ်း ၁၂, နေရာယာယီ ၈ နေရာ သတ်မှတ်သဘောတူခဲ့ကြသည်ဟုဆိုသည်။ ထိုနေရာများမှာ ရေး/မုဒုံ/ သံဖြူဇရပ်/ ကျိုက်မရော/ ရေးချောင်းဖျား/ ကြာအင်းဆိပ်ကြီး/ ကော့ကရိတ်/ဘုရားသုံးဆူ/ ရေဖြူမြို့နယ်များတွင် တည်ရှိသည်။

## လက်ရှိ NMSP/MNLA ခေါင်းဆောင်မှု

လက်ရှိ မွန်ပြည်သစ်ပါတီ New Mon State Party-NMSP/ မွန်အမျိုးသားလွတ်မြောက်ရေးတပ်မတော် Mn National Liberative Army-MNLA ၏ ခေါင်းဆောင်မှုမှာ အောက်ပါအတိုင်းဖြစ်သည်။

**NMSP**

ဥက္ကဌ နိုင်ဟံသာ
ဒုဥက္ကဌ နိုင်အောင်မင်း
အထွေထွေအတွင်းရေးမှူး နိုင်ဇေယျ
တွဲဘက်အထွေထွေအတွင်းရေးမှူး နိုင်ဝင်းလှ
ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် နိုင်အေးမွန်
နိုင်အောင်မငေး
နိုင်လယီကောင်း( ပြည်ပရေးရာ)
ဗညားလယ်
MNLA
စစ်ဦးစီးချုပ် ဗညားမဲ့စမ်း
ဒုစစ်ဦးစီးချုပ် ဗညားချမ်းနွံ
NMSP/MNLA ဌာနချုပ် ရေးချောင်းဖျား
ဖြန့်ခွဲထိမ်းချုပ်နယ်မြေများ
၁။ သထုံခရိုင်- ကော့ကရိတ်/ကျိုက်မရော/ဘားအံမြို့နယ်များ
၂။ မော်လမြိုင်ခရိုင်- ကြာအင်း/ ဘုရားသုံးဆူ/သံဖြူဇရပ်/မုဒုံ မြို့နယ်များ
၃။ ထားဝယ်ခရိုင်- ရေး/ရေဖြူမြို့နယ်များ
၄။ မြိတ်ခရိုင်- ပရာဂျွတ်( ထိုင်းနယ်စပ်)

**တပ်ဖြန့်ခွဲမှု**

MNLA ဌာနချုပ်လက်အောက်တွင် ဗဟိုလုံခြုံရေးတပ်၊ ရင်း ၁၁၁ ၊ ရင်း ၇၇၇ တို့ဖွဲ့စည်းထားပြီး ခရိုင်/မြို့နယ်များတွင် ပြောက်ကျားတပ်ဖွဲ့များ ဖြန့်ခွဲထားသည်။ လက်ရှိ NMSP/MNLA ၏ လက်ရှိ အမြဲတမ်းအင်အားမှာ တိုက်ခိုက်ရေးရော နောက်တန်းပါ ၁၅၀၀ ခန့်သာရှိနိုင်သည်ဟုခန့်မှန်းရသည်။ ၁၉၉၅ ခုနှစ် အပစ်ရပ်ပြီး အင်အား ၈၀၀၀ ခန့်မှ ၁၅၀၀ ခန့်ထိ ကျဆင်းလာခဲ့သည့် အင်အားအလျော့ကျဆုံးတပ်ဖွဲ့ဟုဆိုရမည်။ အပစ်ရပ်ကာလအတွင်း နိုင်ငံရေး

သဘောထားကွဲလွဲခြင်း၊ နဝတ/နအဖ၏ ဖိအားပေးမှုခံရခြင်း၊ လက်နက်ချသွားသူများရှိခြင်းတို့အ ပြင် ဘဏ္ဍာရေးအကြပ်အတည်းတို့ကြောင့် အင်အားလျော့ကျခဲ့သည်ကို တွေ့ရသည်။ လက်ရှိအချိန်တွင် အမြဲတမ်းအင်အား လျော့ကျသည်ကို ဖါထေးနိုင်ရန်အတွက်သော်၎င်း၊ လိုအပ်လျှင် တပ်အင်အားဖြည့်တင်း နိုင်ရန်အတွက်သော်၎င်း ရည်ရွယ်ပြီး NMSP/MNLA သည် တနှစ်လျှင် စစ်သင်တန်း ၂ ကြိမ်မှ ၃ ကြိမ်အထိ ပေးပြီး အရံအင်အားများကို စုဖွဲ့ထားရှိပါသည်။

## ဘဏ္ဍာရေး

လက်ရှိအချိန်တွင် ထိမ်းချုပ်ဒေသတွင်း အခွန်ကောက်ခံခြင်းနှင့် ပြည်ပရောက် မွန်များ၏ ကူညီထောက်ပံ့မှုများရှိသည်။ ကြီးမားသည့် စီးပွါးရေးလုပ်ငန်းများ မရှိပါ။ မှောက်ခိုခေတ်မရှိတော့၍ အခွန်အကောက် ကောက်ခံနိုင်ခြင်းမရှိတော့။ လက်ရှိတွင် ဘဏ္ဍာရေးအကြပ်အတည်းအား ရှန်းကန်ေနရသည်ဟုဆိုရမည်။

## တပ်ပေါင်းစု

မွန်လက်နက်ကိုင်ပုန်ကန်မှုစကထဲက KNU နှင့်မဟာမိတ်ဖွဲ့ခဲ့သည်။ သို့သော်လည်း KNU အခြေခံသောဒေသများနှင့် မွန်တို့အခြေခံသောဒေသများ ရောယှက်နေသည်ဖြစ်ရာ ထိမ်းချုပ်နယ်မြေနှင့်ပတ်သက်၍ မကြာခဏ အငြင်းပွါးခဲ့ကြသည်။ တခါတရံလက်နက်ကိုင် ပဋိပက္ခအထိဖြစ်ပွါးခဲ့ကြသည်။ ထိုပြသနာသည် မွန်ပုန်ကန်မှုစကထဲက ယခုတိုင်အောင် ပြေလည်စွာ ဖြေရှင်းနိုင်ခြင်းမရှိပါ။ သံသရာလည်နေသည်။ အဆင်ပြေနေပါကလည်း KNU နှင့်တွဲ၍ အစိုးရတပ်အား တိုက်လေ့ရှိသည်။ NMSP သည် မဒညတ/မဒတ မှသည် UNFC အထိ တပ်ပေါင်းစုအတော်များများတွင်ပါဝင်ခဲ့သည်။ UNFC ပျက်သွားပြီးနောက်ပိုင်းမည်သည့် တပ်ပေါင်းစုအဖွဲ့တွင်မှမပါပါ။ ၂၀၁၈ ခုနှစ် NCA ထိုးပြီးနောက်ပိုင်း PPST တွင်ပါဝင်ခဲ့သည်။

## အစိုးရနှင့်ဆက်ဆံရေး

၁၉၉၅ ခုနှစ်တွင် အစိုးရနှင့်အပစ်ရပ်ခဲ့သော်လည်း ၂၀၁၅ တွင် NCA ထိုးရာ၌ မပါဝင်ခဲ့ပါ။ ၂၀၁၈ တွင်မှ NCA လက်မှတ်ရေးထိုးသည်။ NMSP နှင့်နယ်ချင်းဆက်စပ်နေသည့် သူ့ထက် အင်အားများသည့် KNU က လက်မှတ်ထိုး

ထားရာ ရေရှည်တောင့်မခံနိုင်တော့ဟုသုံးသပ်ရသည်။ လက်ရှိ နစအ စစ်ကောင်စီ တက်ပြီး ၂၀၂၁ ခုနှစ် ဧပြီလ ၃၀ ရက်တွင် နစအကောင်စီ၏ ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းရေးေကာ်မတီနှင့်တွေ့ဆုံသည်ဟုသိရသည်။ NCA လက်မှတ် ရေးထိုးထားသော ၁၀ ဖွဲ့ထဲမှ DKBA/ KNU-KNLA(PC) နှစ်ဖွဲ့ပြီးနောက် တတိယေမြာက် နစအ ငြိမ်းချမ်းရေးကော်မတီနှင့်တွေ့သောအဖွဲ့ဖြစ်သည်။

**ပြည်ပဆက်ဆံရေး**

ကောင်းစွာမသိရပါ။

**နိုင်ငံရေး၊ စစ်ရေး**

NMSP သည် နိုင်ငံရေးရည်ရွယ်ချက် ကြီးမားသည်။ နိုင်ငံရေးအရ ရှေ့တန်းရောက်သည်ဟု ဆိုနိုင်သည်။ သို့သော် လက်တွေ့မြေပြင်တွင် ကရင် လက်နက်ကိုင်တပ်ဖွဲ့များ၏ ဖိအားကို ရင်ဆိုင်နေရသည်။ ထိမ်းချုပ်ရာဒေသတွင်း ရှိလူထု၏ စစ်ဘေးဒုက္ခသည်ပြဿနာ၊ မတည်ငြိမ်မှုပြဿနာများကို ထည့်သွင်းစဉ်းစား နေရသည်။ ထို့ပြင် NMSP/MNLA သည် တပ်ဖွဲ့အား အင်အားကောင်းမွန်အောင် မတည်ဆောက်နိုင်ရာ လက်တွေ့တွင် ချိနဲ့သော ဆုံးဖြတ်ချက်များချပြီး အဖွဲ့အစည်း ရပ်တည် တည်ရှိရေးကို ဦးစားပေးနေရသည်။ စစ်ရေးအရ ပြောက်ကျားစစ် အားသန်သည်ဟုဆိုရမည်။

## KNPP ကရင်နီ(ကယား) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့

ကရင်နီ ( ကယား) ပြည်နယ်တွင် အခြေခံအားဖြင့် ဒေသကြီး ၄ ခုရှိသည်ဟုသိရသည်။

၁။ ကြယ်ဖိုးကြီးနယ်

၂။ ကန္တရဝတီနယ်

၃။ ဘောလခဲနယ်

၄။ မိုးဗြဲနယ်တို့ဖြစ်သည်။

လွတ်လပ်အကြိုကာလတွင် ကရင်နီခေါင်းဆောင်များအတွင်း အမြင်ကွဲလွဲမှုများ ရှိနေခဲ့သည်။ ဖဆပလ(ပြည်မ)နှင့်ပေါင်း၍ လွတ်လပ်ရေးယူလိုသည့်အမြင်၊ သီးခြား ကရင်နီနယ်အဖြစ် ရပ်တည်လိုသည့်အမြင်၊ ကရင်တို့နှင့် ပေါင်းသင့် မပေါင့်စသည့် အမြင်အမျိုးမျိုး ကွဲပြားနေခဲ့သည်။ ၁၉၄၈ လွတ်လပ်ရေးရပြီးနောက် ပြည်မနှင့် ပူးပေါင်းလိုသူများ၏ အကူအညီနှင့်ကရင်နီကောင်စီဥက္ကဋ္ဌနှင့် ကရင်နီ အစည်း အရုံးဥက္ကဋ္ဌဖြစ်သူ ဦးဘီတူးရီ ရုံးအား ၁၉၄၈ ခုနှစ် ဩဂုတ်လ ၉, ရက်တွင် ဖဆပလ တပ်များက ဝင်ရောက်တိုက်ခိုက်ပြီး နောက်ပိုင်းတွင် ဦးဘီတူးရီအား ဖမ်းဆီးရမိပြ ီး သတ်ဖြတ်ခဲ့သည်။ ထို့နောက် ခုခံတော်လှန်ရန် ကရင်နီခေါင်းဆောင်များ လူသူလက်နက်စုဆောင်းခဲ့ကြရာ ၁၉၄၈ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့တွင် အင်အား ၂၀၀၀ ခန့်စုစည်းရမိခဲ့ပြီး ကရင်နီ လက်နက်ကိုင် တော်လှန်ပုန်ကန်မှုများ စတင်ခဲ့တော့သည်။

၁၉၄၈ မှ ၁၉၅၃ ခုနှစ်ထိ ကရင်နီနယ်ရှိ မြို့ပြများတွင် တိုက်ပွဲဝင်ခဲ့ကြပြီး ၁၉၅၃ ခုနှစ် နိုဝင်ဘာ ၂၂ ရက်နေ့ မော်ချီးကို စွန့်လွှတ်ခဲ့ရပြီးနောက် ကရင်နီလက်နက်ကိုင်ပုန်ကန်မှုသည် ကျေးလက်ကို အခြေခံခဲ့ရသည်။

ကရင်နီခေါင်းဆောင်များသည် ၁၉၅၇ ခုနှစ်တွင် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ KNPP အားဖွဲ့စည်းခဲ့ကြပြီး လက်နက်ကိုင်ပုန်ကန်မှုအား ဆက်လက်လုပ်ဆောင်ခဲ့ကြသည်။

၁၉၇၅ ခုနှစ်မှစ၍ KNPP ပါတီတွင် လက်ဝဲလိုလားသူ ၊ ဗမာပြည် ကွန်မြူနစ်ပါတီနှင့်ပူးပေါင်းလိုသူများ နှင့် KNPP အမျိုးသားအလံ ဆက်လက် လွှင့်ထူလိုသူများ သဘောထားစတင် ကွဲလွဲလာကြသည်။ ပါတီတွင်း စေ့စပ်၍ မရေတာ့ဘဲ လက်ဝဲလိုလားသူများက ၁၉၇၈ ဇွန်လခန့်တွင် ကလလတ ( ကရင်နီ ပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး -KNPLF) အားဖွဲ့ စည်းခဲ့ကြပြီး

KNPP မှ ခွဲထွက်သွားကြသည်။ ထို့နောက် KNPP နှင့် ကလလတ တို့ပြန်လည် ပေါင်းစည်းရန် ဆွေးနွေးခဲ့ကြသော်လည်း မအောင်မြင်ခဲ့ဘဲ နှစ်ဖွဲ့ကြား လက်နက်ကိုင်ပဋိပက္ခအထိ ဖြစ်ပွါးခဲ့ကြသည်။

KNPP/ကရင်နီပြည်တပ်မတော်တို့သည် သံလွင်မြစ်နှင့် ထိုင်းနယ်စပ်ကြားတွင် အဓိကလှုပ် ရှားခဲ့ကြသည်။ KNPP ၏သက်တမ်းရှည်ခေါင်းဆောင်မှာ စောမော်ရယ်ဖြစ်သည်။ ၁၉၉၃ မှစ၍ နဝတ နှင့် KNPP ကြား အပစ်ရပ် ဆွေးနွေးခဲ့ကြပြီး ၁၉၉၅ ခုနှစ်ထဲတွင် နှုတ်ကတိ သဘောတူညီချက်ဖြင့် အပစ်ရပ်ခဲ့သော်လည်း လပိုင်းအတွင်း တိုက်ပွဲများပြန်လည်ဖြစ်ပွါးပြီး သဘောတူညီချက် ပျက်ပြားသွားခဲ့သည်။ ၁၉၉၅/၁၉၉၈/၂၀၀၇ တို့တွင် အစိုးရနှင့် KNPP ကြားတွေ့ဆုံဆွေးနွေးမှုများရှိခဲ့သော်လည်း သဘောတူညီချက်မရရှိပါ။၂၀၁၁ ခုနှစ် ဦးသိန်းစိန်အစိုးရလက်ထက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြန်လည်စတင်သည့်နောက်ပိုင်း ၂၀၁၂ ခုနှစ်အတွင်း ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် အပစ်ရပ်သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

## KNPP လက်ရှိခေါင်းဆောင်မှုနှင့်တပ်ဖြန့်ခွဲမှု

ဥက္ကဌ ခူအေဘယ်တွိဒ်
ဒုဥက္ကဌ ခူဦးရယ်
အတွင်းရေးမှူး ကိုရွှေမျိုးသန့်
စစ်ဦးစီးချုပ် ဗိုလ်ချုပ်ဘီထူး
ဒုစစ်ဦးစီးချုပ် ဗိုလ်ချုပ်အောင်မြတ်

## KNPP ဌာနချုပ် ညီမူ (ရှားတောမြို့နယ်)

လက်ရှိတွင် ခရိုင် ၂ ခု ဖြန့်ခွဲလှုပ်ရှားသည်။
ခရိုင် ၁
ရှားတောမြို့နယ်၊ ဖရူးဆိုးမြို့နယ်၊ ဒီမောဆိုးမြို့နယ်။
ခရိုင် ၂
ဖါဆောင်းမြို့နယ်၊ မော်ချီးမြို့နယ်။
ယခင်က ခရိုင် ၃ ဟု ကယောနယ်တွင် လှုပ်ရှားခဲ့သေးသော်လည်း ယခုလှုပ်ရှားမှုမရှိပါ။

KNPP ၏ ထူးခြားချက်မှာ ၎င်းတို့ဖွဲ့စည်းပုံတွင် အစိုးရအဖွဲ့ ဖွဲ့စည်းထားခြင်းဖြစ်သည်။ တပ်ကိုတော့ ကရင်နီပြည်တပ်မတော်ဟုခေါ်ဆိုသည်။ တပ်ဖြန့်ဖွဲ့စည်းမှုအား လေ့လာဆဲဖြစ်ပါသည်။ ယခင်က တပ်ရင်း ၁၀ ရင်းအထိ ဖွဲ့စည်းထားရှိခဲ့ပြီး တပ်မဟာ ဖွဲ့စည်းမှု မရှိဟုသိရသည်။ လက်ရှိဖွဲ့စည်းမှု မသိရှိရသေးပါ။KNPP ပါတီ၏ စုစုပေါင်းအင်အားမှာ အနည်းဆုံး ၁၅၀၀ ခန့်ရှိနိုင်ပါသည်။ ၂၀၂၁ နှစ်ဆန်းမှစ၍ KNPP တွင် ယခင်ကထက် လူသစ်အင်အားတိုးလာသည်ဟု မြေပြင်သတင်းများအရ သိရပါသည်။

### ဘဏ္ဍာရေး

ဘဏ္ဍာရေးအခြေအနေမသိရပါ။ ယေဘူယျအားဖြင့် ရုန်းကန်နေရပုံရသည်။

### တပ်ပေါင်းစု

မူလက UNFC အဖွဲ့ဝင်ဖြစ်သော်လည်း UNFC ပျက်ပြီးနောက် သီးခြားမဟာမိတ်ဖွဲ့ထားခြင်း မရှိပါ။ KNU နှင့် အစဉ်အလာ ဆက်ဆံရေးရှိသည်။ လောလောဆယ် NCA ထိုးမထားသဖြင့် PPST တွင်လည်း ပါဝင်ခြင်းမရှိပါ။

### အစိုးရနှင့်ဆက်ဆံရေး

၂၀၁၂ တွင် အပစ်ရပ်သဘောတူထားခဲ့သော်လည်း ၂၀၁၅ NCA လက်မှတ်ရေးထိုးရာတွင် ပါဝင်ခြင်းမရှိပါ။ သို့သော် အစိုးရနှင့် အလွတ်သဘောတွေ့ဆုံမှု ၊ ပြည်နယ်အဆင့်တွေ့ဆုံမှုများရှိပြီး လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွါးခြင်းမရှိပါ။ နစအ ကောင်စီ တက်ပြီးနောက် KNPP နှင့်တွေ့ဆုံမှု မတွေ့ရသေးပါ။

### ပြည်ပဆက်ဆံရေး

ထိုင်းနယ်စပ်တွင် အခြေပြုသည့်အဖွဲ့ဖြစ်ရာ ထိုင်းနှင့် တစုံတရာ ဆက်ဆံမှုရှိနိုင်ပါသည်။

### နိုင်ငံရေး၊ စစ်ရေး

KNPP သည်လည်း NMSP ကဲ့သို့ပင် နိုင်ငံရေးရပ်တည်ချက် ရည်ရွယ်ချက်ကြီးမားေသာ်လည်း အင်အားစုဖွဲ့တည်ဆောက်မှုအရ အကန့်အသတ်

ရှိသည်။ သို့သော် NMSP ကဲ့သို့ အခြားလက်နက်ကိုင်အဖွဲ့များ ဖိအားမရှိဘဲ တပ်နှင့်သာ ရင်ဆိုင်ရန်လိုအပ်သည်။ စစ်ရေးအရ ပြောက်ကျားစစ်လှုပ်ရှားသည်။ သို့သော် စစ်ရေးလှုပ်ရှားမှု မရှိသလောက်ဖြစ်နေသည်မှာ အတန်ငယ် ကြာမြင့်ပြီဟုဆိုရမည်။ လက်ရှိ CRPH ကဖွဲ့သော NUG တွင် KNPP မှ ခူထဲဘူး ပါဝင်သည်ကိုတွေ့ရသည်။

## အခြားတိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ

အပိုင်း ၁

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၁ ဖွဲ့အကြောင်းအား ရေးသားဖော်ပြပြီးဖြစ်ပါသည်။ ထိုအဖွဲ့ ၁၁ ဖွဲ့ကတော့ သူတို့၏အင်အား၊ သူတို့၏လုပ်နိုင်စွမ်း၊ သူတို့၏ဖြတ်သန်းမှုများပေါ်မူမည်၍ လက်ရှိ ပြည်တွင်းစစ်နှင့် ပြည်တွင်းငြိမ်းချမ်းရေးတွင် အရေးပါသည့်အဖွဲ့များဟုဆိုရမည်။ သို့သော် မြန်မာပြည်တွင် အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ကျန်နေသေးသည်။ ထိုအဖွဲ့များနှင့်ပတ်သက်၍ အကြမ်းပြင်းဖော်ပြသွားပါမည်။

## NCA ထိုးထားသောအဖွဲ့များ

### ၁။ DKBA

၁၉၉၄ ခုနှစ်တွင် KNU မှ ခွဲထွက်သည့်အဖွဲ့ဖြစ်သည်။ ၂၀၀၈/၉ ခုနှစ် BGF နယ်ခြားစောင့်တပ်ဖွဲ့ခြင်းကို လက်မခံခဲ့၍ BGF ဖွဲ့ခြင်းကိုလက်ခံသော စောချစ်သူတို့နှင့် ထပ်မံကွဲထွက်သော အဖွဲ့ဖြစ်သည်။ ထိုစဉ်က အင်အား ၁၅၀၀ ခန့်ရှိသော်လည်း DKBA အချင်းချင်းထပ်မံကွဲထွက်၍အင်အားလျော့သွားသည်။ လက်ရှိတွင် NCA လက်မှတ်ရေးထိုးထားသည်။ PPST တွင်ပါဝင်သည်။ DKBA ၏အင်အား ရာဂဏန်းအချို့ခန့်ရှိမည်ဟု ခန့်မှန်းရသည်။ လက်ရှိတွင် စောမိုးရှေးခေါင်းဆောင်သည်။ နစအ ကောင်စီ၏ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီနှင့် ၂၀၂၁ ဧပြီလ ၂၆ ရက်တွင် နေပြည်တော်၌ တွေ့ဆုံထားသည်။

### ၂။ KNU/KNLA-PC

KNU မှ ၂၀၀၇ ခုနှစ် ဇန္နဝါရီ ၃၁ ရက်တွင် ခွဲထွက်သော တပ်မဟာ ၇ စောဌေးမောင် ခေါ် ဗိုလ်ထိန်မောင်အဖွဲ့ဖြစ်သည်။ ယခုအခါ စောဌေးမောင် ကွယ်လွန်သွားပြီဖြစ်သည်။ လက်ရှိတွင် နော်ကပေါ်ထူး ( ဗိုလ်ထိန်မောင်၏သမီး ) က အတွင်းရေးမှူးအဖြစ်တာဝန်ယူထားသည်။ အင်အား ၁၀၀ ခန့်သာ ရှိသည်ဟုဆိုသည်။ လက်နက်ကိုင်အင်အားနည်းပါးသည်။ ၂၀၁၅ တွင် NCA လက်မှတ်ရေးထိုးပြီး

PPST တွင်ပါဝင်သည်။ KNU/KNLA-PC နှင့် နစအကောင်စီ၏ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖေါ်ဆောင်မှု ကော်မတီတို့ ၂၀၂၂ ခုနှစ် ဧပြီလ ၂၆ ရက်နေ့က နေပြည်တော်တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။

၃။ CNF/CNA

CNF ခေါ် ချင်းအမျိုးသားတပ်ဦးမှာ ၁၉၈၈ နောက်ပိုင်းတွင် ပေါ်လာသောအဖွဲ့ဖြစ်သည်။ လက်ရှိဥက္ကဋ္ဌဖြစ်သူမှာ ပူဇင်ကျုံးဖြစ်ပြီး စစ်ဦးစီးချုပ်မှာ ဗိုလ်မှူးချုပ်လှုထွန်း ဟုသိရသည်။

CNF ဌာနချုပ်မှာ ဟားခါးအနောက်ဖက် အိန္ဒိယနယ်စပ်အနီးတွင် ရှိသည်။ ယခင်က အင်အားရာဂဏန်းရှိသည်။အစိုးရ/တပ်နှင့် ပြင်းပြင်းထန်ထန် တိုက်ပွဲဖြစ်ဘူးခြင်းမရှိပါ။ ၂၀၁၅ တွင် NCA လက်မှတ်ရေးထိုးထားပြီး PPST တွင်ပါဝင်သည်။ သို့သော်CNF ၏ခေါင်းဆောင်တဦးဖြစ်သူဒေါက်တာ ဆလိုင်းလျံမှုံးဆခေါင်သည် ၂၀၂၁ ခုနှစ်တွင် CRPH က ဖွဲ့စည်းသည့် NUG အစိုးရတွင် ဖက်ဒရယ်ရေးရာ ဝန်ကြီးအဖြစ်တာဝန်ယူနေသည်။ ၂၀၂၁ မေလဆန်းတွင် CNF/CNA မှ အကျ အဆုံးရှိကြောင်း သတင်းများတွေ့ရသည်။ ကချင်ပြည်နယ် အလော့ဘွမ်တိုက်ပွဲတွင်ကျဆုံးသည်ဟုသိရသည်။ လက်ရှိ ၂၀၂၂ တွင် အင်အားတိုးလာသည်ဟုဆိုသည်။ လက်ရှိတွင် တပ်မဟာ ၆ ခုနှင့် ပြည်သူ့စစ်အင်အား ၂၀၀၀ ခန့်ထိစုဖွဲ့နိုင်သည်ဟု မြေပြင်သတင်းများအရ သိရပါသည်။

၄။ LDU

လားဟူတို့၏ ပုန်ကန်မှုသည် ၁၉၈၃ ခုနှစ်က အစပြုသည်။ လားဟူပုန်ကန်မှုများသည် ရှမ်းအရှေ့ မိုင်းဆတ်နယ်အတွင်း အားကောင်းခဲ့သည်။ အဖွဲ့အစည်းအမည်အား အပြောင်းအလဲများရှိခဲ့ပြီး ယခုအခါ LDU ဟုခေါ်သည်။ လက်ရှိတွင် လက်နက်ကိုင်တပ်အင်အား မရှိသလောက်ဖြစ်ပြီး ထိုင်းနယ်စပ် ထိုင်းနယ်မြေအတွင်းအခြေပြုသည်။ လက်ရှိတွင် ဥက္ကဋ္ဌ ကြာခွန်ဆာကခေါင်းဆောင်သည်။ ၂၀၁၈ ခုနှစ်တွင် NMSP နှင့်အတူ NCA လက်မှတ်ရေးထိုးထားသည်။ PPST တွင်ပါဝင်သည်။

၅။ PNLO/PNLA

မူလ ပအိုဝ်း လက်နက်ကိုင်အဖွဲ့များ ကွဲထွက်လာသောအဖွဲ့ဖြစ်သည်။ လက်ရှိတွင် ခွန်ဥက္ကာ၊ ခွန်မြင့်ထွန်းတို့ခေါင်းဆောင်သည်။ အင်အား ရာဂဏန်းရှိပြီး မောက်မယ်နယ်တွင်လှုပ်ရှားမှုရှိသည်။ ၂၀၁၅ တွင် .NCA လက်မှတ်ရေးထိုးခဲ့ပြီး PPST တွင်ပါဝင်သည်။

၆။ ALP/ALA

၁၉၆၇ ခုနှစ်က စတင်ဖွဲ့စည်းခဲ့သော ရခိုင်လက်နက်ကိုင်အဖွဲ့ဖြစ်သည်။ KNU ၏အကူအညီဖြင့်ဖွဲ့စည်းခဲ့သောအဖွဲ့ဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် NCA လက်မှတ်ရေးထိုးခဲ့ပြီး PPST တွင် ပါဝင်သည်။ ဥက္ကဋ္ဌ ခိုင်ရဲခိုင်၊ ဒုဥက္ကဋ္ဌ ခိုင်စိုးနိုင်အောင် တို့ခေါင်းဆောင်သည်။ KNU နယ်မြေနှင့် ဘင်္ဂလားဒေ့ရှ်နယ်စပ်တွင် အင်အားအနည်းငယ်စီရှိသည်ဟုသိရသည်။ စတင်ဖွဲ့စည်းသည့် အစောပိုင်းကာလက လှုပ်ရှားမှုအား ကောင်းခဲ့သော်လည်း ယခုအခါလှုပ်ရှားမှု မရှိသလောက် နည်းပါးသည်။

၇။ ABSDF

၁၉၈၈ အရေးတော်ပုံအပြီး ဖွဲ့စည်းသည့် ကျောင်းသားတပ်မတော်ဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့မဟုတ်သော်လည်း KNU ၊ NMSP ၊ KNPP ၊ KIA စသည့် တိုင်းရင်းသားလက်နက်ကိုင်ဒေသများတွင် အခြေပြုသည် ဖြစ်ရာ တိုင်းရင်းသားအဖွဲ့များ ငြိမ်းချမ်းရေးယူသောအခါ ABSDF လည်း အတူတွဲပါလာပြီး ၂၀၁၅ တွင် NCA လက်မှတ်ရေးထိုပြီး PPST တွင်ပါဝင်သည်။ လက်ရှိ ABSDF အား ဥက္ကဋ္ဌ ကိုသံခဲ၊ ဒုဥက္ကဋ္ဌ ကိုမျိုးဝင်းတို့ခေါင်းဆောင်ပြီး KNU/, KNPP/KIA ဒေသများတွင်အခြေပြုသည်။ လက်ရှိအင်အားမှာ မများလှတော့ဟု သိရသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ပြင်ပမှ အဖွဲ့များ

၁။ DKBA ခွဲထွက်

၂၀၀၈/၂၀၀၉ နယ်ခြားစောင့်တပ် BGF ဖွဲ့စည်းရေးကို လက်မခံသည့် DKBA ( ယခု စောမိုးရှေး ခေါင်းဆောင်သည့် DKBA) မှ ထပ်မံခွဲထွက်သည့် အဖွဲ့ဖြစ်သည်။ ဗိုလ်ဘိ၊ ဗိုလ်ကျော်သက်တို့ခေါင်းဆောင်သည်။ DKBA ကဲ့သို့

အစိုးရနှင့် ပြန်လည်ညှိနှိုင်း၍မရခဲ့ပါ။ ယခင်က သီးခြားရပ်တည်သည်။ ၎င်းအဖွဲ့မှ စောဆန်းအောင်တို့ ထပ်မံခွဲထွက်သွားသည်။ ယခု လှုပ်ရှားမှုသိပ်မကြားရပါ။

၂။ ANC/AA

၁၉၈၈ နောက်ပိုင်း ဖွဲ့စည်းခဲ့သော ရခိုင်အမျိုးသားကောင်စီ- ANC ၏ ဥက္ကဋ္ဌအဖြစ် ဒေါက်တာခင်မောင် တာဝန်ယူပြီး AA တပ်မှူးအဖြစ် မင်းဖုံဝေ ခေါ် ဗိုလ်မှူးကြီးမင်းထွန်းတာဝန်ယူသည်။ နောက်ပိုင်းထိုင်းနယ်စပ်တွင် အခြေပြုသည်။ ၂၀၁၁ နောက်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ တွင်ပါဝင်ခဲ့သော်လည်း ၂၀၁၅ NCA လက်မှတ်ရေးထိုးရာတွင်မပါဝင်ခဲ့။ ၂၀၁၈ NMSP နှင့် LDU တို့ NCA လက်မှတ်ရေးထိုးရာတွင်လည်းမပါဝင်ခဲ့ဘဲ နောက်ပိုင်း အစိုးရက ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် ထည့်သွင်းခြင်းမပြုတော့။ ယခင်ကထဲက စစ်အင်အားအချို့ ထိုင်းနယ်စပ် KNU နယ်မြေတွင် တွေ့ရသည်။ ၂၀၂၂ မေလဆန်းတွင် KNU တပ်မဟာ ၅ နှင့်တွဲ၍ ANC/AA တပ်ဖွဲ့အချို့ပူးတွဲတိုက်ခိုက်နေသည်ဟု ANC/AA ကသတင်းထုတ်ပြန်သည်ကို တွေ့ရသည်။ မြေပြင်သတင်းများအရ အင်အား ၁၀၀ ခန့်ရှိသည်ဟုဆိုပါသည်။

၃။ NSCN(K)

နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ-NSCN(K) သည် မြန်မာပြည် နာဂတောင်တန်းတွင်အခြေပြုသည်။ မူလ NSCN သည် အိန္ဒိယနှင့်မြန်မာပြည်ရှိ နာဂနယ်အားလုံးတွင် လှုပ်ရှားသည့်အဖွဲ့ဖြစ်သည် ။ နောက်ပိုင်း အီဆပ်နှင့်မွေဘတ် ဦးစီးသည့် NSCN(IM) နှင့် ကပ်ပလန်ဦးစီး NSCN(K) တို့ထပ်ကွဲသည်။ NSCN(IM) က အိန္ဒိယအစိုးရနှင့် ဆွေးနွေးသဘောတူမှုရပြီး အိန္ဒိယတွင် ရပ်တည် သည်။ NSCN(K) ကတော့ မြန်မာပြည်တွင်ရပ်တည်သည်။ ၎င်းတို့ နိုင်ငံရေး ရည်ရွယ်ချက်မှာ အိန္ဒိယရော မြန်မာပြည်တွင်းပါရှိနေသည့် နာဂဒေသအားလုံး တစုတစည်းရှိရေးဖြစ်ကာ နှစ်နိုင်ငံလုံးနှင့် ပဋိပက္ခဖြစ်ခဲ့သည်။ လက်ရှိ NSCN(K) သည် မြန်မာပိုင်နက်ရှိ နာဂတောင်တန်းတွင်အခြေပြုရာ မြန်မာအစိုးရ/တပ်နှင့် စစ်ရေးပဋိပက္ခမရှိပါ။ သို့သော် အိန္ဒိယနယ်တွင်းပါဝင်ရောက်လှုပ်ရှားလေ့ရှိရာ အိန္ဒိယအစိုးရနှင့် ပဋိပက္ခရှိသည်။

မြန်မာပြည်တွင် စစ်ရေးပဋိပက္ခမရှိသော်လည်း ၎င်းတို့နိုင်ငံရေး ရည်ရွယ် ချက်ကြောင့် မြန်မာပြည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ခြင်းမရှိပါ။ လွန်ခဲ့သော

နှစ်အနည်းငယ်က ကပ်ပလန် ကွယ်လွန်ပြီးနောက် ခေါင်းဆောင်ပိုင်း အပြောင်းလဲများပြီး အဖွဲ့အစည်း မတည်ငြိမ်တော့ပါ။ ယခုအခါ နှစ်ဖွဲ့ထပ်မံကွဲသည်ဟုကြားရသည်။ အင်အားရာဂဏန်းခန့်ရှိပါသည်။

၄။ ZRO/ZRA

ဇိုမီးတော်လှန်ရေးတပ်ဦး/ဇိုမီးတော်လှန်ရေးတပ်မတော် သည် ချင်းပြည်နယ်မြောက်ပိုင်း တီးတိန်၊ တွန်းဇံ နှင့် အိန္ဒိယနယ်စပ်တွင် လှုပ်ရှားပြီး နှစ်ဖက်နိုင်ငံများတွင် နေထိုင်ကြသော ဇိုမီးများလည်းပါဝင်စုစည်းစုဖွဲ့ကြသည်ဟုသိရသည်။ ၁၉၈၈ နောက်ပိုင်း လှုပ်ရှားမှုအချို့တွေ့ရပြီး ယခု ၂၀၂၁ တွင်လည်း သတင်းများကြားရသည်။ သို့သော် ခေါင်းဆောင်၊ အင်အားနှင့်ပတ်သက်၍ အချက်အလက်များမသိရပါ။

၅။ SNA

ရှမ်းနီအမျိုးသားတပ်မတော် ခေါ် SNA စတင်ဖွဲ့စည်းသည့်ကာလကိုမသိရပါ။ ၁၉၇၀ နောက်ပိုင်းမှစသည့် ရှမ်းနီ နိုင်ငံရေးလှုပ်ရှားမှုများ၏ အဆက်ဖြစ်ပုံရသည်။ ၂၀၁၅ ခုနှစ်မှစ၍ SNA နှင့်အစိုးရတပ်တိုက်ပွဲဖြစ်သည်ကိုတွေ့ရသည်။ SNA လှုပ်ရှားမှုအား ခန္တီး၊ ဟုမ္မလင်းစသည့် ချင်းတွင်းမြစ်ရိုးတလျှောက်တွင် တွေ့ရသည်။ ၂၀၂၀ ခုနှစ်အတွင်း ချင်းတွင်းမြစ်ရိုးတွင်း သွားလာသည့် စက်လှေ၊ မော်တော်များအား အခွန်အကောက်သည့်သတင်း၊ ဗန်းမောက်နယ်အတွင်း အစိုးရတပ်နှင့်တိုက်ပွဲ ဖြစ်သည့်သတင်းများ ကြားရသည်။ ထို့နောက် တပ်မှထိုဒေသတွင် စစ်ဆင်ရေးဝင်သည့် သတင်းများကြားရသော်လည်း တိုက်ပွဲဖြစ်သည်ကိုတော့မကြားရပါ။ တပ်မှ SNA အား လက်နက်စွန့် လက်နက်ချရန် လိုက်လံစည်းရုံးလှုံ့ဆော်နေသည်ဟူသည့် သတင်းများကြားရသည်။ တပ်အနေနှင့် SNA နှင့်ဆွေးနွေးမည့်သဘောထားရှိပုံမရပါ။ လက်ရှိ ၂၀၂၁ တွင်လည်း SNA နှင့်တပ်တိုက်ပွဲဖြစ်သည့်သတင်းများကြားရသည်။

လက်ရှိ SNA ခေါင်းဆောင်မှုနှင့် တပ်ဖြန့်ခွဲမှုမှာ အောက်ပါအတိုင်းဖြစ်သည်။

ဥက္ကဋ္ဌ စဝ်သန်းမြင့်<br>
ဒုဥက္ကဋ္ဌ ခွန်အောင်<br>
အတွင်းရေးမှူး စဝ်တန်းဖ

တပ်မဟာ ၃ခုဖွဲ့စည်းပြီး ဒေသ ၃ ခု ဖြန့်ခွဲလှုပ်ရှားသည်။
တပ်မဟာ ၈၉၁ - စိုင်းအောင်မိန်း ဦးစီးသည်။ ခန္တီးဒေသ။
တပ်မဟာ ၉၇၂- စိုင်းထွန်း ဦးစီးသည်။ ဥရုချောင်းရိုး၊ နန့်လစ်-ပတ်ကလာဂွင်။
တပ်မဟာ ၇၅၃- စိုင်းထူး ဦးစီးသည်။ ဖေါင်းပြင်၊ ဗန်းမောက်ဒေသ။
SNA ၏ စုစုပေါင်းအင်အားသည် အနည်းဆုံး ၅၀၀ မှ အများဆုံး ၁၀၀၀ ခန့်ထိရှိနိုင်ပါသည်။

SNA သည် လက်ရှိကာလတွင် ချင်းတွင်းမြစ်ရိုးတလျှောက်ရှိ ဖေါင်းပြင်၊ ဟုမ္မလင်း၊ ခန္တီးဒေသများတွင် ပြောက်ကျားထိုးဖေါက်လှုပ်ရှားနေသည်။ ကချင်ပြည်နယ် အင်းတော်ကြီးဒေသ၊ မိုးညှင်း-မိုးကောင်း သံလမ်းရိုးတလျှောက်ရှိ ရှမ်းနီဒေသထိ ထိုးဖေါက်ရန် ရည်ရွယ်ပုံရသည်။ သို့သော် KIA စိုးမိုးဒေသဖြစ်နေပြီး KIA နှင့် ဆက်ဆံရေးမတည်ဆောက်နိုင်ပါက ခက်ခဲမည်ဖြစ်သည်။ လက်ရှိ SNA သည် ပြောက်ကျားစည်းရုံးလှုပ်ရှားမှုကိုသာ အလေးထားသည်ကို တွေ့ရသည်။ မရှောင်မလွှဲသာမှ တိုက်ပွဲတိုက်သည်ကို တွေ့ရသည်။ လက်နက်ခဲယမ်း ချွေတာရပုံရသည်။ SNA သည် ရှမ်းအဖွဲ့အစည်းဖြစ်သော်လည်း ရှမ်းပြည်ရှိ ရှမ်းလက်နက်ကိုင်အဖွဲ့များနှင့် အလှမ်းဝေး၍ စစ်ကိုင်းတိုင်း မြောက်ပိုင်းနှင့် ကချင်ပြည်နယ် အနောက်ပိုင်းတွင် သီးခြားရပ်တည်နေသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဟောင်းများ

၁။ ကလလတ

ကရင်နီပြည် လူမျိုးပေါင်စုံ လွတ်မြောက်ရေးတပ်ဦး- ကလလတ သည် ၁၉၇၈ ခုနှစ်တွင် KNPP က ခွဲထွက်ခဲ့သော အဖွဲ့ဖြစ်သည်။ ထိုချိန်မှစ၍ ကလလတ သည် CPB ၊ ရလလဖ ၊ ကယန်းပြည်သစ်ပါတီ တို့နှင့် နိုင်ငံရေး၊ စစ်ရေးတပ်ပေါင်းစုဖွဲ့စည်းလှုပ်ရှားခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် အပစ်ရပ် ငြိမ်းချမ်းရေး ယူခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် ကလလတ လက်နက်ကိုင်တပ်ဖွဲ့ များအား နယ်ခြားစောင့် BGF တပ်ရင်း ၂ ရင်းအဖြစ်ပြောင်းလဲ ဖွဲ့စည်းခဲ့သည်။ ဖွဲ့စည်းပုံအရ အစိုးရတပ်လက်အောက်သို့ရောက်ရှိသွားပြီဖြစ်သည်။ သို့သော် ၂၀၂၁ ခုနှစ် နိုင်ငံရေးအကြပ်အတည်းတွင် CRPH ကNUG ဖွဲ့စည်းသောအခါတွင် ကလလတ မှ ဦးချစ်ထွန်း ဝင်ရောက်တာဝန်ယူသည်ကို တွေ့ရသည်။

၂။ ကယန်းပြည်သစ်ပါတီ

ကယန်းပြည်သစ်ပါတီသည် ကယားပြည်နယ်အတွင်း CPB ,ကလလတ ၊ ရလလဖ တို့နှင့်တွဲ၍တက်ကြွစွာလှုပ်ရှားခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် အစိုးရနှင့် အပစ်ရပ်ပြီးငြိမ်းချမ်းရေးယူခဲ့သည်။ ၂၀၀၉ ခုနှစ် အပြောင်းအလဲတွင် ကယန်းပြည်သစ်အား ပြည်သူ့စစ်အဖြစ်ပြောင်းလဲသတ်မှတ်သည်ဟုဆိုသည်။ သို့သော်လည်း ကယန်းပြည်သစ်ပါတီကတော့ သူ့ပါတီ အဖွဲ့အစည်းအနေနှင့် ရပ်တည်နေပုံ ကိုပြသသည်။ ၂၀၂၀ တွင်း လက်နက်သိမ်းခံရသည့် ကောင်းခါးအဖွဲ့လည်း ၂၀၀၉ ခုနှစ်မှစ၍ ကောင်းခါးပြည်သူ့စစ်ဟုပြောင်းလဲသတ်မှတ်သော်လည်း ၎င်းတို့က သူတို့ကိုယ်သူတို့ Kachin Defence Army - KDA ဟုသာ တောက်လျှောက်သုံးစွဲသည်နှင့်ဆင်တူသည်။ ကယန်းပြည်သစ်ပါတီသည်လည်း လက်နက်ကိုင်အင်အား ၁၀၀၀ ဝန်းကျင်ရှိနိုင်သည့်အဖွဲ့ဖြစ်သည်။

၃။ စိန်ကျော် ပြည်သူ့စစ် ၊ ကာလိ ပြည်သူ့စစ်

၂၀၀၉ ခုနှစ်တွင် ယခင် SSPP/SSA မှ တပ်မဟာ ၃ သည် စိန်ကျော် ပြည်သူ့စစ်ဟု၎င်း၊ တပ်မဟာ ၇ သည် ကာလိ ပြည်သူ့စစ်ဟု၎င်း အသွင်ပြောင်းခဲ့ကြသည်။ ၂၀၂၁ လှုပ်ရှားမှုတွင် သီပေါမြို့ ဆန္ဒပြသူများအား ကာကွယ်မည်ဆိုပြီး စိန်ကျော် ပသစ များ သီပေါမြို့ပေါ် တက်လာသည်ကို တွေ့ရသည်။ ယုံကြည်သူလည်းရှိသည်။ မယုံသူလည်း ရှိသည်။ ၂၀၂၁ အပြောင်းအ လဲသည် လက်နက်ကိုင်အဖွဲ့အားလုံးအား ဂယက်ရိုက်ပုံရသည်။

၄။ ကရင် BGF

စောချစ်သူ ဦးစီးသည့် ကရင် BGF သည် ရင်း ၁၂ ရင်း အင်အား ၃၀၀၀ ကျော် ခန့်ရှိသည်။ မူလ KNU မှ ခွဲထွက်လာသောအဖွဲ့ဖြစ်သည်။ BGF များကြားတွင် အင်အားအတောင့်တင်းဆုံးဖြစ်သည်။ ၂၀၂၁ ခုနှစ် KNU နှင့် နစအ တပ်ကြား တိုက်ပွဲများတွင် နစအ ထက်မှ စစ်ကူပေးရန် တာဝန်ပေးခံရသည်ဟု သတင်းထွက်သည်။ တဖက်ကလည်း မကြာသေးခင်က စောချစ်သူအပါ BGF ခေါင်းဆောင်များအား နုတ်ထွက်ရန် တပ်ကဖိအားပေးသည့် တင်းမာမှုများလည်း ရှိသည်။ လက်ရှိအပြောင်းအလဲတွင် ကရင် BGF တို့အား အဖက်အဖက်က ဖိအားပေးနေသည်ကို တွေ့ရသည်။ သို့သော်လည်း လက်ရှိတွင် နစအ/တပ်၏ ကွပ်ကဲမှုအောက်တွင် ရှိသည်။

၅။ PNO

ရှမ်းပြည်တွင် ၁၉၄၉ မှစသည့် ပအိုဝ်းတော်လှန်မှုသည်လည်း အစဉ်အလာကြီးသည်။ ၁၉၅၈ တွင် လက်နက်နှင့်ဒီမိုကရေစီလဲသည့်ခေါင်းစဉ်အောက်တွင် အလင်းဝင်ခဲ့ပြီး ၁၉၆၆ တွင် ဒုတိယ ပအိုဝ်းတော်လှန်ရေးပြန်စသည်။ မူလ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့- ပအလဖ ကို ၁၉၆၇ နှစ်ကုန်ပိုင်းတွင် ရလလဖ-ရှမ်းပြည်လူမျိုးပေါင်းစုံလွတ်မြောက်ရေးအဖွဲ့ ဟုပြောင်းလဲဖွဲ့စည်းသည်။ ၁၉၇၃ ခုနှစ်မှစ၍ ရလလဖ တွင်း အယူအဆကွဲပြားပြီး CPB ,နှင့်ပေါင်းသည့် စောတာက လယ်ဦးစီးသည့် ပအိုဝ်းနီနှင့် အမျိုးသားရေးလမ်းစဉ်ဆက်လက်ကိုင်စွဲသည် ဦးအောင်ခမ်းထီ ဦးဆောင်သည့် ပအိုဝ်းဖြူဟူ၍ နှစ်ဖွဲ့ကွဲသည်။ ၁၉၇၆ ခုနှစ်နှစ်ကုန်တွင် ဦးအောင်းခမ်းထီဦးဆောင်သည့်အဖွဲ့ကရလလဖ အမည်မသုံးတော့ဘဲ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်-PNO ဟုပြောင်းလဲဖွဲ့စည်းသည်။ ဦးအောင်ခမ်းထီ ခေါင်းဆောင်သည့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်-PNO သည် ၁၉၉၁ ခုနှစ်တွင် အပစ်ရပ်ပြီး ဥပဒေဘောင်တွင်းသို့ဝင်သည်။ လက်ရှိကာလတွင် PNO လက်နက်ကိုင်တပ်ဖွဲ့အား ပအိုဝ်းပြည်သူ့စစ်များအဖြစ်ဖွဲ့ထားသည်။

PNO ကတော့ ဥပဒေတွင်းပါတီအဖြစ် ၂၀၁၀မှ စ၍ရွေးကောက်ပွဲဝင်ရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ရေးဒေသဖြစ်သည့် မြို့နယ် ၃ ခုလုံးတွင် ရွေးကောက်ပွဲတိုင်း၌ အနိုင်ရထားသည်။ PNO သည် အစဉ်အလာအရ မြန်မာစစ်ဖက်နှင့် ရင်းနှီးသောဆက်ဆံရေးရှိခဲ့သော်လည်း ၂၀၂၀ ရွေးကောက်ပွဲအပြီး NLD နှင့်တွေ့ဆုံမှုများရှိသည်ကိုတွေ့ရသည်။ ၂၀၂၁ ခုနှစ် အပြောင်းအလဲတွင် သိသာသောသဘောထား ဖေါ်ပြသည်ကို မတွေ့ရပါ။ မည်သို့ဆိုစေ ပအိုဝ်အဖွဲ့အစည်းတခုဖြစ်သော ရလလဖ ပြိုကွဲပြီးနောက် ပအိုဝ်းဒေသတွင် စည်းရုံးရေး အုပ်ချုပ်ရေးဩဇာရှိသော အဖွဲ့မှာ PNO ဖြစ်သည်။ ပအိုဝ်းပြည်သူ့စစ်ဦးရေမှာ တရားဝင် ၅၀၀ ခန့်သာ ရှိသော်လည်း မြေပြင်သတင်းများအရ ၃၀၀၀ ခန့်ရှိနိုင်သည်ဟုဆိုပါသည်။

၂၀၂၁ တွင် တွေ့ရသည့် လက်နက်ကိုင်တပ်အသစ်များ

၁။ PDF

ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ -PDF အား NUG မှ ၂၀၂၁ ခုနှစ် မေလ ၅ ရက်နေ့ နေ့စွဲနှင့် ဖွဲ့စည်းကြောင်းကြေညာသည်ကို တွေ့ရသည်။ မည်သည့်နေရာတွင် အင်အားမည်မျှနှင့် ဖွဲ့စည်းကြောင်းမသိရသေးပါ။ ထို့ပြင် PDF ၏ ဘဏ္ဍာရေးနှင့်

လက်နက်ခဲယမ်းအခြေအနေတို့ မည်သို့ရှိသည်ကို ဆက်လက်လေ့လာရန် လိုအပ်ပါ သည်။

၂။ အခြားအဖွဲ့များ

၂၀၂၁ လူထုလှုပ်ရှားမှုအတွင်း မတ်လနောက်ပိုင်းမှစ၍ လက်နက်ကိုင်အဖွဲ့ဖွဲ့သည့်သတင်းများ အနယ်နယ်မှကြားရသည်။ အချို့က ယခုအချိန်တွင် PDF တွင် ပါဝင်မည်ဟုဆိုကြသည်။

ထိုအဖွဲ့များသည် ကြီးထွားလာမည်လော၊ ဆက်လက်ရပ်တည် နိုင်မည်လော၊ ပြိုကွဲမည်လောဆိုသည်ကို ဆက်လက်စောင့်ကြည့်ရအုံးမည်ဖြစ်သည်။

အပိုင်း ၂

တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့်ပတ်သက်သည့် မှတ်ချက်များ

၁။ အထက်ပါအဖွဲ့များအနက် BGF နှင့် ပြည်သူ့စစ်များသည် နစအ တပ်၏ လက်အောက်ခံအဖွဲ့များဖြစ်သည်။ ကျန်အဖွဲ့များထဲမှ NCA ထိုးထားသော အဖွဲ့ ၁၀ ဖွဲ့မှလွဲ၍ ကျန်အဖွဲ့များအားလုံးသည် မတရားသင်းကြေညာခံ ထားရသည့်အဖွဲ့များ ဖြစ်သည်။ ထို့ပြင် CRPH/NUG/PDF တို့အား နစအ ကောင်စီက အကြမ်းဖက် အဖွဲ့များအဖြစ်ကြေညာထားပါသည်။

၂။ ၂၀၂၁ လူထုလှုပ်ရှားမှုသည် လက်နက်ကိုင်အဖွဲ့ အားလုံးကို ပြင်းထန်စွာ ဂယက် ရိုက်သည်။ စဉ်းစားစရာအသစ်များပေးသည်။ မည်သို့မည်ပုံရှေ့ဆက်ကြမည်ကို ပြန်လည်သုံးသပ်ကြသည်ကို တွေ့ရသည်။ သို့သော် တဖွဲ့နှင့်တဖွဲ့မတူသည့် စဉ်းစားမှု များကို တွေ့ရသည်။

၃။ ၂၀၂၁ ဖေဖဝါရီလ အပြောင်းအလဲသည် ကြီးမားသည်။ လက်ညိုးနိုင်ငံရေး အားကောင်းလာသည်။ အဖွဲ့သစ်များ ပေါ်လာနေသကဲ့သို့ အားနည်းသော အဖွဲ့များ လူသစ်များဖြင့် အင်အားတိုးလာနိုင်သည်။

၄။ နိုင်ငံရေးရည်မှန်းတရပ်ကို အကောင်အထည်ဖေါ်ဖို့ အစပြုသောအခါ လူအနည်း ငယ်နှင့်အစပြုလေ့ရှိသည်ကို ကိုလိုနီခေတ်မှစ၍ ယနေ့ကာလအထိ တွေ့မြင်ခဲ့ကြ ရသည်။ ကိုလိုနီခေတ်က ဆယ်ဂဏန်းပင်မပြည့်သောအစုအဖွဲ့တခုက ဗမာပြည် ကွန်မြူနစ်ပါတီကို ဖွဲ့စည်းခဲ့ကြသည်။ လူ ၃၀ က ရဲဘော်သုံးကျိပ်ဟူ၍ စစ်တပ် ကိုဖွဲ့စည်းခဲ့သည်။ ယနေ့ကာလများတွင်လည်း AA/TNLA စသည့် လက်နက်ကိုင်အဖွဲ့အစည်းများသည် လူ ၃၀/၄၀ နှင့်အစပြုခဲ့ကြသည်။

ဤသို့ အစပြုဖွဲ့စည်းခဲ့သည့် အဖွဲ့အစည်းများစွာ ရှိခဲ့သည်ကို ပြီးခဲ့သော သမိုင်းကာလများတွင် များစွာ တွေ့ခဲ့ရသကဲ့သို့ ယနေ့ကာလတွင်လည်း တွေ့နေရဆဲဖြစ်သည်။ အချို့အဖွဲ့များက အောင်မြင်ခဲ့ကြသည်။ ကြီးထွားခဲ့ကြသည်။ အချို့အဖွဲ့များကတော့ ထင်သ လောက်မပေါက်ခဲ့ကြ၊ သာမန်မျှသာဖြစ်ခဲ့ကြသည်။

အချို့ကတော့ ရပ်တည်နိုင်ရုံမျှသာဖြစ်ခဲ့သည်။ အချို့အဖွဲ့များကတော့ ပျက်သုဉ်းသွားကြသည်စသဖြင့် အမျိုးမျိုးတွေ့ကြရသည်။

အောင်မြင်မှု ဆုံးရှုံးမှု ဆိုသည်ကတော့ ထိုအဖွဲ့များကို ခေါင်းဆောင်သည့် လူပုဂ္ဂိုလ်များ၏ အရည်အချင်း၊ လူထုအားစည်းရုံးနိုင်မှုစွမ်းရည်၊ လူထုထောက်ခံမှု ရရှိမှု၊ မိမိအင်အားကို စနစ် တကျဖွဲ့စည်းနိုင်မှု၊ ခေါင်းဆောင်နိုင်မှု ၊ ပြည်တွင်းပြည်ပ အခြေအနေအကြောင်းအချက်များ၊ နိုင်ငံရေးအလှည့်အပြောင်းများပေါ်မူတည်သည်ဟု ယေဘူယျဆိုနိုင်ပါသည်။

သို့ဖြစ်ရာ နိုင်ငံရေးရည်မှန်းချက်တခုအတွက် လူအနည်းငယ်ဖြင့် အဖွဲ့အစည်းတခု စတင်ဖွဲ့စည်းသည်နှင့် ထိုအဖွဲ့၏ အလားအလာကို တပ်အပ်ပြောဆိုနိုင်ရန် မဖြစ်နိုင်ပေ။ လျှော့တွက်၍ မရသကဲ့သို့ ပိုတွက်၍လည်းမဖြစ်နိုင်ပေ၊ ဤကား လက်တွေ့ရင်ဆိုင်နေရသည့် နိုင်ငံရေးပင်ဖြစ်သည်။

၅။ ၂၀၁၁ မှ ၂၀၂၀ ထိ ၁၀ နှစ်ကာလတွင် ဥပဒေတွင်းနိုင်ငံရေး၊ လွှတ်တော်နိုင်ငံရေး အား ကောင်းခဲ့သည်။ လက်သန်းနိုင်ငံရေး အားကောင်းခဲ့သည်။ အမျိုးသားရင်ကြားစေ့ရေး၊ တွေ့ဆုံဆွေးနွေးရေးအမြင်လွှမ်းမိုးခဲ့သည်။ ၂၀၂၁ မှစ၍ မိမိနိုင်ငံရေးရည်မှန်းချက်ကို အင်အားသုံးအကောင်ထည်ဖော်သည့် နိုင်ငံရေးအစပြုလာသည်။ မစေ့စပ်ရေးဖြစ်လာသည်။ ရင်ကြားစေ့ရေး အသုံးမဝင်ဟုမြင်လာကြသည်။ လက်ညှိုးနိုင်ငံရေးဖက်သို့အားသန်လာသည်။ ၂၀၂၁ မှအစပြုသည့် လက်ညှိုးနိုင်ငံရေးသည် မည်သည့်ကာလထိ အားကောင်းမောင်းသန်ဖြစ်သွားမည်ကို ယခုအချိန်တွင် ခန့်မှန်းသုံးသပ်ရန် မဖြစ်နိုင်သေးပေ။ ဤသို့သော မတူသည့်အမြင်များ ပေါ်ထွက်လာခြင်း ၊ လွှမ်းမိုးမှုခြင်း၊ အားကောင်းမောင်းသန်ဖြစ်လာခြင်းများသည် မြန်မာပြည်လက်တွေ့ဘဝအခြေအနေများမှ ပေါက်ဖွါးလာခြင်းဖြစ်သည်။ ရှောင်လွှဲ၍ မရနိုင်ပေ။

လက်ခံသည် လက်မခံသည်။ မှားသည်ဟုမြင်သည်၊ မှန်သည်ဟုမြင်သည် စသည့် အတော မသတ်သည့် ဆွေးနွေးငြင်းခုံမည့်သူများ ၊ အချိန်ကာလများကိုတော့ ကြုံတွေ့ဖြတ်သန်းရပေအုံးမည်။

၅။ ဟန်ချက်မညီခြင်း

ဖက်ဒရယ်အရေး၊ဒီမိုကရေစီရေးတောင်းဆိုချက်များနှင့်ပေါ်ထွက်လာသော လက်နက်ကိုင် ပုန်ကန်မှုများနှင့် လူထုအုံကြွမှုများသည် တကယ်တမ်းလက်တွေ့တွင် ဟန်ချက်ညီဖြစ်မနေကြပေ။ ဤအချင်းအရာကြောင့် အားမလို အားမရဖြစ်ကြသည်။ ပြဿနာမှာ ဦးတည်ချက်တူသည်ဆိုသော်လည်း သဘောသဘာဝနှင့်ဖြစ်တည်လာပုံမတူညီကြသောကြောင့်ဖြစ်သည်။

လက်နက်ကိုင်ပုန်ကန်မှုကို ရွေးချယ် သူတို့အနေနှင့် သဘောတရားအရဖြစ်စေ လက်တွေ့အရဖြစ်စေ ရေတိုအောင်ပွဲခံနိုင်ခြင်းမရှိပေ။ သို့ဖြစ်ရာ လက်နက်ကိုင်ပုန်ကန်သူတို့သည် ၎င်းတို့၏တိုက်ပွဲအား ရေရှည်လမ်းကြောင်း အဖြစ်ရွေးချယ်ကြရသည်။ လူသူစုဆောင်းခြင်း၊ ရေရှည်တိုက်ပွဲဝင်နိုင်သူများဖြစ်အောင် စိတ်ဓါတ်ရေးရာအရ တည်ဆောက်ရခြင်း၊ လူသူအင်အားဖြည့်တင်းရန် အမြဲတမ်းစီစဉ်ဆောင်ရွက်နေရခြင်း၊ တပ်ဖွဲ့လေ့ကျင့်မှုအားစီစဉ်ဆောင်ရွက်ရခြင်း၊ မိမိတပ်ဖွဲ့အတွက် ဘဏ္ဍာရေးပြဿနာကိုထည့်တွက်ရခြင်း၊ ရိက္ခာပြဿနာကို ထည့်သွင်းစဉ်းစားရခြင်း၊ လက်နက်ခဲယမ်းရရှိမှု စုဆောင်းမှုအား မပြတ်ဆောင်ရွက်နေရခြင်း၊ မိမိ လူအင်အား၊ လက်နက်ခဲယမ်းအင်အားအရ တိုက်ပွဲများကို စီစဉ်ရခြင်း စသည်တို့အပြင်ဆေး၊ဆက်သွယ်ရေး၊ သတင်းထောက်လှမ်းရေး၊ ထိမ်းချုပ်နယ်မြေများအား ကွပ်ကဲရေး၊ အခြေခံဒေသတည်ဆောက်ရေး၊ ဒေသအုပ်ချုပ်ရေးစသည့် များပြားသည့်ပြဿနာများကို ရင်ဆိုင်ဖြေရှင်းနေရသည်။ ရေရှည်စစ်ပွဲအတွက် လည်းထည့်သွင်းတွက်ချက်စဉ်စားရသည်။ တဖက်ရန်သူကို တိုက်ခိုက်ချေမှုန်းရန်ပြင်ဆင်ရသကဲ့သို့ မိမိတပ်ဖွဲ့ ရပ်တည်ရေးနှင့်ခုခံကာကွယ်ရေးအားလည်းစဉ်းစားရသည်။ ထိုးစစ်အတွက်စဉ်းစားရသကဲ့သို့ ခွါစစ်နှင့် ခံစစ်အတွက်လည်း စဉ်းစားရသည်။ မိမိခဲယမ်းအင်အားကိုလည်း အမြဲထည့်သွင်းတွက်ချက်နေရသည်။ လက်နက်ခဲယမ်းဆိုသည်က ငွေကြေးရှိတိုင်း ဝယ်ယူရရှိနိုင်သည် မဟုတ်ပေ။

၁၉၄၈ မှ ၁၉၈၈ ခုနှစ်ထိ နှစ် ၄၀ အတွင်း အချိန်ကာလတို ငြိမ်းချမ်းရေးစကားပြောသည်ရှိသော်လည်း အချိန်အများစုက စစ်တိုက်သည့်ကာလဖြစ်သည်။ ၁၉၈၉ မှ ၂၀၂၁ ထိ ၃၂ နှစ်ကာလသည် ငြိမ်းချမ်းရေး စကားပြောသည့်အချိန်ကာလအချို့လည်းရှိ စစ်တိုက်သည့်ကာလအချို့လည်း ရှိသည့်ကာလဖြစ်သည်။ နှစ်အချို့ စကားဝိုင်းတွင် စကားပြောပြီး နှစ်အချို့ ပြန်လည်တိုက်ခိုက် သည်လည်းရှိသည်။ တဖက်ကငြိမ်းချမ်းရေးစကားပြော တဖက်က တိုက်ပွဲငယ်များ ဖြစ်နေသည်လည်းရှိသည်။ ငြိမ်းချမ်းရေးစကားပြောပြီး မပြေလည်သော်လည်း စစ်ရေးအရ

တင်းမာမှုသာရှိပြီး တိုက်ပွဲမဖြစ်သည်လည်းရှိသည်။ သို့ဖြစ်ရာ လက်နက်ကိုင် ပုန်ကန်သူများသည် လက်နက်ကိုင်ပုန်ကန်မှုတခုတည်းသာ လုပ်တော့သည် မဟုတ် ဘဲ တဖက်ကလက်နက်ကိုင်၍ တိုက်ခိုက်နေသကဲ့သို့ တဖက်က လက်နက်ကို မစွန့် လွှတ်ဘဲ နိုင်ငံရေးစကားဝိုင်းကို အသုံးပြုသည့် နည်းနာကိုလည်း ကျင့်သုံးနေကြ သည်။ နှစ်ရှည်လများ စစ်ရေးနှင့် ဖြေရှင်းမရသည်ကို နိုင်ငံရေးစကားဝိုင်း နှင့်ဖြေ ရှင်းရန် ကြိုးစားနေရသည်လည်းရှိသည်။

လူထုအုံကြွမှုဆိုသည်က စနစ်တကျစီမံကိန်းရေးဆွဲ၍ ဖေါ်ဆောင်၍ရ သည့်အရာမျိုးမဟုတ်ပေ။ အခြေအနေအချိန်အခါနှင့် လူထု၏ အထွေထွေ မကြေနပ် မှုအပေါ်အခြေတည်၍ ပေါက်ကွဲလာခြင်းမျိုးဖြစ်သည်။ အချိန်ကာလ သတ်မှတ်ထား ပြီး ဖေါ်ဆောင်၍ရသည့်အရာမျိုးမဟုတ်ပေ။ ၁၉၈၈ အရေးတော်ပုံကြီး အပြီး ၁၉၉၆ နှင့် ၂၀၀၇ တို့တွင် နှစ်ကြိမ်သာ ပေါ်ပေါက်ခဲ့သည်။ လက်ရှိ ၂၀၂၁ လူထုအုံကြွမှုသည် အများစုမျှော်လင့်ထားသည့် ထည့်သွင်းတွက်ချက်ထားသည့် အခြေအနေအချိန် အခါ မျိုးတွင်ပေါ်ပေါက်လာခြင်းမျိုးမဟုတ်ပေ။

မျှော်လင့်မထားသည့်အခြေအနေတွင် ပေါက်ကွဲထွက်လာသည်ဟု ဆိုရ မည်။ တဖက်ကဆိုရလျှင် လက်နက်ကိုင်အဖွဲ့အစည်းများသည် ငြိမ်းချမ်းရေး လုပ် ငန်းစဉ်တွင်းပါဝင်၍ ငြိမ်းချမ်းရေးစားပွဲဝိုင်းပေါ်တွင် ပြဿနာဖြေရှင်းရန်အတွက် ပြင်ဆင်လုံးပမ်းနေချိန်တွင်ပေါ်ပေါက်လာခြင်းဖြစ်သည်။ သို့ဖြစ်ရာ လက်နက်ကိုင် ပုန်ကန်ထကြွမှုနှင့် လူထုအုံကြွမှုတို့သည် ဟန်ချက်ညီမဖြစ်နိုင်ခဲ့ပေ။ မည်သို့ဆိုစေ လက်တွေ့တည်ရှိနေသည် ပကတိအခြေအနေများပေါ်တွင် မျက်မှောက်ပြုရန် လိုအပ် ပါသည်။ မတူညီသော သဘောသဘာဝတို့ကို နားလည်နိုင်ရန် လိုပါသည်။

၆။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပတ်သက်ပြီးလေ့လာသုံးသပ်ပါက အဆိုပါ တိုင်းရင်းသားတို့၏ သမိုင်း၊ ယဉ်ကျေးမှု၊ ဘာသာရေး၊စီးပွါးရေး၊ လူမှုရေး စသည့်ကိုယ်ပိုင်လက္ခဏာ ထူးခြားမှုများကို လေ့လာရန်လိုအပ်သည်။ ထို့ပြင် ၎င်းတို့၏လက်နက်ကိုင်ပုန်ကန်မှုများနှင့်ပတ်သက်သည့် သမိုင်းကြောင်း၊ လက်ရှိ အဖွဲ့အစည်း၏ ဘဏ္ဍာရေးအခြေအနေ၊ လူသူလက်နက် အင်အားနှင့် အလားအလာ ၊ အဖွဲ့တခုချင်းစီနှင့် တဖွဲ့နှင့်တဖွဲ့ ဆက်စပ်နေသည့် မြေအနေအထား၊ အဖွဲ့အစည်း၏ ခေါင်းဆောင်မှုနှင့် စည်းရုံးဖွဲ့စည်းမှုအခြေအနေ၊ ပြီးခဲ့သော ဆယ်နှစ် အတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပါဝင်မှု၊ သူတို့၏ နိုင်ငံရေးရည်ရွယ်ချက်နှင့် လက်ရှိအခြေအနေတို့ကို ထည့်သွင်းစဉ်းစားသုံးသပ်ရန်လိုသည်။ တိုင်းရင်းသား

လက်နက်ကိုင်တဖွဲ့ချင်း၏ ထူးခြားချက်နှင့် တဖွဲ့နှင့်တဖွဲ့ကြား မတူသည့်ခြားနား ချက်များကို နားလည်သဘောပေါက်ရန်လိုသည်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ဆိုသည်နှင့် တပြေးညီမဟုတ်သည်ကို နားလည်ရန်လိုအပ်သည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအား ကြည့်မြင်ရာတွင် ပကတိလက်တွေ့အခြေအနေကို မျက်မှောက်မပြုဘဲ မိမိဆန္ဒ၊ မိမိလိုဘ၊ မိမိဖြစ်စေချင်သည့်ရည်ရွယ်ချက်အပေါ်မှ ကြည့်မြင်ပါက မှန်ကန်စွာ ကြည့်မြင်နိုင်မည်မဟုတ်ပေ။

၇။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် အနည်းဆုံး ၁၀ နှစ်ကျော်မှ အနှစ် ၇၀ ကျော်ထိ လက်နက်ကိုင်တိုက်ပွဲအတွေ့အကြုံရှိခဲ့ကြသူများဖြစ်သည်။ အနိမ့်အမြင့် အတက်အကျ များစွာ ကြုံတွေ့ခဲ့ဘူးသူများဖြစ်သည်။ နိုင်ငံရေး အပြောင်းအလဲများစွာ ကြုံတွေ့ခဲ့ဘူးကြသူများဖြစ်သည်။ မည်သည့်အချိန် ဆွေးနွေး ပွဲ စကားဝိုင်းသွားမည်၊ မည်သည့်အချိန် စစ်မြေပြင်သွားရမည်ဆိုသည့် အတွေ့အကြုံ ရှိသူများဖြစ်သည်။ သူတို့သည် စာတွေ့ထက် လက်တွေ့အတွေ့ အကြုံများစွာ ရှိသူ များဖြစ်သည်။ မြန်မာပြည်လက်တွေ့ပြဿနာဖြေရှင်းရန် ဆီးရီးယား၊ ဘောစနီးယား တို့ထက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏အတွေ့အကြုံများက ပို၍ အရေးပါ လိမ့် မည်ဟုသုံးသပ်ရပါသည်။

၈။ တိုင်းရင်းသားလူမျိုးလက်နက်ကိုင်တပ်ဖွဲ့များဆိုသည်မှာ ၎င်းတို့၏ တိုင်းရင်းသားလူမျိုး၊ တိုင်းရင်းသားဒေသ၊ ပြည်နယ်၏ အခွင့်အရေး၊ ရပိုင်ခွင့်၊ အကျိုးစီးပွါး ကိုရှေ့ရှုသည့် နိုင်ငံရေးရည်ရွယ်ချက်များအပေါ် အခြေပြု၍ တည် ဆောက်ထား ခြင်းဖြစ်သည်ကို သဘောပေါက်ရန် လိုအပ်ပါသည်။

၉။ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏သမိုင်းကြောင်းသည်ရှည်လျား သည်။ စစ်ပွဲများစွာနှင့် အနာတရများစွာ၊ နာကျင်မှုများစွာ၊ နာကျည်း ချက်များစွာရှိသည်။ အလွယ်တကူ အပေါ် ယံ ကောက်ချက်ချ ရန်မဖြစ်နိုင်ပါ။ စနစ် တကျလေ့လာမှု၊ ကိုယ်ချင်းစာ နားလည်ပေးမှုများစွာ လိုအပ်ပါသည်။